
www.burmeseclassic.com
မေဟလဲဦး
ချစ်သူ့ရဲ့အိမ်
သိန်းနွေကြည်
2008
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၅၄၃၁
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၀၉၀၀၁

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ မတ်
အုပ်ရေ ၅၀၀

အဖုံးပန်းချီ
သိန်းရွှေကြည်၊ Sun

ထုတ်ဝေသူ
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး ၁၀၀ ကျပ်

ကွန်ပျူတာ
Dream City



BURMESE CLASSIC

# ချစ်သူရဲ့အိမ်

## မေပုလဲဦး

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

လူသားတိုင်းအတွက် အေးဆေး
လုံခြုံတဲ့နေရာဟာ 'အိမ်' ပါ...
'အိမ်' တွေထဲမှာ လိုချင်တောင့်တရာ
အကောင်းဆုံးကတော့ ချစ်သူရှိနေတဲ့အိမ်...
ချစ်သူရဲ့ အိမ်... ပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ထိပ်ရေ"

"ရှင် ဘွားဘွား"

"ဒီမှာ မောင်အရက် ရောက်နေပြီ"

"ဟုတ်ကဲ့"

ဘွားဘွားကို အလိုက်သင့် 'ဟုတ်ကဲ့' လို့လှပ်လိုက်ရပေမယ့် 'ထိပ်'ရဲ့ မျက်နှာလှလှလေးကတော့ စက္ကူတစ်ရွက်ကို ချေမွဆုပ်နယ်ပစ်လိုက်သလိုကို ရှုံ့မဲ့သွားရတော့တာ။

ထိပ်က ဆံပင်ရှည်ရှည်တွေကို ဖြစ်သလို စုချည်ပြီး လင်းဘက်ခ်အိတ်ကို ကောက်လွယ်လို့ အခန်းထဲမှ ထွက်လာခဲ့ရသည်။

စိတ်ညစ်လိုက်တာနော်...

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...ပုံစံက ဘယ်လိုမျိုးလဲ"

ထိပ်တို့တွေ့လိုက်တာနဲ့ ဘွားဘွားက ဆူပါတော့သည်။ ဘွားဘွားဆူချင်လည်း ဆူစရာပါပဲ၊ 'ထိပ်' လုပ်ထားတဲ့ ပုံစံကိုလည်း ကြည့်ပါဦး။

ဘွားဘွားရဲ့ ချိတ်ထဘီနဲ့ ရင်ဖုံးအင်္ကျီပွပွကြီးကို ဝတ်ထားတာလေ။

"ဘွားဘွားလူက မြန်မာဆန်ဆန် ဝတ်လာပါဆိုလို့ ဝတ်ရတာ ဘွားဘွားရေ၊ 'ထိပ်'ဆီမှာ မြန်မာဆန်ဆန် အဝတ်တွေမရှိတော့ ဘွားဘွားပဲဟာတွေ ယူဝတ်ရတာပေါ့"

'ထိပ်'တွေးထားတာက ဘွားဘွားက ထိပ်ကို အဝတ် ပြန်လဲခိုင်းလိမ့်မည်။ ဒီတော့မှ ထိပ်က အဝတ်ကို အကြာကြီး လဲပြီးတော့သွားရမည့် မွေးနေ့ပွဲကို မသွားဖြစ်အောင် လုပ် ပစ်မည်လို့ စိတ်ကူးထားတာပါ။

အခုတော့ ဘွားဘွားက ထိပ်ကို လှည့်ပတ်ကြည့်ပြီး ပြောသည်။

"အံမယ် ဒီလိုဝတ်တော့လဲ ဘွားဘွားမြေးက လှသား ဟဲ့၊ လာထိုင် ဆံပင်ရှည်တွေကို တစ်ပတ်လျှိုထုံးလိုက်မယ်။ ဟဲ့ ကဏေးမတစ်ယောက် ကတ်တလီယာ အဖြူရောင်နှစ်





ပွင့် သွားခူးခဲ့စမ်းကွယ်"

"ဟုတ်ကဲ့ ဘွားဘွား"

ဘုရားရေ...

'ထိပ်'က ငိုရမလိုရယ်ရမလို ဖြစ်သွားရပါတော့သည်။

ဘွားဘွားက အတင်းပဲထိုင်ခိုင်းပြီး တစ်ပတ်လျှိုဆံထုံး ထုံးပေးလိုက်သည်။ ပြီးတော့ ကတ်တလီယာနှစ်ပွင့်ကို ပန် ပေးလိုက်သေးသည်။ ဘွားဘွားပြင်တာ မြန်မာဆန်လွန်းလှပါ သည်။

"ထိပ်ကတော့လေ ဘာပဲဝတ်ဝတ် လှနေတော့တာပဲ၊ မောင်အာရဏ် အဘွားရဲ့မွေးနေ့ဆိုတော့ ဒီလိုဝတ်သွားတာ အသင့်လျော်ဆုံးပဲ အဟင်း... ဟင်း..."

"ဘာမှမတတ်နိုင်တော့ပါ။

ဘွားဘွား ခေါ်လာတဲ့နောက်ကိုပဲ လိုက်လာခဲ့ရပါတော့ သည်။

ဧည့်ခန်းထဲမှာတော့ အာရဏ်ဆိုတဲ့ မုန်းစရာလူကြီး က သတင်းစာထိုင်ဖတ်ပြီး ထိပ်ကိုစောင့်နေတာပါ။

တကယ့်ကို မုန်းစရာလူကြီးပါပဲ။ ဘွားဘွားကလည်း ဘယ်လိုဖြစ်ပြီးတော့များ ထိပ်ကို အဲဒီလူကြီးနဲ့ ပေးစားချင်



www.burmeseclassic.com

www.burmeseclassic.com



နေရတာလည်း မသိပါဘူး၊ 'ထိပ်'ထက် ဆယ်နှစ်လောက်လည်း ကြီးသေးမျက်နှာကြီးကလည်း တစ်လောကလုံးကို သူတစ်ယောက်တည်း လုပ်ကျွေးထားရတဲ့ မျက်နှာထားမျိုးနဲ့ တည်တင်းနေတာပါ။

နှုတ်ခမ်းတွေက အမြဲတင်းတင်းစေ့ပြီး ဟက်ဟက်ပက်ပက်တောင် ရယ်မောဖူးတဲ့ ပုံစံမရှိတဲ့လူကြီး။

ရုပ်ကတော့ ချောချင်ပါရဲ့၊ ဒါပေမယ့် အေးစက်စက်မျက်လုံးတွေ၊ တင်းတင်းစေ့ထားတဲ့နှုတ်ခမ်းတွေ ခပ်ယောင်ယောင် တွန့်ထားတဲ့ မျက်ခုံးတွေကြောင့် လှချင်ချောချင်တာတွေ ပျက်နေရတာပါ။

"မောင်အာရုဏ် စောင့်နေရတာ အားနာစရာကွယ်"

"ရပါတယ် ဘွားဘွား၊ အချိန်ရှိပါသေးတယ်"

ဘွားဘွားကိုပြောရင်းနဲ့ အဲဒီလူကြီးက 'ထိပ်'ကို မော့ကြည့်ပါသည်။ ပြီးတော့ ဘာမှမထူးခြားသလို မျက်နှာပြန်လွှဲသွားတာမို့ ရင်ထဲမှာ မကျေမနပ် ဖြစ်သွားရတော့တာ။

"ကဲ... ကဲ... သွားကြတော့"

"ဟုတ်ကဲ့ ဘွားဘွား၊ အပြန်မှာ ရွှေတိဂုံဘုရား ခဏဝင်ဖူးခွင့်ပြုပါ ခင်ဗျာ"





"အို... ခွင့်ပြုပါတယ်ကွယ်"

"အိမ်ပြန်နောက်ကျရင် ဘွားဘွား စိတ်ပူနေမှာစိုးလို့ပါ"

"မောင်အာရုဏ်နဲ့ သွားတာကို စိတ်ပူစရာလားကွယ် အဟင်း... ဟင်း..."

ဘွားဘွားနဲ့ ပြောနေတာကို နားထောင်ပြီး ထိပ်ရင်ထဲမှာ ဒေါသတွေ အလိပ်လိုက်ထွက်လာရတော့သည်။

ကြည့်ပါဦး... ထိပ်က ဒီအဝတ်အစားကြီးနဲ့ ရွှေတိဂုံဘုရားကို သွားရဦးမှာလား၊ သူ့ဝတ်ထားတာက ပုဆိုးနဲ့ ရှပ်အင်္ကျီလက်ရှည်နဲ့ 'ထိပ်' ဝတ်ထားတာက လွန်ခဲ့တဲ့ နှစ်ငါးဆယ်လောက်က အပြင်အဆင်နဲ့ လူတွေဘယ်လောက်များ ဝိုင်းကြည့်လိုက်မလဲနော်...

ဒါ... ထိပ်ကို တမင်ညစ်ပတ်တာ မဟုတ်ရင် ဘာဖြစ်ဦးမှာတဲ့လဲ၊ ဒီလူကြီးက ထိပ်ကို အမြဲတမ်း ပညာရှိနည်းနဲ့ နှိပ်စက်နေတာပါ။

'ထိပ်'သိတာပေါ့၊ ဘွားဘွားကလည်း ဘာကို သဘောကျလို့များ ထိပ်နဲ့ပေးစားချင်နေရတာလည်း မသိပါဘူး။

အဲဒီလူကြီးက ချမ်းသာလို့ ပြောရင်လည်း 'ထိပ်'တို့



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ရွှေမှဲ့သာလို့လား၊ ထိပ်ရဲ့ဘွားဘွား ဘယ်လောက် ချမ်းသာတယ်ဆိုတာ ထိပ် အသေအချာမသိတောင် ခန့်မှန်းလို့ ရနေတာပါ။

ထိပ်က ဘွားဘွားရဲ့ မြေးဆိုပေမယ့် သမီးလိုမျိုးဖြစ်နေတာလေ၊ အိမ်မှာ ထိပ်က သော့ကိုင်ဆိုတော့ ဘွားဘွားရဲ့ပိုင်ဆိုင်မှု အတော်များများကို သိနေပါသည်။

ဘွားဘွားနဲ့ ဘိုးဘိုးမှာ အတွင်းပစ္စည်း ပိုင်ဆိုင်မှုမနည်းပါ။ လက်ရှိထိပ်တို့ နေနေတဲ့အိမ်ကြီးရဲ့ တည်နေရာကလည်း ရန်ကုန်မြို့ရဲ့ ထိပ်တန်းသူဌေး ရပ်ကွက်နေရာမှာ ဖြစ်သလို အိမ်ကြီးကလည်း နန်းတော်ကြီးတမျှ ခမ်းနားထည်ဝါလွန်းလှပါသည်။

အိမ်သားရှိတာက ဘွားဘွားနဲ့ ဘိုးဘိုးရယ်၊ ထိပ်ရယ် သုံးယောက်တည်း ရှိပေမယ့် အလုပ်သမားကတော့ ခြောက်ယောက်ရှိပါသည်။

အိမ်ဖော်က သုံးယောက်၊ ခြံကြီးကို ထိန်းသိမ်းတာနဲ့ လုံခြုံရေး တာဝန်ယူတာက နှစ်ယောက်၊ ဘဏ္ဍာစိုးက တစ်ယောက် အားလုံးခြောက်ယောက်ရှိသည်။

ဒါက ထိပ်တို့နဲ့ အတူတူနေကြတဲ့ အလုပ်သားတွေ





ပါ။ မနက်လာပြီး ညပြန်တဲ့ ဒရိုင်ဘာတစ်ယောက်လည်း ရှိပါသေးသည်။

အလုပ်သမား အားလုံးကို ကောင်းကောင်းပေး၊ ကောင်းကောင်းကျွေးပြီး ခိမ်ကျကျနေနိုင်တာ ဘယ်လောက် ချမ်းသာထားသလဲနော်...

ဒါကိုကြည့်ရင်း ထိပ်ကို 'အာရဏ်' ဆိုတဲ့ လူကြီးနဲ့ ပေးစားချင်တာဟာ ဒီလူကြီး ချမ်းသာတာကြောင့် မဟုတ်နိုင်ဘူးပေါ့၊ ဒါဆို ဘာအတွက်ကြောင့်များ ရှိသေးလို့လဲ၊ ဘွားဘွားကလည်း မပြောပါ။

"ဘွားဘွားတို့ မျက်စိမမှိတ်ခင်မှာ မြေးလေးအတွက် စိတ်ချချင်တယ်ကွယ်၊ သင့်တော်တဲ့သူနဲ့ အိမ်ထောင်ပြုလိုက်တာဟာ မြေးဘဝအတွက်လဲ ကောင်းသလို ဘွားတို့လဲ အသေဖြောင့်နိုင်လိမ့်မယ်"လို့ ဘွားဘွားက ပြောတော့ ထိပ်မှာ ဝမ်းနည်းလွန်းလို့ ငိုလိုက်ရတာလေ။

ဘွားဘွားနဲ့ ဘိုးဘိုး သေမယ်ဆိုတာကို စကားလေးနဲ့တောင်မှ ကြားလို့မရအောင် ထိပ်က ကြောက်လန့်တာပါ။

'ထိပ်'ဆီမှာက မိဘတွေမှ မရှိတော့တာလေ၊ ထိပ်မေမေက ဘွားဘွားနဲ့ ဘိုးဘိုးရဲ့ တစ်ဦးတည်းသော သမီးပါ။



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ဖေဖေ လက်ထပ်ပြီးတော့ 'ထိပ်' ကိုမွေးခဲ့သည်။ 'ထိပ်' သုံးလ သမီးအရွယ်မှာပဲ ဖေဖေနဲ့မေမေက ကားမှောက်လို့ ဆုံးသွားခဲ့ကြတာပါ။ 'ထိပ်' သုံးလအရွယ်ကတည်းက ဘွားဘွားနဲ့ နေခဲ့ရတာဖြစ်သည်။

ဒါကြောင့် ဘိုးဘိုးနဲ့ ဘွားဘွားက 'ထိပ်'ရဲ့ အဘိုးအဘွားဖြစ်သလို မိဘဆိုရင်လည်း မမှားပါ။ 'မေထိပ်ခေါင်' ဆိုတဲ့ ထိပ်ရဲ့နာမည်ကိုလည်း ဘွားဘွားတို့ကပဲ ပေးခဲ့တာဖြစ်သည်။

အဘိုးအဘွားရဲ့ ဖူးဖူးမှုတ် အလိုလိုက်တာကို ခံထားရတဲ့အတွက် 'ထိပ်'ကလည်း ခပ်ဆိုးဆိုးလေးပါ။

ဒါကြောင့်ပဲ ဘွားဘွားတို့က ထိပ်ကို စိတ်မချတာဖြစ်ပါလိမ့်မည်။ ထိပ်က တခြားလူတွေနဲ့သာ ဆိုးချင်ဆိုးမည်။ ဘိုးဘိုးနဲ့ ဘွားဘွားရဲ့စကားကိုတော့ အမြဲတမ်း နားထောင်တတ်သူလေး ဖြစ်ပါသည်။

ဘွားဘွားနဲ့ ဘိုးဘိုး စိတ်ဆင်းရဲမှာ မျက်နှာညိုမှာကို ထိပ်က သေမလောက်ကြောက်တတ်တာပါ။ ဒါကြောင့် အခုလို ဦးအာရုဏ်နဲ့ သဘောတူ စေ့စပ်တဲ့ကိစ္စကို ဘိုးဘိုးနဲ့ ဘွားဘွားကလုပ်တော့ ထိပ်က မကျေမနပ်ပေမယ့် မငြင်း



မဆန် ခေါင်းညိတ်ပေးခဲ့တာပါ။

"သွားစို့ မေထိပ်ခေါင်"

ဦးအာရုဏ်ရဲ့အသံကို ကြားလိုက်ရတော့မှာပဲ 'ထိပ်'ရဲ့အတွေးလေးတွေ လွင့်ထွက်သွားရာကနေပြီး ရပ်တန့်သွားရတော့တာ။

"ဘွားဘွား ထိပ်သွားတော့မယ်နော်"

"အေး... အေး... ကောင်းကောင်းသွားနော် မြေး"

"ဟုတ်"

"သွားမယ်နော် ဘွားဘွား၊ နည်းနည်းနောက်ကျရင် စိတ်မပူနဲ့နော်"

"အေးကွယ်၊ စိတ်မပူပါဘူး သားရယ်"

ဦးအာရုဏ်က ရှေ့ကနေဦးဆောင်ပြီး ထွက်သွားတော့ ထိပ်က စူပွပွနဲ့ပဲ နောက်ကနေ လိုက်သွားရပါတော့သည်။

အဲဒီလူကြီးကို မုန်းလိုက်တာနော်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဦးအာရုဏ်က ကားမောင်းသူနေရာမှာ ဝင်ထိုင်လိုက်တာနဲ့ 'ထိပ်'က ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ပြီးဝင်ထိုင်ဖို့ ပြင်ဆင်လိုက်တော့တာ။

"ဟိတ်... ရှေ့ခန်းမှာ လာထိုင်လေကွာ"

"မထိုင်ချင်ဘူး"

"မရဘူး လာထိုင်၊ ငါကကားမောင်းပြီး မင်းကနောက်ခန်းမှာထိုင်တော့၊ ငါ့ကို ဒရိုင်ဘာဆိုတဲ့ သဘောလား၊ မရဘူးနော်၊ ဘွားဘွားနဲ့တိုင်ပြောရမလား"

ဘွားဘွားနဲ့ တိုင်လိုက်ရင် မပြီးနိုင်အောင် ဆုံးမစာတွေ ရွတ်ပြနေဦးမှာပါ။ ဒါဆို ဘွားဘွားလည်း စိတ်ညစ်ရမည်။ ထိပ်လည်း စိတ်ညစ်ရမည်။





အိမ်ကမထွက်ရသေးဘဲ အတိုက်အခံတွေ ထိပ်တိုက်တွေ့ရတာတွေ မလုပ်ချင်။ ဒါကြောင့်ပဲ 'ထိပ်'က မျက်နှာလှလှလေးကို ရှစ်ခေါက်ချိုး ရှုပုပ်တည်တင်းထားပြီး ကားရှေ့ခန်းမှာပဲ ဝင်ထိုင်လိုက်ရပါတော့သည်။

ရှုပုပ်ထားတာတောင် အလှကြီးလှနေတဲ့ 'ထိပ်'ကို ကြည့်ပြီး 'အာရုဏ်'က ရင်ထဲမှာ နွေးခနဲအေးခနဲ ဖြစ်နေရတော့တာ။ သူမလေးကို သူကငုံထားချင်လောက်အောင်ကို ချစ်မိတာပါ။

ချစ်လွန်းလို့လည်း အတင်းကြီးပဲ လူကြီးတွေကိုပူဆာပြီး လက်ထပ်ခွင့်ရဖို့ ကြိုးစားနေရတာဖြစ်သည်။ အခု ဆိုရင် သူနဲ့သူမလေးက စေ့စပ်ပြီးတဲ့အဆင့်ကို ရောက်နေပါပြီ။

ပြောရရင်တော့ ရယ်စရာကောင်းပါသည်။ သူနဲ့ထိပ်တာ သတင်းစာတွေထဲမှာ စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်း ကြော်ငြာတွေ ထည့်ပြီးတော့ လူသိရှင်ကြားသာ စေ့စပ်ထားပေမယ့် တကယ်တမ်း လူခြင်းကတော့ လုံးဝကို ရင်းနှီးနီးစပ်မှု မရှိသေးပါ။

သူမလေးကို နမ်းရှိုက်ဖူးဖို့ မဆိုထားပါနဲ့၊ လက်ကလေးလောက်တောင် ထိကိုင်ခဲ့ဖူးခြင်းမရှိခဲ့တာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာတော့ သူမလေးကို ချစ်ပစ်လိုက်ချင်လို့ စိတ်ကူးတွေ ယဥ်နေမိတာပဲ အကြိမ်ကြိမ်ပါ။

သူ့စိတ်ကူးတွေကို လက်တွေ့အကောင်အထည် မဖော်နိုင်သေးတာကပဲ အသည်းယားစရာ ဖြစ်နေရတော့တာ။ သူက လူကြီးလည်းဖြစ်ပြန်၊ အမြဲတမ်း တည့်တည့်တံ့တံ့လည်း နေတတ်သူ ဖြစ်နေတော့ ချစ်သူလေးကို ချစ်နေတာတောင် ထုတ်ဖော်ပြောရမယ့် အရေးက အတော်ပဲခက်နေတာပါ။

အစကတည်းက ကိုယ်အချင်းချင်း ရင်းနှီးအောင် ဝင်မလုံးခဲမိဘဲ လူကြီးတွေကို အပြည့်အဝ အားကိုးခဲ့တဲ့အတွက် 'ထိပ်'ကလည်း သူ့ကို မုန်းတီးနေတဲ့ပုံစံပါ။

အခုလည်း ကားရှေ့ခန်းမှာသာ ထိုင်လိုက်လာပေမယ့် 'ထိပ်'ရဲ့ မျက်နှာလေးက သူ့နဲ့ဆန့်ကျင်ရာကို ပြောင်ပြောင်တင်းတင်းပဲ လှည့်ထားပါသည်။

"မင်းပုံစံကြီးကလဲ တုံးလိုက်တာကွာ"

"ဘာရှင်"

သူက တမင်တကာပဲ ချစ်သူလေးကို စိတ်ဆိုးအောင် စလိုက်တာပါ။ တကယ်လည်း သူမလေးက မိုးချုန်းသံလို ကျယ်ကျယ်လောင်လောင် အသံနဲ့ စိတ်ဆိုးမာန်ဆိုး သူ့ကို





တုံ့ပြန်ပါသည်။

စိတ်ဆိုးအောင် စ,ချင်သည်။ တကယ် စိတ်ဆိုးတော့ အရှိန်ပိုရအောင် သူက ဆွပေးလိုက်ပြန်သည်။

"မင်းကိုယ်မင်း မှန်မကြည့်ခဲ့ဘူးလားကွာ၊ တကယ်ဆို ကိုယ့်ကိုယ်ကို သိဖို့ကောင်းတာပေါ့"

"ခင်ဗျားကြီးပဲ မြန်မာဆန်ဆန် ဝတ်ခဲ့ပါဆို"

"ကိုယ်ပြောတဲ့ မြန်မာဆန်ဆန်ဆိုတာက ထဘီနဲ့ မိန်းကလေးတွေဝတ်တဲ့ အင်္ကျီလောက်ကိုပဲ ပြောတာကွ၊ ဟိုနေ့က အလှူကိုသွားတာ မင်းက ဂျင်းဘောင်းဘီနဲ့ တီရှပ်နဲ့ ဝတ်ချလာတော့ ကိုယ်မှာသိက္ခာကျရတယ်"

"ဘာ"

တအားပဲ ဆောင့်အော်ပစ်လိုက်တာမို့ 'ထိပ်'ရဲ့ အသံတွေက အက်ကွဲကွဲ ပြာနောက်နောက်တောင် ဖြစ်သွားရတော့တာ။

ကြည့်ပါဦး... ဒီလူကြီး လူပါးဝနေလိုက်တာ။ ထိပ်ကြောင့်ပဲ သူက သိက္ခာကျရသတဲ့။ ဒါက ဘာစကားလဲ... ထိပ်ဘာလုပ်လုပ် သူ့နဲ့ အဝေးကြီးပါနော်၊ မဆီမဆိုင် ထိပ်ဘာသာ ဂျင်းဘောင်းဘီနဲ့ တီရှပ်ဝတ်တာပဲ သူက သိက္ခာကျ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတော့ ဒီစကားကို ဘယ်လိုလုပ်ပြီး သည်းခံနိုင်တော့မှာတဲ့လဲ၊ ဒါကြောင့်ပဲ ထိပ်က အသံကုန်ဆောင့် အော်ပစ်လိုက်တာပါ။

"ဟော့... ဖြည်းဖြည်း သက်သာအော်၊ ကိုယ့်နားစည်တွေ ကွဲထွက်ကုန်မယ်"

"ကွဲကွဲ မကွဲကွဲအော်မှာပဲ အော်မှာပဲ၊ ထိပ်နဲ့ခင်ဗျား နဲ့ ဘာဆိုင်လို့ မဆီမဆိုင် ခင်ဗျားက သိက္ခာတွေဝင်ကျနေ ရတာလဲ"

"ကိုယ်နဲ့မင်းက မကြာခင်မှာ အတူစားအတူနေ အတူ အိပ်ရတော့မှာလေ အမိလေးရဲ့၊ ဘယ်နှယ့် လင်မယားလောင်း တွေကို ဘာမှမဆိုင်ပါဘူးလို့ ပြောလို့ရမလား"

"ခင်ဗျားကြီးနော်၊ စုတ်စုတ်ပွဲ့ပွဲ့တွေ မပြောနဲ့"

ရှက်ဒေါသနဲ့ ထိပ်က အော်ပစ်လိုက်ပြန်သည်။ ဒီလို ပါပဲ ဒီလူကြီးနဲ့တွေ့တိုင်း ထိပ်မှာ ဒေါသမထွက်ရတာ စိတ် အနှောင့်အယှက် မဖြစ်ရတာ လုံးဝကိုမရှိခဲ့ပါ။

ဒီလူကြီးနဲ့ လက်ထပ်ပြီး အတူတူသာ နေရရင်တော့ ထိပ်လည်း အသက်တိုရမှာ သေချာပါသည်။

အလကားလူကြီး...





မိန်းကလေးတစ်ယောက်ကို နိုင်ထက်စီးနင်း စကား တွေ ပါးစပ်အရသာခံ ပြောတတ်တဲ့လူကြီး...

အင်မတန် ရိုင်းစိုင်းမောက်မာတဲ့ လူကြီး...

ထိပ်က စိတ်ထဲကနေ အဲဒီလူကြီးကို ပက်ပက်စက် က် စွပ်စွဲနေမိပါတော့သည်။

"နေပါဦး၊ ကိုယ်ပြောတဲ့ စကားထဲမှာ စုတ်ပွဲတာတွေပါ သွားလို့လား၊ ပါရင် ပြောပြစမ်းပါဗျာ၊ အဟွန်း... ဟွန်း"

ဆို... မှန်းလိုက်တာ

ကားတံခါးဖွင့်ပြီး ကားပေါ်ကနေတောင် ခုန်ချပစ်လိုက် င်တာပါ။ သေရမှာကြောက်လို့သာပေါ့ ဟွန်း...

ဘွားဘွားနဲ့ဘိုးဘိုးက ဒီလူကြီးရဲ့လက်ထဲကိုများ ထိပ်ကို တ်ချလက်ချ အပ်ထားခဲ့မလို့တဲ့လေ၊ သေချာပါတယ် အဘိုး ဘွားတွေ မသေခင်မှာပဲ ထိပ်ပဲ အရင်သေရမှာပါ။

"အဟင့်... ဟင့်... ဟင့်"

တွေးရင်းတွေးရင်းနဲ့ စိတ်မထိန်းနိုင်တော့ဘဲ ထိပ်က တ်ကြီးတငင် ငိုချပစ်လိုက်မိပါတော့သည်။

"ဟောဗျာ"

ဒေါသထွက်နေတဲ့ ချစ်သူလေးရဲ့ မျက်နှာနီနီလေးကို



www.burmeseclassic.com

www.burmeseclassic.com



သဘောကျလွန်းပြီး သူက ကျီစယ်တာလွန်သွားတာမို့ သူမလေးက ရှိုက်ကြီးတငင် ငိုချတော့တာ။

ဒီတော့လည်း ရည်းစားမထားဖူးသလို မိန်းကလေးတွေနဲ့လည်း မနီးစပ်တဲ့ 'အာရုဏ်'က သူမလေးကို ဘယ်လိုချော့မော့ရမှန်းမသိဘဲ ကားကိုလမ်းနံဘေးမှာ ထိုးရပ်လိုက်ရမိပါတော့သည်။

"ဟာ... ဟော့... မငိုနဲ့လေ၊ မင်းကို ဘယ်သူကဘာလုပ်လို့ ငိုနေရတာလဲ တိတ်တိတ်"

သူ့ချော့တာကို သူမလေးက လုံးဝအရေးမလုပ်ဘဲ ဆက်ငိုနေတော့တာ။

"ဟိတ်... မငိုပါနဲ့ ကိုယ့်အဘွားနဲ့ မင်းကိုတွေ့ပေးမှာလေကွာ၊ မျက်ရည်တွေနဲ့ဆို ဘယ်ကောင်းပါ့မလဲ၊ တိတ်တိတ်လိုက်နော်"

ချော့မှာပဲ ပိုငိုနေတာမို့ သူက ဘာဆက်ပြောရမှန်းမသိတော့ဘဲ ဖြစ်သွားရသည်။

"ဒီမှာ ထိပ်... ထိပ် ခင်ဗျားကြီးကို မုန်းတယ် ကျေးဇူးပြုပြီး ထိပ်နဲ့စေ့စပ်ထားတာကို ဖျက်သိမ်းပေးပါ ခင်ဗျားဘက်က မဖျက်သိမ်းပေးရင် ထိပ်... ထိပ် ကိုယ့်ကိုယ်





သတ်သေပစ်မယ် သိလား"

ဟင်...

မထင်မှတ်တဲ့ စကားကြောင့် သူက ငေးကြောင်သွားရပါတော့သည်။

သူ့ကိုကြည့်နေတဲ့ ချစ်သူလေးရဲ့ မျက်ဝန်းတွေက ပူလောင်လွန်းလို့ သူ့ကို မီးတွေလောင်ကျွမ်းသွားမလားတောင် စိုးရိမ်ရတဲ့ အခြေအနေပါ။

ဒီတော့မှ သူက တကယ်ပဲ ခံစားကြေကွဲ သွားရပါတော့သည်။ ချစ်သူလေးက သူ့ကို တကယ်မုန်းတီးနေတာပဲ။

သူ့ရင်ထဲက အချစ်တွေကို ခုမှပြောပြလို့ရော သူမလေးက ယုံကြည်ပါ့မလား... အမုန်းတွေကို ပြန်ရုပ်သိမ်းနိုင်ပါ့မလား... မထူးခြားတဲ့ အခြေအနေဆိုရင် မပြောတာကမှပဲ ကောင်းပါဦးမည်။

သူ့ကိုမုန်းနေရာကနေ အမုန်းဆုံးဖြစ်သွားတဲ့အထိပဲ စောင့်ကြည့်နေလိုက်ပါမည်။ အမုန်းတွေဆုံးသွားရင် အချစ်တွေဖြစ်လာမှာပဲ မဟုတ်လား၊ ဒါကြောင့်ပဲ သူက ခပ်တည်တည်နဲ့ ပြောလိုက်ပါတော့သည်။

"မင်း သေချင်တယ်ဆိုရင်လဲ သေသာသေလိုက်လေ ထိပ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ရေ၊ ပြောရရင် ငါက ပိုတောင်သေချင်သေးတယ်၊ ဒါပေမဲ့ မသေရဲလို့ဗျာ"

သူမလေးက သူ့ကို မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးလှလှလေးတွေနဲ့ စူးစူးနစ်နစ် ကြည့်နေတော့တာ။

အချစ်ရယ်...

နဂါးမလေးသာဆိုရင် ကိုကိုတော့ ပြာကျသွားတော့မှာပဲဗျာ အဟွန်း... ဟွန်း...

စိတ်ထဲက ပြောလိုက်ပေမယ့် အပြင်ဘက်မှာတော့ သူက မထီတထီပုံစံနဲ့ ပခုံးတွန့်ပြလိုက်ပြီး ကားကိုပြန်မောင်းလာလိုက်ပါတော့သည်။

* * *



## အခန်း(၃)

"အို... မေထိပ်ခေါင်လေးက ချောလိုက်တာကွယ်"

ဘီးတပ်ကုလားထိုင်ပေါ်မှာ ထိုင်နေတဲ့ အဘွားကြီးက ထိပ်လက်ကို ဆုပ်ကိုင်ပြီး ပြောနေတာပါ။

စိတ်အခံကိုက သနားတတ် ငဲ့ညာထောက်ထားတတ်တဲ့ ထိပ်က ဘွားဘွားထက်အများကြီး အသက်ကြီးပြီး လမ်းပါမလျှောက်နိုင်ဘဲ ဖြူဖျော့နေတဲ့ လူမမာပုံစံ အဘွားကိုအရမ်းပဲ သနားသွားရပါတော့သည်။

"ထိုင် သမီးလေး ထိုင်ကွယ်"

"ဟုတ်ကဲ့ ဘွားဘွား"

ထိပ်က ဘွားဘွားနဲ့ အနီးဆုံးထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာတုန်းက ဦးအာရုဏ်ရဲ့ အဘွားကိုတွေ့ရင်တော့ ထိပ်တို့ စိတ်ပျက်သွားအောင် နေပြလိုက်စမ်းမယ် မြေးချွေးမ မတော်ချင်တော့အောင် လုပ်ပစ်လိုက်မယ်လို့ စိတ်ကူးထားတာပါ။ ဒါကြောင့်ပဲ ထိပ်က ထော်လော်ကန့်လန့်တွေ ဝတ်စားလာခဲ့တာပေါ့။

ဦးအာရုဏ်ရဲ့ အဘွားဆိုတာကို ထိပ်က ခုမှမြင်ဖူးတာဖြစ်သည်။ ထိပ်တို့ စေ့စပ်တုန်းက အဘွားက နေမကောင်းလို့ လိုက်မလာခဲ့ပါ။ ထိပ်ရဲ့ဘွားဘွားနဲ့ ဘိုးဘိုးက ဒီအဘွားဆီကို လာကြပေမယ့် ထိပ်ကတော့ လုံးဝမလိုက်ဘဲ နေခဲ့တာပါ။

'ဦးအာရုဏ်' ကခေါ်ရင်လည်း မသိသလိုလို့ မကြားသလိုလို့နေပြီး ရှောင်လွှဲနေခဲ့တာပဲ ဖြစ်ပါသည်။

ဒီနေ့မှ အဘွားရဲ့မွေးနေ့ဆိုပြီး အတင်းကြီးခေါ်လို့ လုံးဝမလိုက်ချင်ပါဘဲ လိုက်လာခဲ့ရတာ။

"ဘွားဘွားမှာ သမီးလေးနဲ့ တွေ့ချင်နေတာမှ အရမ်းပါပဲကွယ်၊ ကိုယ်ကလဲ စိတ်သွားတိုင်း ကိုယ်မပါနိုင်တဲ့ဘဝဆိုတော့ ခက်တာပေါ့"

"အို..."



ထိပ်က စိတ်မကောင်းလည်းဖြစ် အားလည်းအားနာသွားရတော့သည်။

ဦးအာရုဏ်ကတော့ အဘွားရဲ့ အိပ်ရာကို ပြင်ဆင်ပေးနေပြီး စကားဝင်မပြောသလို့ ထိပ်ကိုလည်း မကြည့်ပါ။

"မောင်အာရုဏ်က အဘွားရဲ့တစ်ဦးတည်းသောမြေးပေါ့ကွယ်၊ အဘွားက အရမ်းချစ်သလို သူကလဲ အဘွားအပေါ်မှာ အရမ်းသံယောဇဉ်ကြီးတာကွယ်၊ ဒီမြေးကြောင့်ပဲ ဒုက္ခိတဘဝနဲ့ အဘွားအကြာကြီး နေနေမိတာပါ"

"အို... အဘွားရယ်"

ထိပ်က တကယ်ပဲ ရင်ထဲမှာ ဆို့နင့်သွားရပါတော့သည်။

အစောကတည်းက အဘွားအကြောင်းကို အသေအချာသိထားရင် ဦးအာရုဏ်ကို ဘယ်လောက်ပဲမုန်းမုန်း ထိပ်က အဘွားကိုတော့ လာတွေ့လိုက်မှာပါ။

အခုတော့ အဘွားက ကျန်းမာရေး သိပ်မကောင်းဘူးဆိုတာလောက်ပဲသိတာမို့ ထိပ်က လိုက်မတွေ့ဘဲ တမင်ရှောင်လွှဲနေတာဖြစ်သည်။

ခုမှပဲ စိတ်မကောင်းဘဲ နောင်တရမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိပ်က အရမ်းကြီး ရိုင်းစိုင်းသလိုဖြစ်သွားရပြီ မဟုတ်လား။

"သမီး နေသာသလိုနေနော်၊ အဘွားကို ဘာမှအားမနာနဲ့၊ အဘွားကတော့ သမီးကို တွေ့လိုက်ရတဲ့အတွက် စိတ်ချမ်းသာလွန်းပါပြီကွယ်၊ သမီးလေးကိုတွေ့ရတာ ရင်ထဲမှာ အေးချမ်းလိုက်တာ"

"အဘွား မသြောင်းဘူးလားဟင်၊ တစ်နေ့လုံးထိုင်နေတာပဲလား"

ထိပ်က အဘွားနဲ့ နွေးနွေးထွေးထွေး စကားပြောဖို့ကြိုးစားလိုက်တာပါ။ အနားမှာ ဦးအာရုဏ်ရှိနေတာမို့ စိတ်ထဲမှာ တစ်ခုခုဖြစ်နေရပြန်သည်။

အဲဒီလူကြီးရဲ့ရှေ့မှာ အဘွားနဲ့နွေးနွေးထွေးထွေး နေရမှာကိုပဲ ထိပ်က တစ်မျိုးကြီးဖြစ်နေရတော့တာ။

"ညောင်းတယ်၊ မညောင်းဘူးလို့ တွေးမနေတော့ပါဘူး သမီးရယ်၊ လမ်းမလျှောက်နိုင်မှတော့ ထိုင်နေရုံပဲပေါ့၊ ပိုက်ဆံဘယ်လောက်ပဲ တတ်နိုင်တတ်နိုင် တကယ်တမ်း ခန္ဓာကိုယ်ကြီးက ဖောက်ပြန်လာတော့လဲ ဘာမှမတတ်နိုင်ဘူး သမီးရေ"

"အဘွားကို ဘယ်သူ အဖော်လုပ်ပေးလဲဟင်"





"အဘွားအတွက် နှစ်လဲရှိပါတယ်၊ သမီးနဲ့သားသမက်ကလဲ အလုပ်အားရင် အားသလိုလာနေပေးကြပါတယ်၊ သမီးကိုကိုအာရုဏ်ကလဲ အိမ်မှာနေတဲ့ အချိန်တိုင်း အဘွားအနားမှာ နေပေးပါတယ်ကွယ်"

ဦးအာရုဏ်ကို 'သမီးကိုကို' လို့ အဘွားကပြောလိုက်တော့ ထိပ်မျက်နှာလေးက ရှုံ့မဲ့သွားရတော့တာ။

အဘွားက ထိပ် ဘာဖြစ်သွားတယ်ဆိုတာကို သိပုံမရဘဲ သူ့ဘာသာသူ စကားတွေ ဆက်ပြောနေတော့တာ။

"အဘွားက သားသမီးများများ မမွေးမိဘဲ တစ်ယောက်တည်းမွေးထားမိတော့ သက်ကြီးရွယ်အို အချိန်မှာ အဖော်နည်းတာပေါ့၊ တစ်ခါ သမီးလုပ်တဲ့သူ ကလဲ ရှားရှားပါးပါး မြေးတစ်ယောက်တည်း မွေးပေးပြန်တော့ အဖော်မိုနည်းရတာပေါ့၊ ဒါကြောင့်ပဲ မောင်အာရုဏ်ကိုလဲ အဘွားက သားသမီးများများ မွေးဖို့မှာထားရတယ်ကွယ် အဟင်း... ဟင်း..."

"အို..."

ထိပ်က ရှက်သွေးလေးဖြာပြီး ခေါင်းလေးငုံ့လိုက်မိတော့တာ၊ ဒါကိုတော့ အဘွားကမြင်ပါသည်။

"ရှက်စရာ မဟုတ်ပါဘူး သမီးလေးရယ်၊ သားသမီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အနည်းဆုံး သုံးယောက်လောက်တော်င် မွေးထား မှဖြစ်မှာ လက်ထပ်ပြီးတာနဲ့ ဆက်တိုက်မွေးပစ်လိုက် ကလေး သုံးယောက်ကို တစ်ပြိုင်တည်း ထိန်းသလိုဖြစ်တဲ့အတွက် ပင်ပန်းတယ်လို့တော့ ထင်ရတာပေါ့ သမီးလေးရယ်၊ ကြီး လာလို့ လက်လွှတ်ရတော့လဲ အေးသွားတာပေါ့"

"အို..."

ထိပ်ကရှက်ပြီး ဘာတွေပြောရမှန်းမသိအောင် ဖြစ်သွား ရတော့တာ။

"ဘွား ခဏနားလိုက်ပါလား"

"ဟင်... မနားချင်သေးပါဘူး မြေးရယ်၊ ဒီမှာ သမီး လေးနဲ့ စကားပြောလို့တောင် မဝသေးဘူး"

ဦးအာရုဏ်က တမင်စကားဝင် ဖြတ်တာပဲဖြစ်မှာပါ။

"ညှိုသည်ကို တစ်ခုခုကျွေးပြီး ညှိုခံရဦးမယ်လေ ဘွားရဲ့၊ စကားတွေချည်းပြောပြီး ဘာမှမကျွေးလို့ ဖြစ်မလား ဗျာ၊ အဟွန်း... ဟွန်း..."

"ကျွေးတာတော့ကျွေးရမှာပေါ့ မြေးရဲ့၊ ဒါပေမဲ့ ညှို သည်လို့ ပြောတာကိုတော့ လုံးဝသဘောမကျဘူးကွယ်၊ ဒါ ဘွားရဲ့မြေးမလေး ညှိုသည် မဟုတ်ဘူး"





"ဟုတ်ပါတယ် ဘွားရဲ့"

"မဟုတ်ပါဘူးကွယ်၊ ညှိုသည်လို့ပြောတာ ဘွားမ ကြိုက်ဘူး"

"ဟာ... လွဲကုန်ပြီ၊ ကျွန်တော်ပြောတဲ့ ဟုတ်ပါတယ်ဆို တာက ဘွားပြောသလို ညှိုသည် မဟုတ်ပါဘူးဆိုတာ ဟုတ် ပါတယ်လို့ ပြောတာပါ"

ထိပ်က ရယ်လည်းရယ်ချင် စိတ်လည်းညစ်နေရတော့ တာ။

အဘွားကိုတော့ သနားပြီး မြင်မြင်ချင်းမှာပဲ ချစ်ခင် လို့ သံယောဇဉ် ဖြစ်သွားရတာပါ။ ဒါပေမယ့် ဦးအာရုဏ် ကို မုန်းတာကတော့ လျော့မသွားနိုင်ဘဲ ဖြစ်နေရတော့တာ ပါ။

"ကဲပါ... သမီးလေးကို ခေါ်သွားပြီး စားစရာကျွေး လိုက် ဘွား မေးလိုက်ဦးမယ်"

ခုမှပဲ ထိပ်က အသက်ရှူချောင်သွားရပါတော့သည်။

ဦးအာရုဏ်က ဘွားရဲ့ကိုယ်လေးကို ကြင်ကြင်နာနာ ပွေ့ယူပြီး အိပ်ရာပေါ်တင်ပေးသည်။ ဦးအာရုဏ်ရဲ့ လုပ်ပုံ ကိုင်ပုံကို ပြောပုံဆိုပုံကို ကြည့်လိုက်တာနဲ့ အဘွားကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်တယ်ဆိုတာ ထိပ်က အကဲခတ်လို့ရနေပါသည်။

ဒါဆို အဲဒီလူကြီးပြောတဲ့...

"မင်းကိုတော့ ငါ့အရမ်းကြွေနေတာပဲလို့ အထင်မလွဲပါနဲ့ မေထိပ်ခေါင် မင်းလဲ မင်းအဘွားရဲ့ဆန္ဒကို မလွန်ဆန်နိုင်လို့ ငါ့နဲ့လက်ထပ်ရမှာ ငါ့ကလဲ ငါ့အဘွားကြောင့် လက်ထပ်မှာ အတူတူပဲ" ဆိုတဲ့ စကားက တကယ်ပဲပေါ့။ ဦးအာရုဏ်က ထိပ်ကို လုံးဝမချစ်ဘဲ သူ့အဘွားကြောင့် လက်ထပ်မှာပေါ့လေ။

တွေးရင်းနဲ့ပဲ ထိပ်ရဲ့ရင်ထဲမှာ ဘာမှန်းမသိတဲ့ ဝေဒနာတစ်ခု ဖြစ်လာရတော့တာ။ ထိပ်ကိုယ်ထိပ်တောင် နားမလည်နိုင်အောင်ပါပဲကွယ်။

"လာ... အပြင်ထွက်ရအောင်"

ဦးအာရုဏ် ခေါ်တဲ့နောက်ကို ထိပ်က တိတ်တိတ်လေးပဲ လိုက်လာခဲ့မိပါတော့သည်။

အဘွားက မျက်ဝန်းလေးမှိတ်ပြီး အသက်မှန်မှန်ရှူနေတာမို့ ထိပ်က နှုတ်မဆက်တော့ပါ။

အဘွားရဲ့ အခန်းထဲကနေ ထွက်လာလို့ အပြင်ကို ရောက်တာနဲ့ပဲ ထိပ်ရဲ့နှုးညံ့နေတဲ့ စိတ်တွေကပြန်ပြီး ကြမ်း





တမ်းသွားရတာမို့ ဦးအာရုဏ်ကိုပဲ မကျေမနပ်နဲ့ မျက်စောင်းကြီး ပိတ်ထိုးလိုက်ပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"ဘယ်လိုလဲ မေထိပ်ခေါင်၊ ကိုယ့်အဘွားကို စိတ်ညစ်သွားပြီးလားဗျာ"

အဘွားအိမ်ကအပြန်မှာ သူက တကယ့်စိတ်ရင်းစေတနာနဲ့ မေးလိုက်တာပါ။ အဘွားက သူမလေးရဲ့လက်ကို ဆွဲထားပြီး ပြောချင်တာတွေ တတွတ်တွတ်ပြောခဲ့လို့ အားနာပြီး မေးမိတာဖြစ်သည်။ ဒါကိုပဲ သူမလေးက သူ့ကို ဘုတောပါသည်။

"အဘွားကို စိတ်မညစ်ဘူး၊ ခင်ဗျားကို စိတ်ညစ်တာ"

"ဟောဗျာ... ကိုယ်က ဘာလုပ်မိလို့လဲ"

"ဘာမှလုပ်လုပ် မလုပ်လုပ် စိတ်ညစ်တာက ညစ်တာပဲ။ ခင်ဗျားနဲ့သာ လက်ထပ်ဖြစ်ရင် ထိပ်စောစော သေရမှာပဲ"





အလကားနေရင်း သူ့ကို ဖိပြောနေတာမို့ အာရုဏ်တာ စိတ်ပေါက်ပေါက်နဲ့ တမင်ပဲမေးလိုက်မိတော့တာ။

"ဘာလဲ လက်ထပ်ပြီးရင် ကလေးတွေအများကြီးမွေးေးရမယ်လို့ အဘွားက ပြောလိုက်လို့လား၊ ဒါတော့ စိတ်ပူပါနဲ့ မေထိပ်ခေါင်၊ အဘွား ဘာပဲပြောပြော ကိုယ်စိတ်ါမှ လိုက်နာပါ"

"ဘာရှင်"

"မင်း အရမ်းအရမ်း အော်မနေနဲ့၊ ကိုယ်ကမင်းထက်ယ့်နှစ်ကြီးတယ်၊ ပြီးတော့ အိမ်ထောင်ဦးစီး အလောင်းလျှာနော်"

"တော်စမ်းပါ၊ လျှောက်ပြောမနေနဲ့၊ ဆောက်ဖြစ်မှျောင်းဒကာပါနော်"

"ဟုတ်တယ်၊ အမှန်အတိုင်းပြောရရင် ငါကလဲဆောက်ချင်ပါဘူးကွာ၊ ကျောင်းဒကာလဲ မဖြစ်ချင်ပါဘူး၊ပေမဲ့ အဘွားက အရမ်းပဲတိုက်တွန်းပြီး အရမ်းပဲဖြစ်စေချင်တာ မဟုတ်လား၊ တကယ်လို့သာ မင်းနဲ့ငါ လက်မထပ်ရင် အဘွားသေသွားနိုင်တယ်၊ ဒါကြောင့်ပဲ စိတ်ဘယ်လာက်ပျက်ပျက် ရှေ့တိုးနေရတာပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမာ... လူပါးဝလို့ ထိပ်ကလဲ အဘိုးနဲ့အဘွားကြောင့် ပါနော်၊ မဟုတ်လို့ကတော့ ရှင်လို့လူမျိုးကို လက်ထပ်ဖို့အ ဝေးကြီးပဲသိလား"

စွာတီစွာတာနဲ့ တစ်ခွန်းမှမခံဘဲ ပြန်ပြောနေတဲ့ ကောင် မလေးကို အသည်းယားလာတာမို့ မောင်းနေတဲ့ကားကို လမ်း နံဘေးမှာ ထိုးရပ်လိုက်တော့တာ။

အချိန်ကဆည်းဆာကို လွန်လို့မှောင်ရိပ်တောင် ခင်း ကျင်းနေပါပြီ။ ရွှေတိဂုံဘုရားဆီ ကားကိုဦးတည်ပြီး မောင်း နေတာမို့ သူ့ကားရပ်လိုက်တဲ့ နေရာက တိရစ္ဆာန်ဥယျာဉ် မရောက်ခင် နေရာမှာဖြစ်သည်။ သစ်ပင်ကြီးတွေရှိနေတဲ့ နေရာမို့ အလင်းရောင်တွေ မရှိတော့သလောက်ကို ဖြစ်နေလေ ပြီ။

"ကျွီ..."

"အို... ဘာ... ဘာဖြစ်လို့ ကားရပ်တာလဲ၊ အဲခုဘယ်ကို သွားနေတာလဲ"

သူမလေးက အထိတ်တလန့် ထအော်ပါတော့သည်။

"ကားစက်ပျက်လို့ ရပ်သွားတာလေ၊ ရပ်ချင်လို့ရပ် တယ် မထင်နဲ့"





"ခင်ဗျား မညာနဲ့နော်၊ ကားစက်မပျက်ဘူးဆိုတာ ထိပ်သိတယ်"

"ဒါဆိုရင်လဲ မင်းနဲ့ စာရင်းရှင်းဖို့ ကားရပ်တာပေါ့ ကွာ"

"ဘာရှင့်... ထိပ်နဲ့ခင်ဗျားနဲ့ကြားမှာ စာရင်းရှင်းစရာ ဘာမှမရှိဘူး"

"ရှိတာပေါ့၊ စောစောက မင်းပြောတယ်လေ၊ အဘိုးနဲ့ အဘွားကြောင့်သာ မဟုတ်ရင် ငါ့လိုလူမျိုးကို မင်းလက်မထပ် ဘူးဆို"

"ဟုတ်တယ်လေ"

"ငါက ဘာဖြစ်နေလို့"

"ခင်ဗျားက ကောင်းမှမကောင်းတာ"

အမှောင်ရိပ်မှာ ကားကိုရပ်လိုက်တာမို့ လန့်လည်းလန့် စိတ်လည်းလှုပ်ရှားပြီး ထိပ်က ခပ်စွာစွာပဲ ရန်တွေ့နေမိတော့ တာ။

ဦးအာရုဏ်နဲ့ ထိပ်နဲ့က နှစ်ဖက်မိဘ လူကြီးတွေ သဘောတူ ကြည်ဖြူလို့ လူသိရှင်ကြား စေ့စပ်ထားတဲ့ သူတွေလေ။ သေချာပေါက် မင်္ဂလာဆောင်ရတော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



မိဘဘိုးဘွားတွေကလည်း ကြည်ဖြူစိတ်ချလို့ တွဲသွားတွဲလာ လုပ်နိုင်းထားတဲ့ အခြေအနေမှာ ဦးအာရဏ်ကသာ အခွင့်အရေးယူရင် ထိပ်က ဘာတတ်နိုင်မှာတဲ့လဲ...

ဒါကြောင့် ထိပ်က ကြောက်ကြောက်လန့်လန့်နဲ့ ဆုတ်ကန်ကန်နေမိတော့တာ။

'အာရဏ်' ကလည်း ရင်ခုန်စိတ်လှုပ်ရှားပြီး သူမလေးကို အသည်းယားလာတာမို့ တမင်တကာ စိတ်တိုချင်ယောင်ဆောင်ပြီး ကျီစယ်နေတာပါ။

အာရဏ်က ရုပ်တည်ကြီးနဲ့ သူမလေးအနားကို တိုးကပ်ပြီး မေးလိုက်သည်။

"ကိုယ်က မကောင်းဘူးဆိုတော့ ဘာဖြစ်နေလို့လဲ"

တည့်တည့်ကြီးမေးတော့ ထိပ်က ဘာပြန်ဖြေရမှန်းမသိဘဲ အူကြောင်ကြောင်လေး ဖြစ်နေရတော့တာ။ မဖြေဘဲနေပြန်ရင်လည်း ထိပ်ရှုံးရပါဦးမည်။ ဒါကြောင့်ပဲ ထိပ်က ဆုတ်ကန်ကန်ပြီး ပြန်ဖြေလိုက်တော့သည်။

"အို... ခင်ဗျားမကောင်းတာ ခင်ဗျားဘာသာသိမှာပေါ့"

"ကိုယ်ကတော့ ကိုယ့်ကိုယ်ကို ကောင်းတယ်လို့ထင်





တာပဲ၊ မင်းက ဘာကြောင့်မကောင်းဘူးလို့ ပြောရတာလဲ"

"မသိဘူး"

"ကိုယ်ပြောတဲ့စကား ကိုယ်တာဝန်ယူရမယ်လေ၊ ပြောကိုယ့်ကို ဘာဖြစ်လို့ မကောင်းဘူးပြောရတာလဲ"

ဦးအာရဏ်က ထိပ်နဲ့ ပိုနီးကပ်အောင် တိုးလာတာမို့ ထိပ်က ထိတ်လန့်ရင်ခုန်ပြီး နောက်ဆုတ်လိုက်မိတော့တာ။

ကားထဲမှာမို့ နောက်ဆုတ်တော့ရော ဘယ်လောက်ဝေးအောင် ဆုတ်နိုင်မှာတဲ့လဲနော်၊ ထိပ်နောက်ဆုတ်တာက နည်းနည်း သူ့ရှေ့တိုးလာတာက များများမို့ ပိုပြီးတောင် နီးကပ်လာပါသေးသည်။

ဦးအာရဏ်ရဲ့ထွက်သက် နွေးနွေးတွေက ထိပ်ရဲ့မျက်နှာလှလှလေးမှာ လာထိနေတဲ့အထိ နီးကပ်လာတာမို့ ဘယ်လိုမှ မနေတတ်တော့ဘဲ ထိပ်မှာ ငိုချင်စိတ်တွေ ဖြစ်လာရတော့တာ။

တကယ်ဆို ထိပ်က ဖိုဆိုလို့ ယင်ဖိုတောင်မသန်းဖူးသေးတဲ့ အပျိုစင် နုနုထွတ်ထွတ်လေးပါ။ အပျိုစင်လေးတစ်ယောက်အနေနဲ့ ဒီလောက် နီးကပ်ပြင်းထန်တဲ့ ဆန္ဒချင်ဘက်ဆွဲအားကို ဘယ်လိုလုပ်ပြီး ဣန္ဒြေမပျက်တောင့်ခံထား:



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာတဲ့ပါနော်။

နီးကပ်လွန်းတာကြောင့် ထိပ်ရဲ့ကိုယ်လေးက ကတုန်ကယင် ဖြစ်လာမိပါတော့သည်။ ရင်ခုန်သံတွေကလည်း မြန်ဆန်ကြယ်လောင်လွန်းလို့ ဦးအာရုဏ်တောင် ကြားနေရမယ့် အခြေအနေပါ၊ ထိပ်ရဲ့ အသက်ရှူနှုန်းလေးက မြန်ဆန်လာသလို အသက်ရှူသံလေးကလည်း ကျယ်လောင်လာရတော့သည်။

"ပြောလေကွာ၊ ဘာကြောင့် ကိုယ့်ကိုမကောင်းဘူးပြောရတာလဲ"

"ထိပ်... ထိပ် အိမ်ပြန်တော့မယ်"

ထိပ်ရဲ့အသံက တိုးတိုးတုန်တုန်လေးမို့ ကိုယ့်အသံကိုယ်တောင် မနည်းနားထောင်ယူရတဲ့အထိပါ။

"မရဘူး၊ မပြောမချင်း မပြန်ရဘူး၊ မင်းကိုရော သူများတွေကိုရော ဘာမှမလုပ်ဘဲနဲ့ ကိုယ့်ကိုမကောင်းဘူးလို့ ပြောနေတာ လုံးဝမခံနိုင်ဘူး"

"ခင်... ခင်ဗျားနော်၊ ထိပ်... ထိပ်ကို အနိုင်မကျင့်နဲ့"

"ဟောဗျာ... ကိုယ်က ဘာလုပ်မိလို့ အနိုင်ကျင့်တယ်လို့ စွပ်စွဲနေရပြန်တာလဲ၊ တကယ်ဆို မင်းကသာ ကိုယ့်ကို





စွပ်စွပ်စွဲစွဲတွေပြောပြီး အနိုင်ကျင့်နေတာများ"

"ခင်ဗျားကို အဲဒါတွေကြောင့် မုန်းတာ၊ လူပါးဝတတ်လွန်းလို့ မုန်းတာ၊ မုန်းတယ်... မုန်းတယ်၊ အရမ်းမုန်းတယ်"

ထိပ်က စိတ်လှုပ်ရှားကြောက်လန့်ပြီး အော်ပြောလိုက်တော့တာ။

'အာရုဏ်' က 'မုန်းတယ်' လို့ မျက်စိမှိတ်ပြီး အော်နေတဲ့ ချစ်သူလေးကိုကြည့်ပြီး ဘယ်လိုမှစိတ်မထိန်းနိုင်တော့တာမို့ သူမလေးရဲ့ ခန္ဓာကိုယ်လှလှလေးကို ရင်ခွင်ထဲဆွဲသွင်းလိုက်မိပါတော့သည်။

ချစ်သူလေးရဲ့ ကိုယ်လုံးလေးက တဆတ်ဆတ်တုန်ခါလို့ပါ။

နွေးထွေးနူးညံ့တဲ့ ကိုယ်လုံးလေးကို မြတ်နိုးစွာ ပွေ့ဖက်ထားရင်း သူက အချစ်တွေကို လွှတ်ပေးလိုက်မိတော့တာ။

"အို... လွှတ်... လွှတ်..."

ထိပ်က ရုန်းပေမယ့် ဦးအာရုဏ်ရဲ့ သန်မာတဲ့လက်မောင်းတွေက မြဲမြဲလွန်းလှပါသည်။

စပါးကြီးမြွေတစ်ကောင် ရစ်ပတ်ထားသလိုမျိုး ရစ်ပတ်ထားတော့တာ၊ ထိပ်ကလည်း ရုန်းသာရုန်းနေရှာပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ လွှတ်တဲ့အထိလည်း ရုန်းမထွက်နိုင် ပြန်ပါ။

အဲဒီအချိန်မှာပဲ ဦးအာရဏ်ရဲ့ မျက်နှာချောချောကြီးက 'ထိပ်'ရဲ့ မျက်နှာလေးဆီကို ငုံ့ချလာတော့တာ။

ထိပ်က ထိတ်လန့်တုန်လှုပ်စွာနဲ့ မျက်ဝန်းလေးကို တင်းတင်းမှိတ်ထားလိုက်ချိန်မှာပဲ ထိပ်ရဲ့နှုတ်ခမ်းလေးက ပူနွေးသွားရပါတော့သည်။

"အို..."

ရင်ထဲမှာ သိမ့်ခနဲ...

ထိပ်ရဲ့နှလုံးသားလေးက လေဟာနယ်ထဲကို လွင့်ထွက် ခုန်ပျံသွားသလိုမျိုး ခံစားလိုက်ရတော့တာ။

ထူးဆန်းတဲ့ ခံစားချက်က ထိပ်တစ်ကိုယ်လုံးကို လွှမ်း ခြုံသွားတော့တာ။

ဘုရားရေ...

ဒီလိုခံစားမှုမျိုးကို ထိပ်ဘဝမှာ တစ်ခါမှ မခံစားဖူ ခဲ့ပါလားကွယ်... ထိပ်ရဲ့ရင်ခုန်သံလေးက တိုးလိုက်ကျယ် လိုက် အသက်ရှူနှုန်းလေးက နှေးလိုက်မြန်လိုက်နဲ့...

လေဟာနယ်ထဲမှာ တိမ်လွှင်းတွေစီးပြီး ခရီးပြင်းနှ





နေရသလိုမျိုးပါပဲ...

'တော်ပါတော့' လို့ စိတ်ထဲကနေပဲ တောင်းပန်မိပြီး အပြင်ဘက်မှာတော့ ထိပ်က ဦးအာရဏ်ရဲ့ ရင်ခွင်ကျယ်ကြီး ထဲမှာ နစ်မြောပြီး ထူးဆန်းတဲ့အနမ်းတွေရဲ့ ဖမ်းစားမှုအောက် မှာ ငြိမ်သက်လို့ပါ။

ဘယ်လောက်ကြာအောင် အနမ်းထဲမှာ မျောပါသွားသ လဲဆိုတာ 'ထိပ်' ဘာသာပင် မသိနိုင်တော့ဘဲ ဖြစ်နေတုန်း မှာပဲ အနမ်းတွေ ရပ်တန့်သွားပြီး ဦးအာရဏ်က ထိပ်ရဲ့ကိုယ် လေးကို သူ့ရင်ခွင်ထဲကနေ ဆွဲခွာထုတ်လိုက်ပါတော့သည်။

ဒီတော့မှပဲ ထိပ်ကလည်း ရှက်လန့်တကြားနဲ့ အသိ ပြန်ဝင်လာပြီး ကားပြတင်းပေါက်ဆီမှာ ကိုယ်လေးကို အတင်း ကပ်လို့ ပူထူသွားတဲ့ ထိပ်ရဲ့နှုတ်ခမ်းလေးကိုလည်း လက်ဖဝါး နဲ့ ခပ်ကြမ်းကြမ်း ပွတ်ပစ်လိုက်မိတော့တာ။

"ဆောရီး... ကိုယ်လုံးဝ မရည်ရွယ်ထားဘူးနော်၊ မ တော်တဆဖြစ်ရတာပါ"

ဒီလောက်ပဲပြောပြီး ဦးအာရဏ်က ကားစက်ကို ပြန် နှိုးနေသည်။

ကြည့်စမ်းပါဦး ထိပ်ကိုနမ်းပြီး ဒီစကားမျိုးနဲ့ တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်သတဲ့လား… အခုထိပ်ကို နမ်းလိုက်တာဟာ မရည်ရွယ်ထားဘဲ မတော်တဆ ဖြစ်သွားရတာတဲ့လား…

နှုတ်ခမ်းလေးက ပူနွေးပြီး ဖျောက်ဖျက်မရတဲ့ ခံစားမှုလေးတွေ စွဲနစ်ဝင်နေပေမယ့် ထိပ်ရင်ထဲမှာတော့ နာကျင်သွားရပါပြီ။

ဦးအာရုဏ်က ထိပ်ကို လက်ထပ်မှာဟာ လူကြီးတွေကြောင့်ပဲဆို အခုမှပိုပြီး သေချာသွားခဲ့ပါပြီ။

အနမ်းခံလိုက်ရတဲ့ ထိပ်က တုန်လှုပ်ခံစားလိုက်ရပေမယ့် နမ်းတဲ့သူက ဘာမှမဖြစ်ဘူးဆိုတာဟာ ဘယ်လောက်အခံရခက်စေသလဲကွယ်…

ထိပ်ရင်ထဲမှာ ဒဏ်ရာလေးတစ်ခု ဖြစ်ခဲ့ရပါပြီ။

* * *



## အခန်း(၅)

ဘုရားကိုရောက်လို့ တောင်ဘက်မုခ် ကားပါကင်မှာ သူက ကားကိုရပ်လိုက်ပါသည်။

သူမလေးကတော့ ငြိမ်သက်နေတုန်းပါ။ မျက်နှာလေးကို ကားအပြင်ဘက်လှည့်ထားပြီး ကျောက်ရုပ်ကလေးလို့ ငြိမ်သက်နေတာဖြစ်သည်။

"လာ… မေထိပ်ခေါင် ဓာတ်လှေကားနဲ့ပဲ တက်ရအောင်"

"ကျွန်မ မလိုက်ချင်ဘူး ဦးအာရုဏ်"

သူမလေးရဲ့အသံက စိမ်းစိမ်းပြတ်ပြတ် အသံဖြစ်နေတာကို သူ့သတိထားမိသည်။, ချော့မော့ချင်ပေမယ့် ဘယ်လိုချော့ရမှန်း မသိဘဲဖြစ်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝမှာ ချစ်သူဆိုတာလည်း မရှိခဲ့ဖူးပါ။ မိန်းကလေး သူငယ်ချင်းတွေနဲ့လည်း ပေါင်းဖူးတာမဟုတ်။ သူငယ်တန်းကနေ ဆယ်တန်းအောင်တဲ့အထိ သူက ယောကျ်ားလေးကျောင်းကနေပဲ ကျောင်းတက်လာခဲ့တာမို့ မိန်းကလေးတွေနဲ့ မနီးစပ်ပါ။

အစ်မတွေ ညီမတွေရှိရင်လည်း မိန်းကလေးတွေရဲ့ စိတ်နေစိတ်သဘောထားကို သူ့နည်းနည်းပါးပါးလောက် သိမှာပါ။ အခုတော့ သူက တစ်ဦးတည်းသောသား ဖြစ်နေလို့ မိန်းမတွေနဲ့ ပိုဝေးရတာဖြစ်သည်။

သူ့ဘဝမှာ မိန်းကလေးတွေကို စိတ်ဝင်စားစရာလို့ လည်း မထင်ခဲ့ဖူးပါ။

'မေထိပ်ခေါင်'ဆိုတဲ့ မိန်းကလေးကို မင်္ဂလာဆောင်မှာ တစ်ခုမှာ သူ့စတွေ့ခဲ့မိပြီး မြင်မြင်ချင်း ချစ်မြတ်နိုးမိသွား ခဲ့ရတာဖြစ်သည်။

ချစ်ပေမယ့် အစိမ်းသက်သက် ချဉ်းကပ်ပြီး ချစ်ခွင့် ပန်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။ အသက်ချင်းလည်း ကွာ ဟသလို နေတာကလည်း တစ်နေရာစီ၊ အလုပ်ချင်းလည်း အဆက်အစပ်မရှိ။





သူက မိဘတွေရဲ့ ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့သူ၊ တကယ်လို့ သူမလေးက သူ့ရဲ့ဝန်ထမ်းဆိုရင်လည်း ကိစ္စမရှိပါ။ နီးစပ်နိုင်ပါသည်။ နေ့စဉ်တွေ့နေရမှာမို့ သံယောဇဉ်တွေ ထူထောင်လို့လည်း ရနိုင်ပါသည်။

'မေထိပ်ခေါင်'ကို ချဉ်းကပ်ဖို့ကတော့ မလွယ်၊ ဘယ်လိုမှ အဆက်အစပ်မရှိတာ အခက်ဆုံးပဲဖြစ်သည်။

ဒါပေမယ့် ကံကောင်းချင်တော့ သူမလေးရဲ့ အဘိုးအဘွားတွေနဲ့ သူ့မိဘတွေက အရမ်းရင်းနှီးနေကြပါသည်။ ဒါကြောင့်ပဲ သူက လူကြီးတွေအားကိုးနဲ့ သူမလေးကို လက်ထပ်ခွင့်ရအောင် ကြိုးစားခဲ့တာဖြစ်သည်။

"လိုက်ခဲ့ပါကွာ၊ ဘုရားကိုရောက်နေမှ မလိုက်တာ မကောင်းပါဘူး"

သူက တတ်နိုင်သလောက် ချိုသာတဲ့အသံနဲ့ ကြိုးစား ပြောပါသည်။

"အို... ဘာဖြစ်လို့ မကောင်းရမှာလဲ၊ ကျွန်မဆန္ဒနဲ့ လာခဲ့တာမှ မဟုတ်ဘဲ၊ ဦးအာရုဏ်ရဲ့ ဆန္ဒနဲ့လာခဲ့တာလေ၊ ခင်ဗျားဘာသာ သွားပေါ့"

"မလိုက်ချင်လဲ နေခဲ့ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပဲ ဦးအာရုဏ်က ကားပေါ်မှဆင်းသွား တော့တာ။

ထိပ်က နှုတ်ခမ်းလေး နာနာကိုက်လို့ ကျန်ရစ်ခဲ့ရပါ တော့သည်။

တကယ်ဆို လိုက်ခဲ့ဖို့ချော့ခေါ်ရင် လိုက်ချင်လိုက်မိ သွားမှာပါ။ ထိပ်ကို မချော့ချင်ဘူးဆိုရင်လည်း ထိပ်မလိုက် မိတဲ့အတွက် ဦးအာရုဏ်လည်း မသွားနဲ့တော့ပေါ့။

အခုတော့ တမင်ထားခဲ့တာ ထိပ်ကို အရေးမလုပ်တဲ့ သဘောပဲပေါ့၊ တွေးရင်းတွေးရင်း ထိပ်က ဒေါသတွေထွက် လို့ ကျန်ရစ်ခဲ့ရပါတော့သည်။

ဦးအာရုဏ် ထိပ်တစ်ယောက်တည်းကို နာရီဝက်ကျော် ကျော် ထားရစ်ခဲ့ပြီးမှ ပြန်လာသည်။ ထိပ်စိတ်ဆိုးနေတာ ကိုပဲ မသိတာလား မသိချင်ယောင်ဆောင်နေတာလားမသိ။

ဦးအာရုဏ်က ဘာမှမဖြစ်သလိုဘဲ ထိပ်ကို အိမ်ပြန် ပို့ပေးပါတော့သည်။

ဘိုးဘိုးနဲ့ ဘွားဘွားကို နှုတ်ဆက်ပြီး ဦးအာရုဏ်ပြန် သွားတာနဲ့ ထိပ်ကလည်း အခန်းထဲပြေးဝင်ပြီး အဝတ်အစား လဲပစ်လို့ အရမ်းစိတ်ဆိုးပစ်လိုက်မိတော့တာ။





ဘွားဘွား လာမေးရင်တော့ ဦးအာရုဏ်နဲ့ လက်ထပ် လို့ မဖြစ်တဲ့အကြောင်း စေ့စပ်ထားတာ ဖျက်သိမ်းပေးဖို့ အကြောင်း ငိုယိုပြီး ပိုပိုသာသာလေး ပြောလိုက်မယ်လို့ ထိပ်က စိတ်ကူးထားတာပါ။

ထိပ်ငိုရင် ဘွားဘွားက တောင့်ခံထားနိုင်တာမှ မဟုတ် ဘဲဟာ၊ ငိုပြီး သတိတွေဘာတွေ လစ်ပြလိုက်ရင်တော့လား ဘွားဘွားကြွေသွားမှာ သေချာပါသည်။

ဒီအတွေးနဲ့ပဲ ထိပ်က အခန်းထဲမှ အပြင်မထွက်ဘဲ စောင့်နေတာပါ။ ဒါပေမယ့် ထိပ်မျှော်လင့်သလို ဘွားဘွားက ရောက်မလာပါ။

ဒီတော့မှပဲ ထိပ်က ငိုမိသွားရပါတော့သည်။

ဦးအာရုဏ်ရယ်... ခင်ဗျားကို မုန်းတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ညကငိုပြီး အိပ်ပျော်သွားတာခဲ့တာမို့ မနက်မိုးလင်းတော့ 'ထိပ်' မျက်နှာလေးက မို့အစ်ဖောင်းကားနေပါသည်။

မနက်စောစော ရေမိုးချိုးပြီးလို့ မှန်တင်ခုံရှေ့မှာ ဝင်ထိုင်လိုက်တာနဲ့ 'ထိပ်'က နှုတ်ခမ်းဖူးဖူး နီထွေးထွေးဆီ အကြည့်ရောက်သွားပြီး ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားရတော့တာ။

ပြီးတော့ ရင်ခုန်သံတွေကလည်း မြန်ဆန်လာရပါတော့သည်။ နောက်ပြီးတော့ ခံစားချက်တစ်ခုကိုလည်း ထူးထူးဆန်းဆန်း ခံစားရပါသည်။

အဲဒါက ဦးအာရုဏ်ကို စိတ်ထဲက သတိရမိသွားတာပါ။ အာရုံတွေထဲမှာလည်း သူ့ပုံရိပ်တွေ လာထင်မိတော့



တာ၊ ထိပ်ရဲ့နှုတ်ခမ်းလေးတွေကလည်း ချက်ချင်းပဲ နွေးထွေးလာသလို ခံစားရပါတော့သည်။ မရှက်တမ်း ဝန်ခံရလျှင် ဦးအာရုဏ်ရဲ့အနမ်းကို ပြန်တမ်းတနေမိတာပါ။

ဘုရားရေ... ဒါ ဘာဖြစ်သွားရသလဲ၊ ထိပ်ကို ဘယ်သူကများ ပြုစားပစ်လိုက်ရတာလဲ...

ရင်ခုန်မိတယ်...

သတိရမိတယ်...

တမ်းတမိတယ်...

ဒါတွေအားလုံးဟာ ချစ်ခြင်းရဲ့ သင်္ကေတတွေများဖြစ်နေလေမလား...

အတွေးကြောင့်ပဲ ထိပ်က တုန်တုန်လှုပ်လှုပ်လေး ဖြစ်သွားရတော့တာ။

အို... မဟုတ်နိုင်ပါဘူးနော်၊ 'ထိပ်'ကို မချစ်တဲ့လူ အရေးမစိုက်တဲ့လူ၊ အမြဲတမ်း အပေါ်စီးက ဆက်ဆံချင်တဲ့ လူတစ်ယောက်ကို ချစ်မိတယ်ဆိုရင် ထိပ်ရူးနေလို့ပဲပေါ့။

'မချစ်ဘူး မချစ်ဘူး'

ထိပ်က အရူးမလေးလိုပဲ တစ်ယောက်တည်း ပြောနေတော့တာ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ထိပ်ကအချစ်ကို လှလှပပလေး စိတ်ကူးယဉ်ထားတာပါနော်...

ထိပ်ရဲ့ချစ်သူ၊ ထိပ်နဲ့လက်ထပ်ထားတဲ့ သူဟာ ထိပ်ကိုအရမ်းချစ် အရမ်းအလိုလိုက်တဲ့ သူမျိုးဖြစ်ရမယ်။

ထိပ်ကလွဲပြီး ဘာမှအရေးမကြီးဘူးလို့ ခံယူထားတာမျိုးပေါ့။

ထိပ်မျက်နှာလေး ညှိုးရင်တောင် မနေတတ်မထိုင်တတ်နဲ့ ဂရုစိုက်တဲ့သူမျိုးပေါ့။

ပြီးတော့ ထိပ်နဲ့ဆန့်ကျင်ဘက်တွေမလုပ်တဲ့သူ၊ အစစအရာရာ 'ထိပ်'ရဲ့ ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ပေးမယ့်သူ၊ ထိပ်ကို အစွမ်းကုန် အလိုလိုက်မယ့်သူမျိုးပေါ့။

ထိပ် စိတ်ကူးယဉ်ထားတာနဲ့ တကယ်တမ်း တွေ့နေရတဲ့ ဦးအာရဏ်နဲ့က တစ်လွဲစီပါနော်။

ဦးအာရဏ်ရယ်...

ခင်ဗျားဟာ ထိပ်ရဲ့ဘဝထဲကို ဒုက္ခပေးဖို့ ဝင်လာတာပဲ ဖြစ်မှာပါ။

ဦးအာရဏ်နဲ့ ပတ်သက်ပြီးထားတဲ့ ဘွားနဲ့ဘိုးတို့ရဲ့သဘောထားကိုလည်း ထိပ်က အံ့သြမိပါသည်။





ဘိုးနဲ့ဘွားက 'ထိပ်'ကို ရွှေလို့ဥပြီး ထားကြတာပါ။ ...ကျသိုလ်ပေးတက်ရင် မတော်တာနဲ့တွေ့ပြီး နီးစပ်သွားမှာ...ပြီး ဘွားနဲ့ဘိုးက ထိပ်ကို အဝေးသင်တက္ကသိုလ်ပဲ တက်...ကြပါသည်။

အဝေးသင် တက္ကသိုလ်ပေးတက်ပြီး အနီးကပ်သင်တန်း...ရက်တက်တဲ့အခါတိုင်း ဘွားဘွားကိုယ်တိုင် လိုက်စောင့်...ခဲ့တာဖြစ်သည်။ ထိပ်အနားကို ဘယ်ယောကျ်ားလေးမှ...လို့မရခဲ့ပါ။

ကျူရှင်တက်တော့လည်း အများနဲ့ရောနှော တက်ရတဲ့...ရှင်တွေမှာ မတက်စေဘဲ အိမ်မှာပဲ ထိပ်တစ်ယောက်တည်း...တွက် ဆရာ၊ ဆရာမခေါ်သင်ခဲ့တာဖြစ်သည်။

ဒီလိုနဲ့ပဲ အဝေးသင်တက္ကသိုလ်ကနေ မြန်မာစာဘွဲ့ကို...ရခဲ့တာဖြစ်သည်။ ထိပ်အပေါ်မှာ အဲဒီလောက် စိတ်ပူပြီး...ကွယ်ပေးခဲ့တဲ့ ဘွားဘွားပါ။

အဲဒီ ဘွားဘွားက 'ထိပ်'အပေါ်မှာ မနွေးထွေးတဲ့ ဦး...ရဏ်နဲ့ ထိပ်ကို လက်ထပ်ပေးဖို့ ဆုံးဖြတ်ခဲ့တာ အတော်...အံ့သြစရာကောင်းနေတာ ဖြစ်သည်။

"မြေးလေးကို ဘွားဘွား အရေးတကြီး ပြောစရာရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွယ်၊ ဘွားတို့မှာ အဲတီတ်ကံအထောက်အပံ့ ကောင်
တာရော ပစ္စုပ္ပန်ကံကောင်းတာရောကြောင့် မပူမပင်မကြော
ကြရတဲ့ဘဝ၊ ချမ်းသာပြည့်စုံတဲ့ဘဝကို ပိုင်ဆိုင်ထားကြပ
တယ်၊ ဒါပေမဲ့ ဆွေမျိုးရင်းချာကြပြန်တော့ နည်းပါးလွန်
တယ် မြေးလေးရေ၊ ဘွားမြေးလေးကို လောကကြီးထဲမှ
တစ်ယောက်တည်း ထားခဲ့ဖို့အတွက် ဘွားနဲ့ဘိုးက ဘယ်လ
စိတ်ချနိုင်မှာလဲကွယ်"

လို့ ဘွားဘွားပြောတုန်းက ထိပ်မှာ နားမလည်နိုင်သ
ဖြစ်ခဲ့ရပါသည်။

"ဟင်… ထိပ်ကိုထားခဲ့ပြီး ဘွားဘွားတို့က ဘယ်သွာ
ကြမှာလဲ" လို့ မျက်လုံးလေးဝိုင်းပြီး မေးခဲ့မိတာပါ။

"လူတိုင်း သွားရမယ့်လမ်းကို ဘွားတို့လဲ သွားရမှ
ပေါ့ကွယ်"

"ဟင်… အဲဒါ ဘာပြောတာလဲ ဘွား"

"ဪ… ဘွားဘွားနဲ့ ဘိုးဘိုးလဲ တစ်နေ့မှာ သေ
မှာ မဟုတ်လား မြေးရယ်၊ ဘွားတို့မသေခင်မှာ မြေးလေ
ကို စိတ်ချရတဲ့သူ၊ သင့်လျော်တဲ့သူနဲ့ လက်ထပ်ပေးခဲ့ရမှ
ပေါ့ကွယ်"





ဒီစကားကို ကြားလိုက်ရတုန်းက ထိပ်ရင်ထဲမှာ ဝမ်း
ည်းလွန်းလို့ တဆတ်ဆတ်တောင် တုန်ခါရတော့တာ။

"အို… ဘွားဘွားနဲ့ ဘိုးဘိုး မသေရပါဘူး၊ မေမေနဲ့
ဖေလဲ သေ၊ ဘွားဘွားနဲ့ ဘိုးဘိုးလဲသေဆိုရင် ထိပ်က
ယ်သူနဲ့ နေခဲ့ရမှာလဲ၊ ဟင့်အင်း ထိပ် ထိပ်ကြောက်တယ်၊
ွားဘွားတို့ မသေပါနဲ့နော်၊ ထိပ်ကိုထားခဲ့ပြီး မသေဘူးလို့
တိ ပေးပါနော် ဘွားဘွား"

အဲဒီတုန်းက ထိပ်အရမ်းပဲ ငိုပစ်ခဲ့တာပါ။ ထိပ်ငိုတော့
ွားဘွားလည်း စိတ်ဆင်းရဲသွားပုံရသည်။

"မြေးရယ်၊ လူဆိုတာ သေမျိုးချည်းပဲ၊ မသေချင်လဲ
သေရမှာပဲလေ၊ မသေပါဘူးလို့ ကတိပေးလို့ရမှာတဲ့လား
ွယ်"

"ဒါဆို ဘွားနဲ့ဘိုးသေရင် ထိပ်လဲလိုက်သေမှာပဲ"

"မြေးရယ် ဒီလိုလဲ ဘယ်ရမလဲ ဘွားက ဒါကြောင့်
စိတ်မချတာ၊ ဘွားမြေးက အင်မတန် နုနယ်တာပဲ၊ ကဲ
လေ ဘွားတို့လဲ အသေဖြောင့်ရအောင် မြေးလေးလဲ အား
းရာရအောင် မြေးလေးကို လက်ထပ်ပေးဖို့ပဲ စီစဉ်တော့
ယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ထိပ် ယောက်ျားမယူချင်ပါဘူး"

"လူဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရဟာ မြေးလေးရေ၊ ဒါလဲ ရှောင်လွှဲလို့မရတဲ့ ကိစ္စပဲကွဲ့၊ ကိုယ်လ ကိုယ်သားနဲ့နေမှပဲ ဘဝဆိုကာ အဓိပ္ပာယ်ရှိတာ"

"ထိပ်... ထိပ်မှာ ချစ်သူ တောင် မရှိသေးပါဘူး ဘ ရယ်၊ ယောက်ျားယူဖို့ကတော့ အဝေးကြီးပါပဲ"

"ဘွားဘွားတို့ သဘောကျထားတာရှိတယ် မြေး အားလုံးပြည့်စုံပြီး အဘက်ဘက်က သင့်တော်တယ်ကွ သူ့နာမည်က မောင်အာရုဏ်တဲ့"

ဒီလိုနည်းနဲ့ပဲ ထိပ်ဘဝထဲကို ဦးအာရုဏ် ရောက် တာပါ။

လူတောင် မမြင်ဖူးသေးဘဲ နာမည်ကို အလျင်သိခဲ့ရ ဖြစ်သည်။ ထိပ် ဘယ်လိုပဲငြင်းငြင်း ဘယ်လောက်ပဲ တော ပန်တောင်းပန် ဘွားဘွားကရော ဘိုးဘိုးကပါ အတင်းတ တွန်းကြ အမြန်ဆုံး စီစဉ်ကြတာကြောင့် ခုဆိုရင် ဓ ပြီးနေပါပြီ။

လက်ထပ်ဖို့လည်း ရက်သတ်မှတ်ပြီးနေပါပြီ။ အ





မလဲနိုင်ဘဲ ငိုင်ငိုင်လေးနဲ့ အတွေးတွေ့ပျံ့လွင့်နေပြီးမှ ထိပ် က သတိလေးဝင်လာပြီး အဝတ်လဲလိုက်ရပါတော့သည်။

"ဒေါက်... ဒေါက်"

"မြေးလေးရေ နိုးပြီးလားကွယ်"

"နိုးပြီ ဘွားဘွား နိုးပြီး"

ထိပ်က အခန်းတံခါးကို အပြေးအလွှား ဖွင့်ပေးလိုက် တော့ ဘွားဘွားက ဝင်လာပါသည်။

"ညကမြေးဆီ ဘွားလာတော့ ဘွားမြေးက အိပ်ပျော် နေပြီ"

"ထိပ် အစောကြီး အိပ်ပျော်သွားတယ်"

"ဘယ်လိုလဲ မြေးရေ၊ မောင်အာရုဏ်ရဲ့ အဘွားနဲ့ အဆင်ပြေရဲ့လားကွယ်"

ထိပ်က အမှန်အတိုင်းပဲ ပြောလိုက်ပါသည်။

"အဆင်ပြေပါတယ် ဘွားရယ်၊ အဲဒီအဘွားက လမ်း မလျှောက်နိုင်ဘူးနော်၊ သနားစရာကြီး"

"ဟုတ်တယ် ဘွားမြေးရဲ့၊ ဒေါ်ကြည်ဖြူကလဲ ဘွား တို့လိုပဲ မသေခင်မှာ မြေးကို အိမ်ထောင်ချပေးခဲ့ချင်တာပေါ့လေ"

ဘွားဘွားရဲ့စကားကို နားထောင်ပြီး ထိပ်ပြောချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



*စကားတွေက လည်ချောင်းဝမှာ တစ်ဆို့ကုန်တော့တာ။*

ထိပ် ပြောချင်တာက ဦးအာရကျ်နဲ့ လက်မထပ်ချင်တဲ့ အကြောင်းပါ။ စေ့စပ်ထားတာကို ဖျက်သိမ်းပစ်ချင်တဲ့ အကြောင်းပါ။ အခု ဘွားဘွားက ထိပ်ကို ဦးအာရကျ်နဲ့ အဆင်ပြေရဲ့လားလို့ မမေးဘဲ သူ့အဘွားနဲ့ အဆင်ပြေရဲ့လားလို့ပဲ မေးနေတာပါ။

"အဘွားက သနားစရာပါ၊ သူ့မြေးကတော့ မုန်းစရာကြီး"

ထိပ်ကပြောတော့ ဘွားဘွားက သဘောကျပြီး ရယ်ပါတော့သည်။

"အဟင်း... ဟင်း...မြေးကလဲကွယ် ကလေးလေးကျနေတာပဲ၊ အဟင်း... ဟင်း..."

"ထိပ်က တကယ်ပြောတာ ဘွားဘွား၊ အဲဒီလူကြီးနဲ့ ထိပ်နဲ့ အဆင်ပြေမယ် မထင်ပါဘူး ဘွားရယ်"

"အို... ဘာကြောင့် အဆင်မပြေရမှာလဲ သမီးလေးရယ်"

"ထိပ်မှ သူ့ကိုမချစ်တာ"

"အဟင်း... ဟင်း... မြေးကမချစ်တာ အရေးမကြီးပါ





ဘူးကွယ်၊ မောင်အာရကျ်က မြေးကိုချစ်နေတာပဲဟာ ပြီးပြီပေါ့"

ဘွားဘွားရဲ့စကားကို 'ထိပ်'က နားထောင်ပြီး ခါးခါးသီးသီးပဲ ငြင်းမိတော့တာ။

"ဟာ... သူလဲ ထိပ်ကိုမချစ်ပါဘူး ဘွားရယ်၊ လူကြီးတွေရဲ့ စကားကိုနားထောင်ပြီးတော့ပဲ လက်ထပ်မှာပါ၊ ထိပ်သိတာပေါ့၊ အဲဒီလူကြီးက ထိပ်ကို မချစ်တဲ့အပြင် အနိုင်တောင်ကျင့်နေသေးတာ၊ စကားပြောရင်လဲ ချိုချိုသာသာပြောတာ မဟုတ်ဘူး ဘွားရဲ့၊ ထိပ်... ထိပ် အဲဒီလူကြီးကို မုန်းတယ်"

ဒေါ်မေသီက မြေးမလေးကိုကြည့်ပြီး စိတ်ထဲကနေ ကြိတ်ပြုံးမိသည်။

တကယ်တော့ မြေးလေး မေထိပ်ခေါင်က မောင်အာရကျ်ကို မုန်းတာမဟုတ်ဘဲ အလိုမကျဖြစ်နေတာပါ၊ ဒေါ်မေသီ အကဲခတ်မိတာပေါ့၊ တကယ်တမ်း မြေးလေးက ခါးခါးသီးသီး မုန်းနေတယ်ဆိုရင် လက်ထပ်ဖို့ကိစ္စကို စိစဉ်မှာတဲ့လားနော်

အခုတော့ မြေးလေးရဲ့ရင်ထဲမှာ မောင်အာရကျ်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တာကို သိလို့သာ သူမလေး ငြင်းနေတဲ့ကြားထဲကပဲ စီစဉ်ထားရတာဖြစ်သည်။

"ဪ... မြေးရယ်၊ စကားပြောချိုသာပြီး အတွင်းသဘော ကောက်ကျစ်တဲ့ ယောကျ်ားတွေရှိသလို စကားပြော မချိုသာပေမယ့် အတွင်းသဘော ဖြူစင်တဲ့ယောကျ်ားတွေလဲ ရှိတာပဲလေ၊ ကဲ... အဲဒီနှစ်မျိုးမှာ ဘယ်ဟာက ကောင်းမယ်ထင်သလဲ၊ အတွင်းသဘောဖြူတဲ့ သူ့ကကောင်းတယ် မဟုတ်ဘူးလားကွယ်၊ မောင်အာရုဏ်က အဲဒီလိုလူမျိုးပေါ့"

"ဘွားဘွား မသိပါဘူးနော်"

"သိပါတယ်ကွယ်၊ ယောကျ်ားတွေအကြောင်းကို မြေး လေးထက် ဘွားကပိုသိတာပေါ့၊ မိန်းမအတော်များများက ကိုယ်ရှေ့မှာ ပျာယာခတ်ပြ၊ ချစ်ပြတဲ့ယောကျ်ား... ပတ်ချွဲနဲ့ ချွဲလုပ်တတ်တဲ့ ယောကျ်ားတွေကို သဘောကျတတ်ကြတယ် ကိုယ်ကွယ်ရာမှာ လုပ်ချင်ရာလုပ်တတ်တာ အဲဒီယောကျ်ား မျိုးတွေပဲ၊ ဒါကြောင့် ချိုတာမကြိုက်နဲ့ မြေးရေ အပေါ်ယံ... ဟင်း..."

"ဘွားဘွားကလဲ"

"ကဲပါကွယ်၊ လာ ဒီနေ့မြေးအကြိုက် နန်းကြီးသုပ်





လုပ်ထားတယ် သွားစားစို့၊ ဟိုမှာ ဘိုးဘိုးစောင့်နေပြီ"

ဘွားဘွားက အတင်းခေါ်တာမို့ ဘာမှမတတ်နိုင်တော့ဘဲ 'ထိပ်'က စူပွပွလေးနဲ့ပဲ ဘွားနောက်ကနေ လိုက်လာခဲ့ရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

"မြေးလေး... မောင်အာရဏ်"

"ဗျာ... ဘွားဘွား"

"လာပါဦးကွယ်"

ဘွားဘွားက ခေါ်နေတာမို့ အလုပ်သွားခါနီးမှာပဲ သူ
၁ ဘွားဘွားအနားကို လာခဲ့မိပါသည်။

"ဘွား နေကောင်းရဲ့လား"

"မကောင်းဘူးမြေးရေ၊ ရင်ထဲမှာ တစ်ဆို့ဆို့လေးလေး
ကြိုးကွယ်"

အာရဏ်က စိတ်အရမ်းပူမိသွားရပါတော့သည်။

"ဟာ... ဒါဆို ဆရာဝန်ခေါ်ရမှာပေါ့ ဘွားဘွားရယ်၊
ချွန်တော် ဖုန်းဆက်လိုက်မယ်လေ"

"နေ... နေ... မြေးမခေါ်နဲ့၊ ဆရာဝန်ခေါ်လဲ အလကား





ပါပဲ၊ သူက အိပ်ပျော်အောင်ပဲ လုပ်ပေးခဲ့မှာ၊ ဘွားက အိပ်
ချင်တာ မဟုတ်ဘူး၊ အိပ်ပျော်ပြီး သေသွားတာမျိုးက မကောင်း
ပါဘူး"

"ဟင်..."

ဘွားဘွားရဲ့စကားကြောင့် သူ့ရင်ထဲကို သောကတွေ
ဝင်လာပါတော့သည်။ အရေးထဲမှာ ဖေဖေနဲ့ မေမေကလည်း
ခရီးသွားနေပါသည်။

ဘွားဘွားကိုကြည့်ရတာ မျက်နှာလည်း ညိုးရော်လို့
ပါ။

"ဘွားဘွား ခဏလေး၊ ကျွန်တော် ဆရာဝန်ဆီ ဖုန်း
ဆက်လိုက်ဦးမယ်"

"ဆရာဝန် မလိုပါဘူးဆိုကွယ်၊ မြေးလေးရယ် ဘွား
ဆီကို သမီး မေထိပ်ခေါင်လေးပဲ ခေါ်လာပေးစမ်းပါ"

"ဟာ..."

အဲဒါမှ တကယ့်ပြဿနာပါ။

သူခေါ်လို့ မေထိပ်ခေါင်က လိုက်ပါတော့မလား၊ သူ့
ကားကို စီးတော့မည်မထင်၊ သူ့နမ်းလိုက်တဲ့အတွက် သူမ
လေးက အတော်ကို စိတ်ဆိုးသွားတဲ့ပုံစံပါ။



www.burmeseclassic.com

www.burmeseclassic.com



သွားနမ်းပစ်ခဲ့တဲ့ နှုတ်ခမ်းနုလေးကိုလည်း ပွတ်သပ်ပစ်နေတာ အကြိမ်ကြိမ်၊ သူ့ကိုလည်း လုံးဝကို လှည့်မကြည့်တော့တာဖြစ်သည်။ သူမလေး ဒီလောက်စိတ်ဆိုးနေတာကို သူက တစ်ခါသွားထပ်ခေါ်လို့ ဖြစ်ပါတော့မလား...

ဘွားဘွားက မေထိပ်ခေါင်ကို ခေါ်ပေးဖို့ပဲ တမ်းတမ်းတတ ပြောနေတော့တာ။

"သမီးလေးနဲ့ စကားပြောနေရရင် နေလို့ကောင်းသွားမှာပါ၊ သူ့မျက်လုံးလေးတွေက အရမ်းနွေးထွေးပြီး စာနာထောက်ထားတဲ့အကြည့်တွေ မြေးရဲ့၊ ဘွားရဲ့လက်ကို လာကိုင်ထားတော့လဲ ရင်ထဲထိ နွေးထွေးသွားတာပဲကွယ်"

ကိုယ်ချစ်မိနေတဲ့ မိန်းကလေးကို ကိုယ့်အဘွားက ချီးမွမ်းခန်းဖွင့်နေတာမို့ သူ့ရင်ထဲမှာ ကျေနပ်ရွှင်ပျမိတော့တာ။

"အခု ဘွားဘွား သမီးလေးနဲ့တွေ့ချင်တယ် မြေးရယ်"

"ညနေမှ မရဘူးလားဘွား"

"မရဘူး၊ အခုပဲ တွေ့ချင်တယ်"

"သူ... သူ အိမ်မှာမရှိရင်ရောဘွား"

အဘွားက သူ့ကို မျက်မှောင်ကုပ်ပြီး ကြည့်တာမို့





သူက တွန့်သွားရသည်။

"မြေးရယ် ဘာဖြစ်လို့လဲ ခေါ်မပေးချင်လို့လား၊ ဒါဆိုရင်လဲ ဘွားဘာသာ ဖုန်းဆက်တော့မယ်ကွယ်၊ မြေးအရေးကြီးနေရင် သွားပါတော့"

"ဟာ... အရေးမကြီးပါဘူး ဘွား၊ ကျွန်တော် ခေါ်ပေးပါ့မယ်"

"ခေါ်ရင်လဲ ခုပဲ ခေါ်ကွယ်၊ ဘွားနေရတာ သိပ်မကောင်းတော့လို့ပါ"

ဘွားဘွားပြောနေတဲ့ စကားတွေက စိတ်ပူစရာဖြစ်နေတာမို့ ဆရာဝန် ခေါ်ရကောင်းမလား၊ မခေါ်ဘဲနေရကောင်းမလား၊ သူက စဉ်းစားရခက်နေမိတော့တာ။

"ကျွန်တော် ဖုန်းအရင်ဆက်ထားလိုက်မယ် ဘွား၊ ပြီးမှ သွားခေါ်လိုက်မယ်နော်"

"အေး... အေး... မြန်ပါစေနော်"

"ဟုတ်ကဲ့"

ဘွားဘွားကို သူက ဘယ်လိုအကဲခတ်ရမှန်းတောင် မသိတော့ပါ။

တကယ်ပဲ နေမကောင်းဖြစ်နေတာလား၊ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



အဖော်မရှိလို့ ဂျိုဂျောင်ကျနေတာလား၊ မစဉ်းစားတတ်တော့။

ဘာပဲဖြစ်ဖြစ် ဘွားက ခေါ်နိုင်းမှတော့ ခေါ်ပေးမှပဲဖြစ်ပါမည်။

'အာရဏ်'က 'မေထိပ်ခေါင်'ရဲ့ အိမ်ကို ဖုန်းမဆက်ခင် နှာစ်နဲ့အလျင် စကားပြောကြည့်ရပါသေးသည်။

"ဆရာမ အဘွား ညကအိပ်ရဲ့လား"

"ညကမအိပ်ဘူး သားရေ၊ စကားတွေချည်း ပြောနေတာကွဲ့"

"ဟုတ်လား ဆရာမ၊ နေရောကောင်းရဲ့လားဗျာ၊ အခု ကျွန်တော်ကို နေသိပ်မကောင်းဘူးလို့ ပြောနေတယ်၊ ဆရာဝန်တော့ မခေါ်ရဘူးတဲ့ဗျာ"

"အဘွားကိုကြည့်ရတာ တစ်မျိုးတော့ ဖြစ်နေတယ်ကွယ်၊ ပိုပြီး ဂရုစိုက်လိုက်ပါ"

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရသည်။

"ဟုတ်... ဟုတ်ကဲ့ ဆရာမ"

ဆရာမ ပြောတဲ့စကားရဲ့ အဓိပ္ပာယ်က စိုးရိမ်စရာရှိတယ်ဆိုတဲ့ အဓိပ္ပာယ်များလားလို့တွေးရင်း သူက မေထိပ်ခေါင်ရဲ့အိမ်ကို ဖုန်းဆက်လိုက်မိသည်။

ပြီးတော့ မေထိပ်ခေါင် ဖုန်းလာမကိုင်ပါစေနဲ့ လူကြီးနှစ်ယောက်ထဲက တစ်ယောက်ယောက် လာကိုင်ပါစေလို့လည်း ဆုတောင်းနေမိသေးတော့တာ။

သူမလေးသာ ဖုန်းလာကိုင်ရင် သူခေါ်တာကို မယုံဘဲ မလိုက်ဘူးလို့ ငြင်းပစ်မှာစိုးရိမ်လို့ ဆုတောင်းနေရတာပါ။

ဒါပေမယ့် သူ့ရဲ့ဆုတောင်းက ပြည့်ဝလို့ပဲ တော်ပါသေးသည်။ ဖုန်းလာကိုင်သူက ဘွားဘွား ဖြစ်နေပါသည်။

"ဟယ်လို"

ဘွားဘွားအသံကို မှတ်မိနေတာမို့ သူက ချက်ချင်းပဲ ဆက်ဆက်လိုက်ပါသည်။

"ဘွားဘွား ကျွန်တော် အာရဏ်ပါ"

"အေးကွယ်သား၊ ကိစ္စရှိလို့လား"

"ဟို... ဟိုလေ၊ ကျွန်တော်အဘွားက ထိပ်ကို တွေ့ချင်တယ်၊ စကားပြောချင်တယ်လို့ ဂျီကျနေလို့ ဘွားဘွားရယ်၊ နေလဲသိပ်မကောင်းဘူးဆိုတော့ အဲဒါ"

"ဪ... ထိပ်ကိုခေါ်ချင်လို့လား၊ လာခေါ်လေ သား







www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ သားအဘွားက အရမ်းနေမကောင်းလို့လား"

"အရမ်းတော့ မဟုတ်ပါဘူးဗျာ၊ ရင်ထဲမှာ နေရတာ မကောင်းဘူးတဲ့၊ အဲဒါ ဆရာဝန်တော့ မခေါ်နိုင်ဘူး ဘွား ဘွားရေ ထိပ်ကို ခေါ်ပေးပါတဲ့လေ"

"အို... ဟုတ်လား၊ ထိပ်နဲ့ စကားပြောချင်လို့ ဖြစ်မှာပေါ့ကွယ်၊ မောင်အာရုဏ်လာခေါ် မလား၊ ဒရိုင်ဘာနဲ့ လွှတ်ပေးလိုက်ရမလားကွယ်၊ ဘွားဘွားတော့ မလိုက်တော့ဘူး ညနေမှပဲ ယတ်သတ်လာခဲ့တော့မယ်၊ တော်ကြာ သားအဘွားက ထိပ်နဲ့စကားပြောချင်နေတာ ဘွားဘွားလိုက်လာရင် ရှု နေမှာစိုးလို့လေ"

"ကျွန်တော် ခုပဲ ထွက်လာခဲ့ပါမယ် ဘွားဘွား၊ ဒရိုင်ဘာနဲ့ မလွှတ်လိုက်ပါနဲ့ဗျာ"

"အေးကွယ်၊ ထိပ်ကို အဆင်သင့် လုပ်ခိုင်းထားလိုက်မယ်နော်၊ ဒါပဲ မဟုတ်လား ဘွားဘွား ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့ ခင်ဗျ"

အာရုဏ်က ခုမှပဲ စိတ်အေးသွားပြီး အသက်ဝအောင် ရှူလိုက်မိပါတော့သည်။

* * *



အခန်း(၈)

"သမီးလေးရေ"

"ရှင် ဘွား"

"ခုပဲ မောင်အာရုဏ် ဖုန်းဆက်တယ်ကွယ်၊ သူ့အဘွား နေသိပ်မကောင်းဘူးတဲ့၊ အဲဒါ ဆရာဝန် မခေါ်နိုင်းဘဲ မြေးကိုပဲ ခေါ်ခိုင်းနေတယ်တဲ့လေ"

"ဟင်"

တစ်ခါပဲ တွေ့ရသေးပေမယ့် ထိပ်က အဘွားအပေါ်မှာ သံယောဇဉ် ဖြစ်နေမိတာမို့ စိတ်ပူပန်သွားရပါတော့သည်။

"အရမ်းကြီး နေမကောင်းတာများလား မသိဘူးနော် ဘွားဘွား"

"မြေးလိုက်သွားကြည့်မယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်က တုန့်ဆိုင်းမှုနေဘဲ ချက်ချင်း ခေါင်းညိတ်လိုက်မိတော့တာ။

"သွားကြည့်မယ်လေ၊ အဲဒီအဘွားကို ထိပ်သနားလဲ သနားတယ်၊ ချစ်လဲချစ်တယ် ဘွားရဲ့"

"ကောင်းတာပေါ့တော်၊ အဘွားအရင်းထက် အဘွားယောက္ခမကို ပိုမချစ်နဲ့နော်"

ဘွားဘွား ပြောတဲ့စကားကြောင့် ထိပ်က ရှက်သွားရသေးသည်။

"ဘွားကလဲ မဆိုင်တာတွေ ပြောနေပြန်ပါပြီ"

"အဲလကားစတာပါတော်၊ စိတ်မဆိုးပါနဲ့ အခ်ဆင့်သင့်ပဲ ပြင်ထားပါမြေးရေ၊ ခဏနေရင် မောင်အာရုဏ်လာခေါ်လိမ့်မယ်နော်"

ဟင်...

အဲဒီလူကြီး လာခေါ်မှာတဲ့လား...

ထိပ်က သဘောမကျနိုင်ဘဲ ဖြစ်သွားရတော့တာ။

ဦးအာရုဏ်နဲ့ မျက်နှာချင်းဆိုင်ရမှာကိုပဲ ထိပ်ရဲ့ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်နေရတာပါ။





"ဟင်... ထိပ်ဘာသာ အိမ်ကကားနဲ့ သွားရင်မရဘူးလား"

"သူ့အဘွားက သွားခေါ်လို့ ပြောတာပဲဖြစ်မှာပေါ့မြေးလေးရယ်၊ ဒါကြောင့် မောင်အာရုဏ်က သူ့လာခေါ်မယ်လို့ ပြောတာဖြစ်မှာပေါ့ကွယ်၊ ဘွားကတောင် အိမ်ကကားနဲ့ လွှတ်ပေးရမလားလို့ မေးလိုက်ပါသေးတယ်"

အို... အဘွားဆီသွားရတာပဲလေ၊ တခြားကိစ္စတွေတွေးမနေတော့ပါဘူးလို့ စိတ်ကိုပြုပြင်ပြီး ထိပ်က ဦးအာရုဏ်လာခေါ်တာနဲ့လိုက်နိုင်အောင် အဆင့်သင့် ပြင်ဆင်ထားလိုက်ပါတော့သည်။

ထိပ်ပြင်ဆင်ပြီးတာနဲ့ ဦးအာရုဏ်က ရောက်လာပါသည်။

အဘွားအခန်းထဲက ပန်းအိုးမှာထိုးဖို့အတွက် ခြံထဲက နှင်းဆီပန်း အဖြူရောင်တွေကို ထိပ်ကိုယ်တိုင်ခူးပြီး ယူလာခဲ့ပါသည်။

ဟိုနေ့ကလိုမျိုး စကားတွေ အချေအတင် မဖြစ်ချင်တာမို့ ထိပ်က ပန်းစည်းလေးနဲ့အတူတူ ကားရှေ့ခန်းမှာ ပဲဝင်ထိုင်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… လှလိုက်တာ ထိပ်ရယ်' လို့ ပါးစပ်ကတောင် ဖွင့်ပြောမိတော့မလို သူ့စိတ်တွေက ယောက်ယက်ခတ်သွားရတာပါ။

ပါတိတ်ဝမ်းဆက် မိတ်ကပ်ရောင်ကို ဝတ်ဆင်ထားပြီး ရှည်လျားနက်မှောင်တဲ့ ဆံပင်တွေကို ခပ်မြင့်မြင့်လေး စုချည်ထားတဲ့ ချစ်သူလေးရဲ့အလှက ရင်ခွင်ထဲဆွဲသွင်းပြီး တအားချစ်ပစ်လိုက်ဖို့ပဲ ကောင်းနေတော့တာ။

'ထိပ်'က သူ့ကို စကားကစ်ခွန်းမှ မပြောပါ။ အဲဒီလိုဆိုတော့လည်း သူ့မှာနေမတတ်ထိုင်မတတ် ဖြစ်နေပြန်သည်။ ဒါနဲ့ပဲ စကားစရှာပြီး ပြောမိတော့သည်။

"ဘွားဘွားက မင်းကို အရမ်းတွေ့ချင်လွန်းလို့ လာခေါ်ရတာ…"

"ဆရာဝန်တောင် မခေါ်နိုင်းဘူးလေ…"

"ကိုယ်မှာရုံးသွားဖို့ ပြင်ဆင်ပြီးမှပဲ မင်းကိုလာခေါ်ရတာ ရုံးကိုမရောက်တော့ဘူးပေါ့"

"ခင်ဗျားကို ဘယ်သူက လာခေါ်ခိုင်းလို့လဲ၊ ကျွန်မတို့အိမ်မှာလဲ ကားရှိတာပဲ"

ဟာ… သွားပြီ။





သူကတော့ စကားပြောချင်လွန်းလို့ စကားမရှိစကားရှာပြီး ပြောလိုက်တာပါ။ ပြောလိုက်မှပဲ သူမလေးအတွက် စိတ်တိုစရာ ဖြစ်သွားရတာကတော့ သူ့ညံ့လွန်းတာပါ။

"ဘွားဘွားက သွားခေါ်လို့ပြောလို့လေ"

"ဒါဆိုလဲ ပြောမနေနဲ့တော့ပေါ့"

စူပုပ်ပုပ်မျက်နှာလေးနဲ့ သူ့ကိုလှည့်ကြည့်တဲ့ ချစ်သူလေးကို ဆွဲဖက်နမ်းပစ်ချင်တဲ့ စိတ်တွေရင်ထဲမှာ ပြည့်လျှံသွားရတော့တာ။

ဒါနဲ့ပဲ သူက မချင့်မရဲ စိုက်ကြည့်ပင်သွားတော့သည်။

"အို…"

စူးရဲတဲ့အကြည့်ကြောင့် ရင်ထဲမှာ လှိုက်ဖိုသွားရတော့တာ။

ရင်ခုန်သံတွေက မြန်ဆန်လာပြီး ရင်ထဲမှာ ကတုန်ကယင် ဖြစ်သွားရပါတော့သည်။

ထိပ်က ခပ်မြန်မြန်ပဲ အကြည့်ကို လွှဲလိုက်ရပါသည်။

အဲဒီနောက်မှာတော့ ဦးအာရဏ်ကလည်း စကားမပြောတော့ပါ။ ထိပ်ကလည်း ကားအပြင်ဘက်ကိုသာ ငေးမောပြီး တိတ်တိတ်လေး ရင်ခုန်လို့ လိုက်လာခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအာရုဏ်တို့ အိမ်ကြီးဆီကို ဘယ်လိုလုပ်ပြီး ရောက်လာမှန်းပင် ထိပ်မသိတော့ပါ၊ ကားရပ်လိုက်တော့မှာပဲ အိမ်ရှေ့ပေါ်တီကိုအောက်ကို ရောက်နေကြောင်း သိရပါတော့သည်။

"လာ... မေထိပ်ခေါင်၊ ဘွားဘွားစောင့်နေတယ်"

ထိပ်က ဘာမှမပြောတော့ဘဲ လိုက်လာခဲ့လိုက်ပါတော့သည်။

* * *



## အခန်း(၉)

"ဘွားဘွားရေ ထိပ်ရောက်နေပါပြီရှင်"

ထိပ်က အဘွားကိုပြုံးပြုံးလေး နှုတ်ဆက်ပြီး အခန်းထဲဝင်လာလိုက်တော့တာ။

ဦးအာရုဏ်အပေါ်မှာ မကျေညက်ပေမယ့် အဘွားကိုတော့ ထိပ်ကတကယ်ပဲ သနားလည်းသနား ချစ်လည်းချစ်မိပါသည်။ ဒါကြောင့်ပဲ ထိပ်က အဘွားစိတ်ချမ်းသာအောင်ပြုံးပြုံးလေးပဲ နှုတ်ဆက်လိုက်တာဖြစ်သည်။

"အို... သမီးလေး လာကွယ်၊ ဘွားက အရမ်းပဲလွမ်းနေတာ"

အိပ်ရာပေါ်မှာ မှေးနေရာကနေ အဘွားက လှဲကလေးဆန့်တန်းလို့ ထိပ်ကို ကြိုဆိုနေတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



အဘွားမျက်နှာ ညှိုးနွမ်းနေတာမို့ ထိပ်က စိုးရိမ်တကြီးပဲ မေးမိတော့သည်။

"ဘွားဘွား နေကောင်းရဲ့လားဟင်"

"မကောင်းပါဘူး သမီးရယ်၊ နေလို့လုံးဝမကောင်းဘူး"

ထိပ်က အဘွားရဲ့နဖူးကို ညင်ညင်သာသာလေး စမ်းလိုက်ပါသည်။

အဘွားက ထိပ်ရဲ့လက်ကလေးကို မလွှတ်တမ်းပြန်ပြီး ဆုပ်ကိုင်ထားတော့တာ၊ ထိပ်ကို ကြည့်နေတဲ့အဘွားရဲ့ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေဝေသီနေတာမို့ ထိပ်ပါစိတ်မကောင်း ဖြစ်သွားရပါတော့သည်။

"အို... နေမကောင်းရင် ဆရာဝန်ခေါ်ပေးရမှာပေါ့ ဘွားဘွားရယ်"

"ဆရာဝန် ကုပေးလဲ မကောင်းပါဘူး သမီးရယ်၊ဘွားဘွားဘာသာ သိတာပေါ့"

"မဟုတ်တာ"

"လာ... မြေး၊ ဘွားဘွားကို ကုလားထိုင်မှာ ထိုင်ပေးစမ်းကွယ်"

"ဟုတ်ကဲ့"





ဦးအာရဏ်က ဘွားဘွားကိုပွေ့ချီပြီး ကုလားထိုင်မှာ ပေးထိုင်သည်။

ထိပ်က ဦးအာရဏ်ရဲ့မျက်နှာ သိပ်မကောင်းတာကို သတိထားမိပါသည်။ အဘွားကိုကြည့်ရတာလည်း တစ်မျိုးကြီးပါပဲ။

တကယ်လို့ အဘွားသာ တစ်ခုခုဖြစ်သွားရင်လို့ ထိပ်ပါ မျက်နှာလေးပျက်သွားရပါတော့သည်။

အဘွားက ထိုင်ခုံမှာ နေသားကျထိုင်ပြီးတာနဲ့ ထိပ်တို့နှစ်ယောက်ကို ဘေးတစ်ဖက်တစ်ချက်စီမှာ ထိုင်ခိုင်းပါသည်။

"လာကွယ်၊ ဘွားဘွား အနားမှာလာထိုင်ကြပါ"

ထိပ်က ဦးအာရဏ်ကိုမကြည့်ဘဲ အဘွားရဲ့ ဘေးတစ်ဖက်မှာ ဝင်ထိုင်လိုက်တော့ ဦးအာရဏ်က တခြားတစ်ဖက်မှာ ဝင်ထိုင်သည်။

"မြေးလေး မောင်အာရဏ်"

"ဗျာ... ဘွားဘွား"

"သမီးလေးနဲ့ တစ်သက်လုံး ချစ်ချစ်ခင်ခင်နဲ့ နားလည်ကြင်နာပြီးနေကြနော်၊ မြေးက သမီးလေးထက် အသက်အ



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ကြီးတဲ့အပြင် ယောကျ်ားသားလဲ ဖြစ်တာမို့ သမီးလေးကို အစွမ်းကုန် သည်းခံအလိုလိုက်ရမယ်နော်"

"ဟုတ် ဟုတ်ကဲ့ပါ ဘွားဘွား"

"သမီးလေး မေထိပ်ခေါင်"

"ရှင် ဘွားဘွား"

"သမီးလေးကို ကြည့်ရတာ အိမ်ထောင်မပြုချင်သေးဘူးဆိုတာ ဘွားဘွား အကဲခတ်မိပါတယ်ကွယ်၊ သမီးလေးတို့အရွယ်မှာ အချစ်ဆိုတာကို အမျိုးမျိုးစိတ်ကူးယဉ်တတ်ကြတာ ဘွားဘွား သိပါတယ်ကွယ်၊ ဘွားဘွားရဲ့မြေး မောင်အာရဏ်က စကား အပြောအဆိုလဲမတတ်၊ ပျော့ပျော့ပျောင်းပျောင်းလဲ မဆက်ဆံတတ်တဲ့သူဆိုတော့ သမီးလေးအနေနဲ့ မချစ်ချင်ပါဘူးဆိုတာ ဘွားဘွားသိပါတယ်ကွယ်၊ ဒါပေမဲ့ ဘွားမြေးဟာ တကယ့်ယောကျ်ားကောင်း တစ်ယောက်ပါ"

အဘွားကပြောနေတဲ့ စကားကို ခဏရပ်ပြီး အမောဖြေနေသည်။

ထိပ်ကတော့ ဘာကြောင့်မှန်းမသိဘဲ ဝမ်းနည်းလို့ တဆတ်ဆတ် တုန်နေမိတော့တာ။

"ဘွားဘွား ရေသောက်မလားဟင်"





အဘွားကိုမေးတဲ့ ဦးအာရဏ်ရဲ့ စကားသံတွေကလဲ တုန်ယင်နေပါသည်။

"အေးကွယ်... ရေနည်းနည်းတိုက်ပါ"

အဘွားက ရေသောက်ပြီး စကားတွေဆက်ပြောနေပြန်ပါသည်။

"သမီးလေးနဲ့ မြေးမောင်အာရဏ်တို့ လက်ထပ်တာကို ဘွားဘွား မသေခင်မှာ တွေ့သွားချင်တယ်ကွယ်"

"အို... ဘွားဘွားက ဘာဖြစ်လို့ သေရမှာလဲ၊ မသေရပါဘူးနော်"

ထိမ်ဆာ အလန့်တကြားလေး ဝင်ပြောမိတော့တာ။

အဘွားက အပြုံးယဲ့ယဲ့လေးနဲ့ လက်ကာပြသည်။

"သေခြင်းတရားဆိုတာ လွန်ဆန်လို့ ရနိုင်တဲ့အရာမဟုတ်ဘူး သမီးလေးရေ၊ ဘွားဘွားက လူ့လောကမှာအနှစ်ရှစ်ဆယ်ကျော်ပြီးပြီ၊ ပျော်ရွှင်တာတွေ၊ ဝမ်းနည်းတာတွေ၊ ချမ်းသာတာတွေ၊ ဆင်းရဲတာတွေ၊ ချစ်တာတွေ၊ မုန်းတာတွေအားလုံးကို ခံစားခဲ့ပြီးပြီ အဘွားရဲ့ခန္ဓာကိုယ်ကြီးကလဲ သခါရတရားကြောင့် လိုချင်တပ်မက်စရာ မကောင်းတော့လောက်အောင် ပျက်စီးနေပြီ၊ ကဲ... အဘွားအတွက် သေ



www.burmeseclassic.com

www.burmeseclassic.com



ရမှာ ကြောက်လန့်စိုးရိမ်နေစရာ မရှိတော့ပါဘူး သမီးလေးရယ်"

"ဘွားဘွား တခြားအကြောင်း ပြောရအောင်နော်"

ဦးအာရဏ်ကလည်း အဘွားပြောနေတဲ့ စကားတွေကို နားထောင်နိုင်စွမ်း ရှိဟန်မတူပါ။ အသံတုန်တုန်နဲ့ တားနေပါသည်။ ထိပ်ကလည်း အဘွားပြောနေတာတွေကို စိတ်မကောင်းဖြစ်ရလွန်းတာမို့ စကားဝင်လွှဲပေးလိုက်မိပါသည်။

"အို... ထိပ်မေ့နေလိုက်တာ ဘွားဘွားရယ်၊ ဘွားဘွားအခန်းထဲက ပန်းအိုးတွေမှာ အလှထိုးဖို့ ထိပ်နှင်းဆီပန်းတွေခူးလာတယ် သိလား၊ အားလုံး အဖြူရောင်တွေချည်းပဲ၊ ဘွားဘွား မျက်စိအေးအောင်လေ၊ ထိပ်ကိုယ်တိုင်ထိုးပေးမယ်"

ထိပ်က ထိုင်နေရာကနေ ထဖို့ဟန်ပြင်လိုက်တာနဲ့ အဘွားက ထိပ်ရဲ့လက်ကို ဆွဲပြီး ပြန်ထိုင်ခိုင်းပါသည်။

"နှင်းဆီဖြူဆို ဘွားဘွားက အရမ်းကြိုက်တာ သမီးလေးရဲ့၊ ပြီးမှ ပန်းအိုးမှာထိုးပါကွယ်၊ အခုဘွားဘွား ပြောချင်တာတွေ ပြောလို့မပြီးသေးဘူး"

ကဲ... ထိပ်က ဘာတတ်နိုင်တော့မှာလဲ...

ထိပ်က ပြန်ထိုင်ဖို့ပဲ ရှိပါတော့သည်။





"မြေးတို့ မင်္ဂလာဆောင်ဖို့ ရက်ယူထားတာ နောက်သုံးလလောက်လိုသေးတယ်နော်"

"ဟုတ်... ဟုတ်ကဲ့ ဘွားဘွား၊ သုံးလနဲ့ ဆယ့်တစ်ရက်လိုပါသေးတယ်"

ဦးအာရဏ်က ရက်ပါ အတိအကျ မှတ်ထားတာမို့ နည်းနည်းတော့ အံ့ဩသွားရပါသည်။

"ဒါဆို ရက်တစ်ရာလောက် လိုသေးတာပေါ့ကွယ်"

"ဟုတ်ကဲ့"

"ဘွားဘွား အဲဒီလောက် မနေရတော့ပါဘူး"

"အို..."

"ဗျာ..."

ထိပ်နဲ့ ဦးအာရဏ်ဆီက အာမေဋိတ်သံ နှစ်သံပြိုင်တူထွက်သွားရတော့တာ။

"တကယ်ပြောတာပါကွယ်၊ နောက်ထပ်ရက်ပေါင်းတစ်ရာလောက်အထိ ဘွားဘွား နေရတော့မှာ မဟုတ်ပါဘူး"

"မဟုတ်တာ ဘွားဘွားရယ်"

ထိပ်က ငိုချင်စိတ်ကို မနည်းဘဲ ထိန်းထားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအာရှဏ်ကို ကြည့်လိုက်တော့လည်း မျက်နှာတစ်ခုလုံး နီရဲလို့ပါ။ ဒါ သေခါနီး လူတွေပြောတတ်တဲ့ စကားမျိုးတွေလား၊ အဘွားက သေခါနီး အချိန်ရောက်နေပြီလား၊ ထိပ်က ဆက်မတွေးနိုင်တော့ဘဲ ကြေကွဲဝမ်းနည်းသွားရပါတော့သည်။

အရမ်းကြီး ငိုချင်နေပေမယ့် ငိုလည်းမငိုရဲပါ။ တော်ကြာ ထိပ်ငိုလိုက်မှ အဘွားတစ်ခုခု ဖြစ်သွားမှာကိုလည်း စိတ်ပူရပါသေးသည်။

"သမီးလေးနဲ့ မြေးလေးကို ဘွားဘွားကိုယ်တိုင် လက်ထပ်ပေးခဲ့ချင်တယ်ကွယ်၊ လက်ဖွဲ့ပစ္စည်းတွေကိုလဲ ဘွားပေးခဲ့ချင်တယ်၊ ဘွားမသေခင်မှာပေါ့ကွယ်"

"အို..."

ထိပ်က ဘာပြောရမှန်း မသိတော့ပါ။ ဦးအာရှဏ်ကို ကြည့်လိုက်တော့လည်း ခေါင်းငုံ့ငြိမ်သက်နေတာကိုပဲ တွေ့ရပါသည်။

"ဘွားဘွားမသေခင် ဘွားဘွားရဲ့ဆန္ဒကို လိုက်လျောကြမယ် မဟုတ်လားကွယ် ဟင်... အခုကတည်းက လက်ထပ်ပြီး ဘွားဘွားလက်ဖွဲ့မယ် အိမ်မှာ အတူတူနေကြမယ် မဟုတ်





လားကွယ်"

ဦးအာရှဏ်က ဘာပြောမလို့လဲ မသိပါ။ ဘွားဘွားက လက်ကာ တားမြစ်တာမို့ မပြောဘဲ ငြိမ်သက်ကျသွားပါတော့သည်။

သနားကြင်နာတတ်တဲ့ ထိပ်ကတော့ ဘွားဘွားကို ဆန့်ကျင်ရက်နိုင်ဘဲ တိတ်တိတ်လေး ထိုင်နေမိပါတော့သည်။

"သမီးလေး ဘွားဘွားဆန္ဒကို လိုက်လျောပေးမယ် မဟုတ်လားဟင်... သမီးလေးတို့ လက်မထပ်ရသေးခင်မှာ ဘွားဘွား သေသွားခဲ့ရင် စိတ်မချမ်းမသာနဲ့ သေရမှာပါ"

"အို... ဘွားဘွားရယ်"

"ဘယ်လိုလဲကွယ် သုံးလလောက်စောပြီး လက်ထပ်ပေးလို့ဖြစ်မလား၊ အဘွားအိုကြီးတစ်ယောက်ရဲ့ ဆန္ဒကိုဖြည့်ဆည်းပေးတဲ့ အနေနဲ့ပေါ့"

ထိပ်ရဲ့အသည်းနှလုံးတွေက ဒီလောက်ကြီး မမာနိုင်ပါ။ သနားစရာကောင်းတဲ့ အဘွားရဲ့ဆန္ဒကို ခေါင်းခါနိုင်တဲ့ စွမ်းရည်မျိုး ထိပ်ဆီမှာမရှိတာ သေချာပါသည်။

"ပြောပါဦး သမီးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘွားက ထိပ်ရဲ့မျက်နှာကို မျှော်လင့်တကြီးကြည့်ပြီး ပြောနေတာမို့ ထိပ်က ခပ်မြန်မြန်လေးပဲ ခေါင်းညိတ်လိုက်မိပါတော့သည်။

"ဘွားဘွား ကြိုက်သလိုသာ စီစဉ်ပါရှင်၊ ထိပ်… ထိပ်ဘွားဘွားရဲ့ဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးပါမယ်"

"အို… ဝမ်းသာလိုက်တာ သမီးရယ်၊ သာဓု သာဓု သာဓုပါကွယ်"

ထိပ်က ခေါင်းငုံ့လို့ စီးကျလာတဲ့ မျက်ရည်တွေကို ဘွားဘွားမမြင်အောင် ကွယ်ဝှက်ထားလိုက်ရပါတော့သည်။

ထိပ်ငိုမိတာက ဘွားဘွားအတွက် စိတ်မကောင်းဖြစ်ရလို့ပဲ ဖြစ်ပါသည်။

* * *

## အခန်း(၁၀)

ခေါင်းလေးငုံ့ပြီး ငိုကြွေးနေတဲ့ သူမလေးကို 'အာရုဏ်' အားနာသနားမိပါသည်။

ဘွားဘွားကြောင့် သူ့ကို မြန်မြန်ဆန်ဆန် လက်ထပ်…တာမှာမို့ သူမလေးရင်ထဲမှာ ဘယ်လောက်အထိများ…နေရမလဲဆိုတာ သူကောင်းကောင်းကြီး သဘောပေါက်…သည်မိပါသည်။

ဒါပေမယ့် ဘွားဘွားကိုလည်း ဝင်မတားရက်ပါ။ သူ့…တိုင် ဘွားဘွားအတွက် စိတ်ပူပန်နေမိလို့ပါ။

"မြေးလေးရေ"

"ဗျာ… ဘွားဘွား"

"သမီးလေးရဲ့ ဘိုးဘိုးနဲ့ ဘွားဘွားကို သွားခေါ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ပါကွယ်၊ ပြီးတော့ တရားသူကြီးကိုလဲ ခေါ်ပါ၊ ဒီနေ့ပဲ သမီး
လေးနဲ့ မြေးလေးတို့ လက်ထပ်ကြပါ”

“ဟာ… ဒီ… ဒီလောက် မြန်မြန်ဆန်ဆန်ကြီးဆိုတော့”

“ဘွားဘွားမှာ အချိန်မှမရှိတော့တာကွယ်”

သူ့ရင်ထဲမှာ ပူလောင်ရတာတော့ အမှန်ပါ။ ဘွားဘွား
တကယ်ပဲ ပြောနေတာလား… ဒါမှမဟုတ် သူ့နဲ့ မေထိပ်ခေါင်
အမြန်လက်ထပ်ဖြစ်အောင်ပဲ လုပ်နေတာလား… သူ့မစဉ်းစား
တတ်တော့ပါ။

“ကဲပါ မြေးရယ်၊ သမီးလေးရဲ့ ဘိုးဘိုးနဲ့ ဘွားဘွား
ကို အမြန်ခေါ်ပေးပါ”

သူက ထိပ်ကို အားနာတဲ့အကြည့်နဲ့ ကြည့်မိတော့
ထိပ်က ခေါင်းကလေး ညိတ်ပြပါသည်။ ‘ခေါ်ပေးလိုက်ပါ’
ဆိုတဲ့ သဘောမျိုးပဲပေါ့။

“ပြီးတော့ ရှေ့နေရော၊ တရားသူကြီးကိုရော ခေါ်
ကွယ်”

“ဖေဖေနဲ့မေမေကို တစ်ရက်နှစ်ရက်လောက် စောင့်ပါ
ဦးလား ဘွားဘွားရယ်”

“တစ်ရက်နှစ်ရက်တောင် ဘွားဘွားကိုယ်တိုင် စိတ်မ





နိုင်ဘူးကွယ်”

သူ ဘာမှမပြောသာတော့ပါ။

ဘွားဘွား ခိုင်းတဲ့အတိုင်းပဲ လုပ်ပေးရပါတော့မည်။

“ဒီမှာ”

သူ့ဘွားဘွားရဲ့ အခန်းထဲက ထွက်လာတော့ သူမလေး
က အသာပဲ သူ့ကိုလှမ်းခေါ်တာပါ။

“ဘိုးဘိုးနဲ့ ဘွားဘွားဆီကို ကျွန်မဖုန်းဆက်လိုက်မယ်”

သူမလေးက သူ့ကိုမကြည့်ဘဲ ပြောတာပါ။

“မေထိပ်ခေါင်”

သူ့ခေါ်လိုက်တော့မှ သူမလေးက သူ့ကိုမော့ကြည့်
ပါသည်။

ဒီတော့လည်း အာရဏ်က ဘာပြောရမှန်းမသိဘဲ ဆွံ့
အနေမိပြီး နောက်မှအတင်း ကြိုးစားပြီး ပြောလိုက်ရပါတော့
သည်။

“တောင်းပန်ပါတယ် မေထိပ်ခေါင်”

“ဘွားဘွားအတွက်ပဲလေ၊ ရှင်တောင်းပန်စရာ မလို
ပါဘူး”

မေထိပ်ခေါင်ရယ်…



www.burmeseclassic.com

www.burmeseclassic.com



မင်းလေး ကိုယ့်ကို အရမ်းပဲ မုန်းနေပြီလား။ဗျာ...

ကိုယ့်ရင်ဘတ်ထဲမှာတော့ အချစ်တွေအပြည့်ပါ...
ကလေးရယ်

သူမလေးက သူ့အနားကနေ ချာခနဲ လှည့်ထွက်သွ...
တော့မှ သူက လုပ်စရာရှိတာတွေကို စဉ်းစားပြီး လုပ်စ...
ရှိတာတွေကို စဉ်းစားပြီး လုပ်ရပါတော့သည်။

ဘွားဘွားကတော့ သူ့နဲ့မေထိပ်ခေါင်ကို ဒီနေ့ပဲ လ...
ထပ်ပေးပါတော့မည်။

သူမလေးကို ချစ်ပြီး လက်ထပ်ချင်လွန်းပေမယ့် အရ...
မျိုး မလှုးသာမလွန့်သာ ပုံစံမျိုးနဲ့ လက်ထပ်ရတာမျိုးတေ...
လည်း သူက မဖြစ်စေချင်ပါ။

ချစ်သူလေး စိတ်ဆင်းရဲမှာကို သူက တကယ်...
မကြည်ရက်တာပါ။ ဒါပေမယ့် ဘွားဘွားရဲ့ဆန္ဒအတိုင်...
သူက အားလုံး စီစဉ်ရပါတော့သည်။

ထိုအချိန်တွင် ထိပ်ကလည်း ဘိုးဘိုးနဲ့ ဘွားဘွား...
ဖုန်းဆက်လိုက်ပါသည်။

"ဟယ်လို"

"ဘွားဘွားလား ထိပ်ပါ"





"သမီးလေး ဘယ်ကဆက်နေတာလဲကွယ်"

"ဦးအာရဏ်ရဲ့အဘွားဆီကပါ၊ ဘွားဘွား ဒီ... ဒီမှာ အခြေအနေ သိပ်မကောင်းဘူး၊ ဘိုးဘိုးနဲ့ဘွားဘွား အမြန်လာခဲ့ပါနော်"

စကားပြောနေရင်းနဲ့ ထိပ်ရဲ့အသံလေးက ငိုသံလေးစွက်လာမိတော့တာ။

"ဟင်... ဘယ်... ဘယ်လိုအခြေအနေမကောင်းတာလဲ သမီးရယ်၊ ဘွားဘွားရင် တုန်လိုက်တာ"

"ဒီ...ဒီက အဘွားက သူ့ကိုယ်သူ သေတော့မယ်၊ အချိန်မရှိတော့ဘူးလို့ ပြောနေတယ် ဘွားဘွား"

"ဘုရားရေ..."

"အဲဒါ ထိပ်တို့မင်္ဂလာဆောင်ဖို့က ရက်တစ်ရာလောက်လိုသေးတယ်တဲ့၊ သူ့မှာ အချိန်မရှိတော့ဘူးတဲ့ ဒါကြောင့် ထိပ်နဲ့ ဦးအာရဏ်ကို ဒီနေ့ပဲ လက်ထပ်ပေးချင်တယ်တဲ့၊ ဒါကြောင့် ဘိုးဘိုးနဲ့ ဘွားဘွားကို ခေါ်ပေးပါဆိုလို့ ထိပ်ဖုန်းဆက်ရတာပါ၊ အမြန်လာခဲ့ပါ ဘွားဘွားရယ်၊ ဒီက အဘွားကို ထိပ်အားမရတော့ဘူး"

"အို... လာမယ် လာမယ် ခုပဲ လာခဲ့မယ် သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ရေ၊ မောင်အာရုဏ် မိဘတွေကလဲ အလုပ်ကိစ္စနဲ့ စင်္ကာပူကို သွားနေကြတယ်ဆိုတော့ ဘွားဘွားတို့ပဲရှိတာလေ”

“ဟုတ်... ထိပ်ဖုန်းချလိုက်တော့မယ်နော် ဘွား”

“အေးကွယ်”

ဖုန်းပြောပြီးတာနဲ့ ထိပ်က နှစ်အန်တီနဲ့ စကားပြောဆို မေးမြန်းရပြန်ပါသည်။

“အန်တီဘွားဘွားရဲ့ အခြေအနေက ဘယ်လိုမျိုးလဲဟင်”

“သမီးရယ် အဘွားက အသက်လဲ အရမ်းကြီးနေပြီဆိုတော့ ပြောရခက်တယ်၊ တစ်နေ့ရှေ့ တစ်နေ့ငွေဆိုသလိုပဲပေါ့။ ဒီနေ့ကြည့်ရတာ သိပ်တော့ အားမရလှဘူး၊ မျက်နှာညှိုးနေတယ်”

“အို... ထိပ်တော့ အရမ်းစိတ်ပူတာပဲ အန်တီရယ်၊ ဆရာဝန် ခေါ်ပြီးပြလိုက်ရင် မကောင်းဘူးလား...ဟင်”

“အဲဒီလိုမျိုးလဲ မဟုတ်ပြန်ဘူး၊ ပြီးတော့ အဘွားကတစ်မျိုး သမီးရဲ့၊ သူက ဆရာဝန်မခေါ်ခိုင်းဘဲ ခေါ်ရင် အရမ်းစိတ်ဆိုးတတ်တာကွယ့်”

“ဩော်...”





“လောလောဆယ် အဘွား လုပ်ချင်တာတွေ ဖြစ်ချင်တာတွေ လိုက်လုပ်ပေးလိုက်ရင် နေကောင်းသွားချင်သွားမှာပါလေ၊ စိတ်က အဓိကပဲ မဟုတ်လား”

“ဟုတ်ကဲ့ အန်တီ၊ ကျေးဇူးတင်ပါတယ်နော်”

“အို... ရပါတယ် သမီးရယ်”

နှစ်အန်တီနဲ့ စကားစဖြတ်ပြီး ထိပ်က အဘွားဆီပြန်လာနေပေးရပြန်သည်။ အဘွားက ထိပ်ရဲ့လက်ကလေးကိုပဲ မလွှတ်တမ်း ဆုပ်ကိုင်ထားတော့တာ။

ပြီးတော့ အဘွားက ဦးအာရုဏ်ကို ချစ်တဲ့အကြောင်း၊ ဦးအာရုဏ် စိတ်ချမ်းသာတာကိုပဲ မြင်တွေ့ချင်တဲ့အကြောင်းကိုလည်း တဖွဖွပြောနေပါသည်။

တခါတခါကျတော့လည်း အဘွားက ငယ်စဉ်က အိမ်ထောင်ရေးသာယာလို့ ပျော်ရွှင်ခဲ့ရတာတွေကို ပြောပြနေပြန်သည်။

ထိပ်ကတော့ စကားပြောလိုက် မောပြီးနားလိုက်လုပ်နေတဲ့ အဘွားကို ရင်တမမနဲ့ပဲ စောင့်ကြည့်နေရတော့တာ၊ ဦးအာရုဏ်ကလည်း မရှိတော့ ပိုစိတ်ပူရပါသည်။

အဲဒီအချိန်မှာပဲ ဘိုးဘိုးနဲ့ ဘွားဘွား ရောက်လာပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

"ဟော... ဦးရဲခေါင်နဲ့ ဒေါ်မေသီတို့ ရောက်လာကြပြီ
လာပါ ထိုင်ပါ၊ ညည့်စခန်းမှာထွက်ပြီး ညည့်မခံနိုင်တာ
လွှတ်ကြပါနော်"

"အို... မဟုတ်တာဗျာ၊ ကျွန်တော်တို့က ညည့်သည်
မဟုတ်ဘဲ"

"ဟုတ်ပါတယ် မမရယ်၊ သီတို့ကို ဘာမှ အား
နေစရာ မလိုပါဘူးရှင်"

လူကြီးတွေ စကားပြောနေကြတာမို့ ထိပ်က အ
လေးပဲထွက်ပြီး ဘေးမှာထိုင်နေရပါသည်။

"စိတ်တော့ မရှိပါနဲ့ကွယ်၊ အစ်မရဲ့ အခြေအနေ



အစ်မ သိနေတာမို့ မြေးလေးတွေကို ဒီနေ့ပဲ လက်ထပ်ပေး
ချင်လို့ပါ"

"အို... ပြောနေစရာ မလိုပါဘူးရှင်"

"ဟုတ်ပါတယ်ဗျာ"

အဲဒီအချိန်မှာပဲ ဦးအာရုဏ်ကလည်း ရှေ့နေတွေရယ်
တရားသူကြီးရယ်နဲ့ ရောက်လာပါတော့သည်။

ကံတရားက ထူးခြားဆန်းကြယ်လွန်းလှပါသည်။
ဘယ်လိုမှ စိတ်ကူးမထား ထင်မှတ်မထားပါဘဲ ထိပ်နဲ့ ဦး
အာရုဏ်က ချက်ချင်းကြီးပဲ လက်ထပ်စာချုပ်မှာ လက်မှတ်ရေး
ထိုး လို့ တရားဥပဒေအရ လင်မယားတော်စပ်သွားရပါတော့
သည်။

လက်မှတ်ရေးထိုးပြီးတာနဲ့ ဘွားဘွားက ရှေ့နေနဲ့တရား
ဝင် အမွေတွေ ခွဲဝေပေးပါတော့သည်။

လက်ရှိအဘွား နေထိုင်နေတဲ့ ကာလပေါက်ဈေးသိန်း
ထောင်ချီတန်နေတဲ့ အိမ်နဲ့ခြံကိုလည်း အဘွားက လက်ဖွဲ့
ပါသည်။

အတွင်းပစ္စည်း လက်ဝတ်ရတနာတွေကိုလည်း လက်
ဖွဲ့ပစ္စည်းအဖြစ် အားလုံးရဲ့ရှေ့မှာပဲ ထိပ်ကိုပေးအပ်နှံပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိပ်က ဒီပစ္စည်းတွေကို ဘယ်လိုမှမက်မောသေမယ့် အဘွားက အတင်းပေးနေတာမို့ လက်ခံယူ ရပါတော့သည်။

"ကဲ… မြေးတို့နှစ်ယောက်က တရားဝင်လင်မယား ဖြစ်သွားပြီနော်၊ တစ်ယောက်ကိုတစ်ယောက် နားလည်စာနာပြီး သာယာတဲ့ အိမ်ထောင်တစ်ခု ဖြစ်အောင်တည်ဆောက်ကြပါ"

"ဟုတ်ကဲ့ပါ ဘွားဘွား"

နှစ်ဖက်ဘိုးဘွားတွေကို ကန်တော့ပြီးတာနဲ့ ဦးအာရုဏ်ရဲ့အဘွားက ဒီအိမ်ကြီးမှာပဲ မင်္ဂလာအခန်းကို ပြင်ဆင်နိုင်းသည်။

"ဒါ… မြေးတို့နှစ်ယောက်ပိုင်တဲ့ အိမ်ဖြစ်သွားပြီနော်"

"ဟုတ်ကဲ့"

"ဘွားဘွားမောနေပြီ၊ ခဏလောက် နားလိုက်ပါလားဟင်"

"ဟုတ်ပါတယ် မမရယ်၊ နားလိုက်ပါလားရှင်"

အဘွားက ပြုံးပြုံးရွှင်ရွှင်ပါပဲ။

"နားတာပေါ့ကွယ်၊ ကိစ္စတွေပြီးရင် နားမှာပါ၊ အခုမှပဲ စိတ်အေးသွားရတော့တယ်"





အဘွားရဲ့ပုံစံက ရွှင်လန်းလာတော့မှပဲ အားလုံး သက်ပြင်းချနိုင်ပါတော့သည်။

ထိပ်နဲ့ဦးအာရုဏ်ကို ဆုံးမစကားတွေပြောပြီး အဘွားက အားလုံးကို နှုတ်ဆက်ပြီး အနားယူဖို့ အခန်းထဲဝင်သွားပါတော့သည်။

အစကတော့ အဘွားတစ်ခုခုဖြစ်သွားမှာ စိတ်ပူပြီး လက်ထပ်ရမှာကို ထိပ်ကမကြောက်မိသေးပါ။

အဘွား စိတ်ချမ်းသာဖို့ရယ်၊ အဘွားကို သနားတာရယ်ပဲ ထိပ် ရင်ထဲမှာရှိခဲ့ပါသည်။

အခုလည်းကျရော ထိပ်မှာ ပူပင်သောကတွေ ဖြစ်ရပါတော့သည်။

တကယ့် နဖူးတွေ့ဒူးတွေ့ တွေ့လာရပြီလေ။

"ကဲ… မြေးရေ၊ မြေးက မောင်အာရုဏ်ရဲ့ဇနီး ဖြစ်သွားပြီနော်၊ မောင်အာရုဏ် ပြောဆိုဆုံးမတာကို နာခံရမယ်၊ အားလုံးလုပ်လုပ် မောင်အာရုဏ်ရဲ့ ခွင့်ပြုချက်ရမှ လုပ်ရတော့မယ်၊ နားလည်လား"

ဘွားဘွားရဲ့ ဆုံးမစကားကို နားထောင်မိတာနဲ့ ထိပ်မှာ ရှိုက်ကြီးတငင် ငိုချလိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အီး… ဟီး… ဟီး…"

"ဟဲ… မငိုနဲ့လေကွယ်၊ ဘွားဘွား ကြားသွားရင် စိတ်မကောင်းဖြစ်တော့မှပဲ"

ဘိုးဘိုးက ဝင်ဆူတာပါ။

"မြေးရယ်၊ ကလေးမဆန်ပါနဲ့တော့ကွယ်၊ ဘွားဘွားတို့ စိတ်ချလက်ချ ထားခဲ့ချင်ပါတယ်ကွယ်"

"ဟင်… ဘွားတို့က ထိပ်ကို ဒီမှာထားခဲ့မလို့လား"

"အေးလေကွယ် မြေးကို အိမ်ပြန်ခေါ်သွားလို့ ဘယ်ဖြစ်တော့မှာလဲ၊ ပြီးတော့ ဘွားဘွားကဆိုရင်လဲ သူ့အိမ်မှာ နေစေချင်လို့ မဂ်လာအခန်းကိုတောင် ပြင်ဆင်ထားတာလေ ကွယ်"

"ဟင့်အင်း… ဟင့်အင်း… ထိပ်မနေခဲ့နိုင်ဘူး၊ ထိပ်ထိပ် ဘိုးနဲ့ဘွားကိုလဲ မခွဲနိုင်ဘူး၊ ထိပ် မရက်စက်ပါနဲ့ ဘွားဘွားရယ် အီး… ဟီး… ဟီး…"

မေထိပ်ခေါင်က အားရပါးရငိုလေ အာရုဏ်မှာ အနေ ရခက်လေသေပါ။

ချစ်သူလေး ငိုနေတာကိုတွေ့ရတော့ သူလည်း ဘယ် လိုမှ စိတ်မချမ်းသာပါ။ ဒါပေမယ့် ဘာမှလည်း ဝင်ပြော





းဖို့ သူ့မတတ်နိုင်။

"တိတ်… တိတ်… မြေး၊ မြေးရဲ့အဝတ်အစားတွေ ာပို့ပေးမယ်၊ ဘွားဘွား စိတ်ချမ်းသာအောင် ပျော်ပျော်ရွှင် င်လေး နေစမ်းပါကွယ်"

"ဘိုးဘိုးတို့လဲ နေ့တိုင်းလာမှာပါ၊ မြေးလဲနေ့တိုင်း ာပေါ့"

ဦးရဲခေါင်နဲ့ ဒေါ်မေသီတို့ စနီးမောင်နှံကလည်း မြေး းကိုကြည့်ပြီး ဘယ်လို့မှ စိတ်မကောင်းနိုင်ပါ။ သုံးလ မီးတည်းက ပြုစုစောက်ရှောက်ခဲ့ပြီး နှစ်နှစ်ဆယ်နီးပါး စ်ရက်မှမခွဲဘဲ အတူတူနေခဲ့တဲ့မြေးကို ဘယ်ခွဲချင်ပါ့မလဲ။

မြေးလေး လက်ထပ်ပြီးရင် အိမ်မှာပဲခေါ်ထားဖို့ စီစဉ် ားပြီးသားပါ။

အခုကိစ္စက မထင်မှတ်ဘဲ ကြားဖြတ်ပြီး ဝင်လာတဲ့ စ္စဖြစ်သည်။

မောင်အာရုဏ်ရဲ့ အဘွားက ဒီလိုမျိုး ကောက်ကာငင် ာ စီစဉ်လိုက်တော့ ဘာများတတ်နိုင်မှာတဲ့လဲ။ လောလော ယ်တော့ နေမကောင်းဖြစ်နေတဲ့ သူ့ကို ဦးစားပေးတဲ့အ နဲ့ မြေးလေးကို ဒီအိမ်မှာထားပေးရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာပဲ ဟိုအိမ်တစ်လှည့် ဒီအိမ်တစ်လှည့် နေနိုင်းရမှာပါ။

ခက်တာက နှစ်ဖက်စလုံးက တစ်ဦးတည်းသောမြေးတွေချည်း ဖြစ်နေတာပါ။

"မြေးလေး မေထိပ်ခေါင်"

"ရှင် ဘွားဘွား"

"ဘွားဘွားပြောတာကို နားထောင်နော်၊ လောလောဆယ်မှာ ဒီကအဘွားက နေမကောင်းဘူးလေကွယ်၊ ဒါကြောင့် မြေးလေး ဒီမှာ ခဏနေပေးလိုက်ပါ၊ နောက်အဘွားနေကောင်းတဲ့အခါမှာ ဘွားဘွား ဘိုးဘိုးတို့နဲ့ တစ်လှည့်ပြန်လာနေပေါ့ကွယ်"

"ဒီနေ့ပဲ မြေးလေးက ဘွားဘွားတို့နဲ့ ပြန်လိုက်သွားတယ်ဆိုရင် ဒီကအဘွား အရမ်းစိတ်မကောင်း ဖြစ်သွားမှာပေါ့ကွယ်၊ မြေးက နားလည်ပါတယ်လေ"

ဒေါ်မေသီက ချစ်မြေးလေး နားလည်အောင် လေသံအေးအေးလေးနဲ့ ရှင်းပြနေမိတာပါ။

မြေးလေးက ဆိုဆုံးမရ လွယ်ကူသူလေးမို့ ချက်ချင်းပဲ မျက်ရည်တွေကိုသုတ်ပြီး ခေါင်းလေး အသာတကြည်ညိတ်





ပါသည်။

"ထိပ်... ထိပ် နေခဲ့ပါတော့မယ် ဘွားဘွားရယ်"

"လိမ္မာလိုက်တဲ့ မြေးကွယ်"

အမှန်အတိုင်းပြောရရင် ဒေါ်မေသီကိုယ်တိုင် ငိုချင်နေတာပါ။

"မောင်အာရဏ်"

"ဗျာ"

"မေထိပ်ခေါင်ကို အပ်ပါတယ်ကွယ်"

"စိတ်ချပါ ဘွားဘွား"

"အေး ... အေး... သမီးလေးရဲ့ အဝတ်တွေပစ္စည်းတွေကို ပြန်လာပို့ပေးမယ်နော်"

"ဘွားတို့ မလာပါနဲ့တော့ ဒရိုင်ဘာနဲ့ပဲ ပို့ခိုင်းလိုက်ပါ"

"အေးကွယ်၊ ဒီကအဘွားကိုလဲ ဂရုစိုက်ကြနော်"

"ဟုတ်ကဲ့"

ဒေါ်မေသီက မြေးမလေးကို နမ်းရှိုက်နှုတ်ဆက်ပြီး ပြန်လာခဲ့ပါတော့သည်။

ကားပေါ်ရောက်တော့မှာပဲ ဒေါ်မေသီက ငိုရှိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



ပါတော့သည်။

"မငိုပါနဲ့ သီရယ်၊ ဒါ မွေ့တာပဲလေ၊ သေခွဲတောင် ခွဲရတတ်တာပဲဗျာ၊ ရှင်ခွဲခွဲရတာက တော်သေးတာပေါ့၊ တရား သဘောနဲ့ ဆင်ခြင်ပါ"

"ဆင်ခြင်ပါတယ်ရှင်၊ ဆင်ခြင်ပါတယ်၊ ဒါပေမဲ့ ရှတ်တရက်ကြီးဆိုတော့လဲ ခံနိုင်ရည်မရှိဘူးပေါ့"

"ကိုကတော့ မြေးလေးအတွက် စိတ်အေးသွားရပါပြီ ဗျာ၊ ဒေါ်ကြည်ဖြူက ကိုတို့မြေးကို တကယ်ချစ်တာပဲနော်၊ သီ သတိထားမိလား၊ မြေးလေးမျက်နှာကို ငေးကြည့်နေတာ ဗျနော်"

"သတိထားမိပါတယ်၊ မြေးအတွက်ပေးတဲ့ ပစ္စည်းတွေ ကလဲ နည်းသလားရှင်"

"ကို့စိတ်ထဲမှာ တစ်မျိုးကြီးပဲ သီ"

"ဘာများလဲရှင်"

"ဒေါ်ကြည်ဖြူက ဘဝကူးတော့မှာမို့ပဲ ချက်ချင်းကြီး ဒီကိစ္စတွေကို စီစဉ်လိုက်တာများ ဖြစ်နေမလားပဲနော်"

"တကယ်ဆို မောင်အာရဏ် မိဘတွေပြန်အလာကို စောင့်သင့်တာပေါ့နော်"





"ဟုတ်တယ်၊ ပြောတဲ့စကားတွေကလဲ တစ်မျိုးပဲဗျာ"

ဒီလိုနဲ့ပဲ ဦးရဲခေါင်နဲ့ ဒေါ်မေသီက မြေးလေးကို သတိ ရပြီး အိမ်ပြန်သွားရပါတော့သည်။

မခွဲစဖူး ခွဲရတာမို့ ရင်ထဲမှာ ကြေကွဲနေရပါသည်။ တရားရှိသူတွေဆိုတော့လည်း တရားသဘောနဲ့ပဲ ဆင် ခြင်ပေနကြတာမို့ သိပ်တော့ ရှပ်ပျက်ဆင်းပျက် မဖြစ်ပါ။ အိမ်ပြန်ရောက်တော့လည်း နေမထိထိုင်မသာပါ။ ဦးရဲခေါင်က ဇနီးသည်ကို ပြောလိုက်ပါသည်။

"သီရေ သားသမီးနည်းတာ မကောင်းဘူးကွနော်၊ မြေး လေးကို သားသမီးငါးယောက်လောက် မွေးခိုင်းရမယ်ဗျာ"

"ဘာလဲ အဖေကြီးက မြစ်ထိန်းချင်နေပြီးလားရှင်"

"ဒါပေါ့ကွာ"

"မြေးက ဒီနေ့မှ လက်ထပ်တာပါရှင်၊ အဟင်း ... ဟင်း..."

အဘိုးအဘွားနှစ်ယောက်က တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ပြီး ရယ်မောမိသွားပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

ထိုအချိန်တွင် ဘယ်လိုမှ မရယ်မောနိုင်သူကတော့
အာရုဏ်ပဲ ဖြစ်ပါသည်။

ဘွားဘွားက အခန်းထဲမှာ အနားယူအိပ်စက်နေတာ
'ထိပ်'က ဧည့်ခန်းထဲမှာပဲ ပေကတ်ထိုင်နေလေသည်။

ရေချိုးအနားယူပါလို့ ပြောချင်ပေမယ့် သူမ
အမြင်မကြည်ဘဲ အထင်လွဲမှာကိုလည်း စိုးရိမ်ရပါသေးသည်

ဒါကြောင့်ပဲ ဒီအတိုင်း အသာလေးကြည့်နေရတော့
တာ။

"ကိုကိုကြီး မမက ဒီအတိုင်းပဲ ထိုင်နေတယ်၊ ဘာ
လဲပြန်မပြောဘူး"

အိမ်ဖော်မလေးက မျက်နှာပျက်ပြီး လာပြောတာ

သိန်းခင်စာပေ



"နင်က ဘာသွားပြောလို့လဲ"

"ဟို... မင်္ဂလာအခန်းပြင်ပြီးပါပြီး မမ အနားယူလို့ရ
ပြီလို့ ကျွန်မက စေတနာနဲ့ သွားပြောတာပါ ကိုကိုကြီးရယ်"

ဆူပစ်ဟောက်ပစ်ရမှာလည်း အခက်၊ တော်တယ်လို့
ချီးမွမ်းရမှာလည်း အခက်ပါ။

"အေး... နင်ဘာမှ လျှာမရှည်နဲ့ကြားလား"

"ဟုတ်ကဲ့"

အချိန်က ညနေစောင်းလာပါပြီ၊ သူမလေး ပင်ပန်း
နေတော့မယ်ဆိုတာကို သိတာမို့ သူကသွားပြောရပါတော့
သည်။

"ထိပ်"

သူမလေးက လှည့်ကြည့်ပါသည်။

"ဆာနေပြီလားဟာ"

သူမလေးက ခေါင်းခါပြသည်။

"ရေမိုးချိုး အဝတ်အစားလဲလိုက်ပါလား"

"ကျွန်မ အဝတ်တွေမှ မလာသေးတာ"

ဒီလိုဆိုတော့လည်း သူမလေးက ရန်လိုမနေပြန်ပေ။

"ဆောရီး... အဲဒါကို ကိုယ်မတွေးမိဘူးဟာ"

သိန်းခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စကားစပြောလို့ရသွားပြီမို့ သူက သူမလေးရဲ့ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။ သူမလေးက မပြုံးမရယ်တဲ့ မျက်နှာတည်လေးနဲ့ သူ့ကိုကြည့်နေလေသည်။

အဲဒီအကြည့်လေးကပဲ သူ့နှလုံးသားကို ဖမ်းစားလိုက်တော့တာ။

အဲဒီအကြည့်လေးကြောင့်ပဲ သူ့ခန္ဓာကိုယ်ထဲက အချစ်သွေး တွေ ဆူပွက်ကုန်ရတော့တာ။ ချစ်ရသူလေးရဲ့ လက်ကလေ တစ်ဖက်ကို ဆုပ်ကိုင်မိတော့မလို ဖြစ်သွားပြီးမှ သူက မနည်း ကြိ ဆန္ဒတွေကို ရိုက်ချိုးပစ်ရပါတော့သည်။

အစကတည်းက အသွားအတွက်ကြောင့်ပဲ ဒီအိမ်မှာ နေခဲ့တဲ့ သူလေးကို သူ့ကြောင့်ပြန်ချင်စိတ်တွေ ဖြစ်သွားမှာကို မလိုလားပါ။ ဒါကြောင့်ပဲ ထိန်းချုပ်လိုက်ရတော့သည်။

'အာရုဏ်' ချစ်လွန်းလို့ ထိန်းချုပ်လိုက်တာပါ၊ ဒါကိုပဲ မေထိပ်ခေါင်ကတော့ တစ်လွဲတွေးပြီး ရင်နာရပါတော့သည်။ သူမလေး တွေးလိုက်တာက ဦးအာရုဏ် သူမကို လုံး၀ မချစ်ဘူးဆိုတဲ့အတွေးပဲ ဖြစ်သည်။

"ဦးအာရုဏ်ရယ် ကျွန်မလက်ကို ကိုင်မိမှာတောင် စိုးရိမ်နေသလားရှင်... ကျွန်မသိတာပေါ့၊ အသွား စိတ်ချမ်း





သာဖို့အတွက်ပဲ ခင်ဗျား ကျွန်မကို လက်ထပ်ခဲ့တာပါနော်"

စိတ်ထဲကနေ လှမ်းပြောရင်း ထိပ်က နှုတ်ခမ်းနုနုလေးကို ခပ်နာနာလေး ကိုက်ထားမိပါတော့သည်။

အဲဒီအချိန်မှာပဲ ထိပ်တို့အိမ်က ဒရိုင်ဘာဦးအေးက ထိပ်ရဲ့အဝတ်သေတ္တာကြီးကို ဆွဲပြီးရောက်ချလာပါတော့သည်။

"ထိပ်ရေ၊ ဒီမှာ အဝတ်အစားတွေဗျာ"

"ဟုတ်ကဲ့၊ ဦးလေး ထားခဲ့ ထားခဲ့၊ ဦးလေး သွားလို့ရပြီ"

"ဦးလေး သွားတော့မယ်နော်"

"ဟုတ်ကဲ့"

ဦးအေးက ညနေဆို သူ့အိမ်သူပြန်အိပ်တဲ့ အလုပ်သမားပါ။ ဒါကြောင့်ပဲ ထိပ်က အမြန်ပြန်ခိုင်းလိုက်တာ ဖြစ်သည်။ ထိပ်ဆီမှာ ကြာနေရင် ဦးလေး အိမ်ပြန်နောက်ကျမှာစိုးရိမ်လို့ပါ။

ဒါကိုပဲ 'အာရုဏ်' က တစ်မျိုးတွေးပြီး စိတ်မကောင်းဖြစ်ရပြန်ပါသည်။

ကြည့်ပါဦးဗျာ...



www.burmeseclassic.com

www.burmeseclassic.com



စိမ်းလိုက်တာ သူမလေးက အလုပ်သမားကိုတောင် ကြာကြာမနေနိုင်းပါလား…

ကိုကို နားလည်ပါတယ် ကလေးရယ်… အဲ့ဒါကြောင့်ပဲ ကလေးကိုယ့်ကို လက်ထပ်တယ်ဆိုတာ ကိုကိုသေသေချာချာ သဘောပေါက်လိုက်ပါပြီဗျာ…

သူက စိတ်မကောင်းဖြစ်နေတုန်းမှာပဲ သူမလေးက အိမ်ဖော်ကောင်မလေးနဲ့ အတူတူ အဝတ်သေတ္တာကို သယ်ယူပြီး သူတို့နှစ်ယောက်ရဲ့ မင်္ဂလာအခန်းဆီတက်သွားပါတော့သည်။

အဟွန်း… တကယ်ပဲ သူ့ကိုချစ်လို့ ချစ်ရည်တူ မျှပြီး လက်ထပ်ခဲ့တဲ့ သတို့သမီးသာဆိုရင် ဒီအချိန်ဟာ ဘယ်လောက် ပျော်စရာ ရင်ခုန်စရာဖြစ်နေမလဲနော်…

ချစ်သူလေးရဲ့နောက်ကို အပြေးလိုက်သွား… မင်္ဂလာအနမ်းတွေနဲ့ ပွေ့ဖက်ချော့မြူ… မင်္ဂလာဦးဟာ ဘယ်လောက်ပျော်မွေ့စရာ ဖြစ်နေလေမလဲ…

အခုတော့ သူမလေးရဲ့ နောက်ကနေ လိုက်သွားလို့မရတဲ့ အနေအထားပါ၊ အချစ်မပါဘဲ သူ့ကို လက်ထပ်ခဲ့ရတဲ့ သူလေးအပေါ်မှာ သူ့အနိုင်မယူရက်ပါ။





ဒါကြောင့် ချစ်သူလေးရဲ့နောက်ကို လိုက်သွားချင်ပေမယ့် ဆန္ဒတွေကို ချိုးနှိမ်လို့ လက်ပိုက်ပြီးကြည့်နေရပါတော့သည်။

အချစ်ရယ်… ဘယ်အချိန်အထိ အမုန်းခံဘဝနဲ့နေနေရမလဲဗျာ။

အံ့ရဏ်က သက်ပြင်းမောကြီးကိုပဲ ထပ်ခါထပ်ခါ ချနေရပါတော့သည်။

စိတ်ကူးနဲ့ပဲ ချစ်သူလေးက အားရပါးရ ချစ်မိပြီး တကယ့်လက်တွေမှာတော့ ချစ်သူရဲ့လက်ကလေးကိုတောင် ဆုပ်ကိုင်ဖို့ မဝံ့တဲ့ဘဝပါ။

အရဲစွန့်ပြီး နမ်းခဲ့မိဖူးတဲ့ နှုတ်ခမ်းကလေးကိုပဲ သူ့မှာ တမ်းတ လွမ်းမောနေရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

"မမက အရမ်းလှတာပဲ"

အသားညိုညို ဝဝကစ်ကစ်နဲ့ ချစ်စရာကောင်းတဲ့ အိမ်ဖော်မလေးက ထိပ်ကိုငေးကြည့်ပြီး ပြောနေတာပါ။

ထိပ်ကလည်း မိန်းကလေးပီပီ ကိုယ့်ကို လှတယ်လို့ ပြောတာကို သဘောကျမိတာပေါ့နော်။

"ဟုတ်လို့လား"

"ဘုရားစူး၊ ကျွန်မဘဝမှာ မမလောက်လှတာ တစ်ယောက်မှ မမြင်ဖူးသေးဘူး၊ ပွဲထဲက မင်းသမီးတွေထက်တောင် လှသေးတယ်"

ထိပ်က ရယ်မောလိုက်မိပါသည်။

"မင်းနာမည်က ဘယ်သူလဲ"





"မိညိုလို့ခေါ်ပါတယ် မမ"

"မိညိုတဲ့လား၊ မင်းလဲ ချစ်စရာလေးပါပဲကွယ်"

"မမကတော့ အရမ်းကိုလှတာ"

"ဟုတ်ပါပြီ၊ မုန့်ဝယ်ကျွေးမယ်နော်"

"မုန့်စားချင်လို့ မဟုတ်ပါဘူး မမရယ်၊ တကယ်ပြောတာပါ"

ကောင်မလေးကလည်း အလာကြီးပါပဲ။ ထိပ်ကတော့ နေရာအသစ်မှာမို့ မိညိုဆိုတဲ့ ကောင်မလေးနဲ့လည်း ရင်းနှီးအောင် ပေါင်းလိုက်ရတော့သည်။

"ကျေးဇူးတင်ပါတယ်ကွယ်၊ ကဲ... မမရဲ့အဝတ်တွေကို နေရာကျအောင်ထည့်ပေးနော်"

"ဟုတ်ကဲ့ မမ"

မိညိုက ကိုကိုကြီးရဲ့ ဇနီးချောလေးကို ကြည့်လို့မဝအောင် ဖြစ်နေရတော့တာ။

မိညိုတောင် ကြည့်မဝဘူးဆိုတော့ ကိုကိုကြီးဆိုရင် ဘယ်လိုများနေမလဲမသိဘူးနော်၊ ငုံထားချင်နေမလားပဲ။

ကိုကိုကြီးကလည်း ချောတာပါပဲ၊ မမနဲ့ကိုကိုကြီး မွေးလာတဲ့ ကလေးတွေဆို ဘယ်လောက်များ ချစ်လိုက်မလဲ



www.burmeseclassic.com

www.burmeseclassic.com



နော်...

ဒီမမဆီမှာ မိဘတွေမရှိဘူးလို့ မိညိုကြားထားပါသည်။ မမက သနားစရာကောင်းလိုက်တာ

အဟင်း... မိညိုကလည်းလေ သူ့ဒွေးမလေးကိုများ သနားနေရသေးတယ်၊ ကိုယ့်ကိုယ်ကိုတော့ မကြည့်ဘဲနဲ့။

အတွေးကြောင့် မိညိုက ပြုံးလိုက်မိတော့ မမကမေးသည်။

"ဟေး... တစ်ယောက်တည်း ဘာပြုံးနေတာလဲ"

မိညိုက ပါးစပ်ထဲတွေ့ရာ အကြောင်းပြချက်ကို ပေးလိုက်ရပါသည်။

"ကိုကိုကြီးက မမကို အရမ်းချစ်မှာပဲလို့ တွေးမိလို့ပါ"

မိညိုရဲ့ စကားကြောင့် မမရဲ့မျက်နှာလှလှလေးက ချက်ချင်းပဲ ညှိုးရော်သွားတော့တာ။ ဒီတော့ မိညိုက ဘာမှဆက်မပြောရဲတော့ဘဲ နှုတ်ဆိတ်နေလိုက်ပြီး လုပ်စရာရှိတာတွေပဲ အမြန်လုပ်ရတော့သည်။

အဝတ်တွေအားလုံး ဗီရိုထဲထည့်ပေးပြီးတာနဲ့ မိညိုက မမကို နှုတ်ဆက်ပြီး ပန်းနုရောင် မင်္ဂလာအိပ်ခန်းထဲကနေ





အမြန်ထွက်လာခဲ့လိုက်တော့သည်။

ကိုကိုကြီးက စကားများတာ၊ စပ်စုတာ၊ ထင်ကြေးပေးတတ်တာတွေကို လုံးဝမနှသဘောမကျပါ။

"ဟဲ့... မိညို"

"အမယ်လေး... လန့်လိုက်တာဟာ"

မိညိုနဲ့အတူတူ အလုပ်လုပ်တဲ့ မိဒွေးက ခေါ်လိုက်တာကိုပဲ မိညိုမှာ အထိတ်တလန့် ဖြစ်နေရတာပါ။

"ဒီလောက်လေး ခေါ်တာပဲ လန့်နေတယ် ဟုတ်လား၊ မှန်မှန်ပြော နင့်ကိုကိုကြီးတို့ လင်မယားကို သွားချောင်းလာတာ မဟုတ်လား"

မိဒွေးက စွပ်စွပ်စွဲစွဲ ပြောနေတော့တာ။

"အံမာ... မချောင်းရပါဘူးနော်"

"နင် ချောင်းခဲ့ပါတယ် မညာပါနဲ့"

မိဒွေးက အတင်းကြီးပဲ စွပ်စွဲနေတာမို့ မိညိုက စိတ်တိုတိုနဲ့ ပြန်ပြောလိုက်တော့တာ။

"ဟဲ့...အချိန်ကိုကြည့်ဦး၊ မှောင်တောင် မမှောင်သေးဘူး"

"ဟီး... ဟီး... ညကျရင်တော့ သွားချောင်းရမယ်



www.burmeseclassic.com

www.burmeseclassic.com



နော်"

"ရှူး... ကောင်မ သိပ်မနန့်နဲ့၊ ကိုကိုကြီး ကြားသွားလို့ အိမ်ပေါ်ကနေ ခေါင်းနဲ့ဆင်းသွားရမယ်"

"အဟီး... အလကားပြောတာပါဟယ်၊ တကယ်လို့ နင့်ကချောင်းဖို့ ငါ့ကိုခေါ်ရင်တောင် ငါ့ကမလိုက်ချင်ပါဘူး နော်၊ ရင်တုန်စရာတွေ မကြည့်ရဲလို့ပါတော်၊ အဟင်း... ဟင်း..."

မိချေးက အဲဒီလို့ကဲတာပါ။ ဒါကြောင့်ပဲ မိညိုကတော်ရုံ အရောမဝင်ဘဲနေတာပေါ့။

"မိညို"

"ဘာတုံး"

"ကိုကိုကြီးရဲ့ မိန်းမက ငယ်ငယ်ချောချောလေးနော်"

"မအေး... အဲဒါဘာဖြစ်လဲ"

"ကောင်မ စကားကောင်းကောင်းကို ပြောလို့မရဘူး၊ တော်ပြီ မပြောတော့ဘူး"

မိညိုက ဘုတောလိုက်မှပဲ မိချေးက ထွက်သွားတော့တာ။

ဒီအိမ်ကြီးမှာနေကြရတဲ့ အိမ်ဖော်တွေ အလုပ်သမား



တွေ အားလုံးက အနေအစားချောင်လွန်းလို့ အောက်ခြေလွတ်နေကြတဲ့ သူတွေချည်းပါပဲနော်။

အဘွားကလည်း သူ့အခန်းထဲမှာပဲ သူ့နေတာပါ။

ကိုကိုကြီးကလည်း ယောကျ်ားလေးဆိုတော့ အိမ်ကကိစ္စတွေကို ဘယ်သိပ်ပြီးသိပါ့မလဲ။

မေမေကြီးတို့ လင်မယားကလည်း ဒီအိမ်မှာ အမြဲတမ်းနေတာမှ မဟုတ်ဘဲ၊ ဒါကြောင့် အလုပ်သမားအားလုံးက နေချင်သလိုနေ စားချင်သလိုစားပေါ့၊ စောစောက မိချေးဆိုရင်လား သူ့အဖေလောက်ရှိတဲ့ ခြံစောင့်ဦးတိုးနဲ့ ကြိုက်နေတာလေ။

အခု ကိုကိုကြီးရဲ့ မိန်းမရောက်လာပြီဆိုတော့ ဘာတွေဖြစ်လာမယ်ဆိုတာ စောင့်ကြည့်ရပါမည်။

ပါးနပ်တဲ့ မိညိုကတော့ မမနဲ့ပေါင်းထားလိုက်ပါပြီ။

မိညိုကတွေးရင်း အိမ်ကြီးထဲမှာ ညနေပိုင်းအတွက် သန့်ရှင်းရေး လုပ်နေလိုက်ပါတော့သည်။

ထိပ်က ရေချိုးခန်းတံခါးကိုသာ ပိတ်ထားပြီး ရေချိုးနေတာပါ၊ အိပ်ခန်းတံခါးကိုတော့ စေ့ရုံလေးပဲ စေ့ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခန်းဟာ ထိပ်တစ်ဦးတည်းပိုင်တဲ့ အခန်းမှ မဟုတ်တာနော်၊ မင်္ဂလာအခန်းဆိုမှတော့ မင်္ဂလာဦးမောင်နှံ နှစ်ယောက်ရဲ့ နှစ်ဦးပိုင်အခန်းပဲပေါ့။

ဒါကြောင့်ပဲ ဦးအာရဏ် ဝင်လာချင်ရင် ဝင်လာလို့ရအောင် ထိပ်ကတံခါးကို ဖွေရုံဖွေပေးထားတာပါ။

ရေချိုးနေရင်း ထိပ်ရေချိုးခန်းထဲမှ ထွက်လာအချိန်မှာ ဦးအာရဏ်ကလည်း အခန်းထဲကို ရောက်နေမယ်ဆိုရင်...လို့ တွေးလိုက်မိတာနဲ့ပဲ ထိပ်ရဲ့ ရင်ခုန်သံတွေက မြန်ဆန်စု ပေါက်ကုန်ပါတော့သည်။

ဦးအာရဏ်ကသာ ထိပ်ကို အတင်းဖက်ပြီး အတင်း နမ်းခဲ့ရင် ဘာလုပ်မလဲကွယ်...

ထိပ်နဲ့သူက ပူပူနွေးနွေး လက်ထပ်ထားတဲ့ လင်မယား တွေပဲနော် သူ့ပြုသမျှနုရမှာပဲ မဟုတ်လား...

အို... ရင်တွေခုန်ရပါလား ဦးအာရဏ်ရယ်...

အပျိုစင်လေးက အတွေးလေးတွေ ကယောက်က ယက်နဲ့ ချစ်သွေးတွေ ပူနွေးလာရတော့တာ။

ရေချိုးခန်းထဲက ကိုယ်လုံးပေါ်မှန်ကြီးမှာ ထင်ယော နေတဲ့ ကိုယ်အရိပ်ကို ကိုယ်ကြည့်ပြီးတော့လည်း စိတ်ကျေန



မှုလေးကို ခံစားနေရပြန်သည်။ ထိပ်လှတာ ထိပ်ဘာသာသိ တာပေါ့။

ထိပ်ရဲ့ အချစ်ကိုလိုချင်လို့ 'ထိပ်'ရဲ့ အရိပ်ကလေးကို ခြင်ရဖို့ ထိပ်တို့ရဲ့ခြံရှေ့မှာ နာရီပေါင်းများစွာ အကုန်ခံပြီး ောင့်ကြည့်နေတဲ့ ယောကျ်ားတွေမှာ အများကြီးရယ်ပါ။

အဲဒီလိုလူတွေ... လူကြီးတွေကတစ်ဆင့် ချဉ်းကပ်ပြီး ထိပ်ရှေ့မှာ ဒူးထောက်ခံစားခဲ့တဲ့ ယောကျ်ားတွေအားလုံးကို ်မိဖို့ ရင်ခုန်မိဖို့ နေနေသာသာ နည်းနည်းလေးမှတောင် ်မဝင်စားခဲ့ဘဲ အခုထိပ်ကို လူကြီးတွေ့ရဲ့ ဆန္ဒအရ လက် ယ်ခဲ့တဲ့ ဦးအာရဏ်ကိုမှ ရင်ခုန်မိတာ... စိတ်ယိုင်မိတာ... ယ်လောက်ဆိုးထားသလဲကွယ်...

ဦးအာရဏ်က ထိပ်ကို ချစ်တာမှမဟုတ်ဘဲ၊ မတော် ော နမ်းခဲ့တုန်းကတောင် သတိဝင်လာတာနဲ့ ထိပ်ကိုယ် ားကို အားမနာတမ်း သူ့ရင်ခွင်ကျယ်ကြီးထဲကနေ တွန်း ်ပစ်ခဲ့တာ မဟုတ်လား...တကယ်ဆို အဲဒီလို့မျိုး လူကြီး ထိပ် ရင်မခုန်သင့်... မချစ်သင့်ပါဘူးကွယ်...

တွေရင်းတွေးရင်း ငိုချင်လာမိတော့တာ။ အခုလည်း ွား‌ရဲ့ တောင်းဆိုမှုကြောင့်သာ ဦးအာရဏ်က ထိပ်ကို

www.burmeseclassic.com



လက်ထပ်ခဲ့တာဆိုတော့ သူ့ထိပ်ဆီကိုလာမှ မဟုတ်ပါဘူး
လေ...

ထိပ်ရေချိုးခန်းထဲက ထွက်လိုက်တော့ စိတ်ကူးယဉ်
ထားသလိုမျိုး ဦးအာရုဏ်က အခန်းထဲမှာ ရှိမနေပါ။ သ
ပြင်းလေးချရင်း ထိပ်က အဝတ်လဲလိုက်ရပါတော့သည်။

* * *



## အခန်း(၁၄)

အာရုဏ်က တစ်ယောက်တည်း ယောင်ချာချာဖြစ်နေ
တာမို့ ဘွားဘွား အခန်းကိုလာပြီး ဘွားဘွားနိုးပြီးလားလို့
ကြည့်မိပြန်သည်။

သူမလေးရှိရာ အခန်းထဲကို လိုက်သွားချင်တဲ့ဆန္ဒတွေ
ပြင်းပြလွန်းနေပေမယ့် လိုက်မသွားရဲပါ။

ဘွားဘွားရဲ့အခန်းထဲကို ကြည့်လိုက်တော့ နှာခေါင်းတိ
က သိုးမွှေးထိုင်ထိုးနေပါသည်။

"ဆရာမ ဘွားဘွား မနိုးသေးဘူးလား"

"မနိုးသေးဘူး သားရေ၊ စိတ်ချမ်းသာသွားလို့ဖြစ်မယ်၊
နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်ပျော်နေတာကွယ့်"

သူ့ဝင်ကြည့်တော့ ဘွားဘွားက တကယ်ပဲ အသက်
မှန်မှန်ရှူလို့ အိပ်ပျော်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းက အမှောင်ပျိုးတော့မှာပါ။ ဆည်းဆာရိုန်
ဖျော့အောက်မှာ ချစ်ရသူလေးနဲ့ အေးအေးချမ်းချမ်း လမ်း
လျှောက်ရရင် ဘယ်လောက်ကောင်းလိုက်မလဲနော်။

အခုတော့ အတွေးကအတွေး သက်သက်ပဲဖြစ်နေပြီး
အကောင်အထည်ဖော်လို့ မရနိုင်ပါ။

ထိပ်ရယ်...

ကလေးရယ်...

အချစ်နဲ့ အသည်းနှလုံးတွေက မာကျောလှချည်လား
ဗျာ...

မျက်စိမှိတ်လိုက်တိုင်း သူ့နမ်းခဲ့တဲ့ နှုတ်ခမ်းလေးကို
လက်နဲ့ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်နေတဲ့ ချစ်သူလေးရဲ့
ပုံစံကိုပဲ မြင်နေမိတော့တာ။

ဒါလည်း ခံစားရဆိုးတဲ့ ဝေဒနာပါပဲ၊ လက်ထပ်ပြီး
တာနဲ့ ကျေနပ်ရတော့မယ် အဖြစ်ပါ။ ချစ်သူလေးကို ချ
ခွင့်မရဘဲ ဒီအတိုင်းနေနေရတော့မှာလား။

လက်ထပ်ပြီးတာတောင် အချစ်တွေကို မျိုသိပ်ထား
ဦးမယ်ဆိုတာကတော့ တကယ်ပဲ ဆိုးပါသည်။

သူက တွေးရင်းတွေးရင်း စိတ်ထဲမှာ ပြင်းပြင်းထန်ထ





ခံစားမိရတော့တာ၊ ဒီလောက်တောင်မှ အလျော့ပေး ဖျော့
ညံ့ဖို့လိုလို့လားဆိုတဲ့ မာနက ခေါင်းထောင်ထလာပြန်သည်။

သူ့ဘက်က သူမလေးကို တကယ်ချစ်တာပါ။ တကယ်
မြတ်နိုးတန်ဖိုးထားတာပါ၊ တစ်ဘဝစာလုံး သူမရှေ့လေးရဲ့ရှေ့
မှာ မားမားမတ်မတ် ရပ်တည်ပေးပြီး သူမလေးရဲ့ဘဝကို
ပျော်ရွှင်အောင်ထားဖို့ ဆုံးဖြတ်ထားတဲ့သူပါ။

သူမလေးကို ပိုင်ဆိုင်ရှုံ့ရဖို့အတွက်လည်း ကြိုးစားခဲ့
ရတာသူပါပဲ... အခု လက်ထပ်ပြီးတဲ့ အခြေအနေကိုရောက်မှ
ဒီအတိုင်း အလှထိုင်ကြည့်နေရမှာလား...

တစ်ခါတစ်ခါမှာ အချစ်ဆိုတာ ခပ်ကြမ်းကြမ်းယူမှ
ရတတ်တာမျိုးလည်း ရှိတာပဲလေ... ပင်မြင့်ပေါ်က ပန်းလှလှ
လေးကတော့ သူ့ရင်ခွင်ထဲကို ကြွေကျလာဖို့ မလွယ်ပါ။

ပန်းလေးကိုလိုချင်ရင် ခူးခြွေယူရပါလိမ့်မည်။

ယောကျ်ားမာန၊ ယောကျ်ားအတွေးတွေ သူ့ရင်ထဲကို
ဝင်လာတာနဲ့ သတ္တိတွေပါ ရင်ထဲကို ရောက်လာရတော့တာ။

ဘာကြောင့် အလှကြည့်နေရမှာလဲ... လက်ထပ်ပြီးနေ
တော့ ကိုယ့်ရဲ့ဇနီးမယားပဲပေါ့၊ နှစ်ဦးပိုင်အခန်းထဲကို သူ
လည်း ဝင်လို့ရတာပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အတွေးနဲ့အတူပဲ 'အာရုဏ်'က သူတို့နှစ်ဦးအတွက် ပြင်ဆင်ထားတဲ့ မင်္ဂလာအိပ်ခန်းဆီကို လှမ်းလာခဲ့ပါတော့ သည်။

အခန်းတံခါး ပိတ်ထားရင်လည်း ခေါက်ပြီးဖွင့်နိုင်း မည်။ အလျော့ပေးပြီးတောတော့ နောက်လှည့်မပြန်ဘူးလို့ မာန်တင်းပြီး တံခါးကိုတွန်းလိုက်တော့ စေ့ရုံစေ့ထားတဲ့ ကျွန်းတံခါးက ပွင့်သွားတော့တာ။

အခန်းထဲကို သူ့ဝင်လိုက်တော့ ထဘီရင်လျားလေး မှန်တင်ခုံရှေ့မှာ ထိုင်နေတဲ့ သူမလေးက အလန့်တကြားလေး လှည့်ကြည့်ပါသည်။

ရေချိုးပြီးခါစမို့ သူမလေးရဲ့ အသားလေးတွေက ဝါဝင်းနှစ်ပြီး ရင်ခုန်လှိုက်မောစရာပါ။

ဆံပင်လေးတွေကို ခြေမစိုအောင် မျက်နှာသုတ်ပ လေးနဲ့ ပေါင်းပတ်ထားတာလေးကိုက ကြည့်မဝအောင် နေတော့တာ။

ရေချိုးပြီးခါစ အခြယ်အသကင်းစင်တဲ့ မျက်နှာ လှလေးက ဝင်းမွတ်ပြီး နမ်းရှိုက်ချင်စဖွယ်။

သူက ချစ်သူလေးဆီကို မသွားသေးဘဲ အခန်းတံခါး





ကို အရင်ပိတ်ပစ်လိုက်ပါသည်။

"ချောက်... ကလစ်"

အခန်းတံခါး လော့ချလိုက်တဲ့အသံကြောင့် ချစ်သူလေး ရဲ့ မျက်ဝန်းလေးတွေက အထိတ်တလန့်နဲ့ ဝိုင်းစက်သွား တော့တာ။

"ဘာ... ဘာဖြစ်လို့ တံခါးပိတ်လိုက်ရတာလဲ"

သူမလေးက အလန့်တကြားလေး မေးလိုက်တာပါ။

သူက ဘာမှမပြောဘဲ သူမလေးရှိရာကိုပဲ ခြေလှမ်း တွေနဲ့ လျှောက်လာလိုက်တော့တာ။

သူ့အကြည့်တွေက သူမလေးရဲ့ အလှအပတွေဆီကနေ ရှောင်လွှဲလို့ကို မရတော့ပါ။ သူ့ရင်ခုန်သံတွေကလည်း ကျယ် လောင်မြန်ဆန်နေသည်။

သူ့ရင်ထဲမှာ အချစ်တွေက ဆပွားလာတာမို့၊ သူက နောက်ဆုတ်ဖို့ ဆန္ဒမရှိတော့ဘဲ ချစ်သူလေးရဲ့အနားကို တိုး ကပ်လာမိပါတော့သည်။

"ဦး... ဦးအာရုဏ်နော်၊ ကျွန်မကို... ကျွန်မကိုအနိုင် ကျင့်နဲ့"

သူမလေးက တုန်တုန်လှုပ်လှုပ်လေးပြောပြီး ရှောင်အစုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ လက်ကလေးနှစ်ဖက်ကို ယှက်တင်ဖုံးကွယ်ထားတော့
တာ။

သူကတော့ ချစ်ရသူလေးနဲ့ အနီးဆုံးနေရာအထိ ရောက်
အောင်တိုးကပ်လာပြီး ဝင်းနှစ်နေတဲ့ ပခုံးလေးကို လက်နှစ်ဖက်
နဲ့ ဆုပ်ကိုင်ဆွဲယူပြီး ရွှေစင်ရုပ်ကလေးလို အချိုးအစားကျ
နလှပတဲ့ သူမလေးရဲ့ ကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲသွင်း
ပြီး တင်းတင်းကြီး ဖက်တွယ်ထားလိုက်ပါတော့သည်။

"အို... ဒါ ဘာလုပ်တာလဲ လွှတ်... လွှတ်..."

ချစ်သူလေးက သူ့ရင်ခွင်ထဲကနေ အတင်းပဲ ရုန်းထွက်
ပါသည်။

ရုန်းကန်နေတဲ့ ချစ်သူလေးကို သူက လွှတ်မပေး
နမ်းဖို့ကြိုးစားမိသည်။ သူမလေးက သူ့မျက်နှာကို အတင်း
ရှောင်ဖယ်နေသလို လက်ချောင်းတွေနဲ့လည်း သူ့ကို ထုရိုက်
ကုတ်ဖဲ့နေလေသည်။

"ခင်ဗျား... ခင်ဗျား..., မယုတ်မာနဲ့"

"ကိုယ်မယား ကိုယ်နမ်းတာ ယုတ်မာတာလားဗျ
အဟွန်း... ဟွန်း..."

"အို..."



သူမလေးကရုန်းလေ သူက တိုးဖက်ထားတာမို့ ရွှေ
ရင်လေးက သူ့ရင်ခွင်ကျယ်ကြီးထဲမှာ နစ်မြုပ်နေတော့သည်။

ရင်ချင်းအပ် အနေအထားမို့ ချစ်သူလေးက အသက်
ပြင်းပြင်းရှူလိုက်တိုင်း သူ့ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်စီးဆင်း
နေတဲ့ သွေးတွေက ဆူဝေခုန်ပေါက်ကုန်တော့တာ။

မိန်းကလေးနဲ့ ယောကျ်ားအင်အားချင်း မမျှတတာမို့
ကြာခင်မှာပဲ သူမလေးက မရုန်းနိုင်တော့ပါ။

ဒီတော့မှ သူက ရှည်လျားကြမ်းတမ်းတဲ့ အနမ်းတွေနဲ့
သူ့အချစ်တွေကို အဓိပ္ပာယ်ဖွင့်ဆိုပြလိုက်ပါတော့သည်။

အချစ်ရယ်...

အရမ်း အရမ်းချစ်တယ်ဗျာ...

* * *

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာတော့ ဘယ်လို့မှ ရုန်းမထွက်နိုင်တော့တဲ့ အပြင် ထိပ်က ဦးအာရုဏ်ရဲ့ ကိုယ်လုံးကြီးကို မမှီမကမ်းနဲ့ ဖက်တွယ်ထားလိုက်မိပါတော့သည်။

ခဏအကြာမှာ ထိပ်ရဲ့ကိုယ်လေးကို ဦးအာရုဏ်က ဇွေ့ခနဲ ကောက်ယူ ပွေ့ချီလိုက်တော့တာ။ အသက်ကိုတောင် အနိုင်နိုင်ရှူနေရတာမို့ ထိပ်က ဘာမှမတတ်နိုင်တော့ဘဲ ဦးအာရုဏ် ပွေ့ချီခေါ်ဆောင်ရာနောက်ကို မျက်ဝန်းလေးစုံမှိတ်လို့ ငြိမ်သက်လိုက်ပါလာခဲ့ရပါတော့သည်။

ခြေလှမ်းကျဲကြီးတွေ့ရဲ့ လှုပ်ရှားမှုကို ရင်တထိတ်ထိတ်နဲ့ စောင့်နေရင်း နောက်ဆုံးမှာတော့ ဦးအာရုဏ်က ထိပ်ရဲ့ ခန္ဓာကိုယ်လေးကို အိစက်ညက်ညောတဲ့ ဖဲမွေ့ရာကြီးပေါ် အသာအယာချပေးပါသည်။

ပြီးတော့ ဦးအာရုဏ်က ထိပ်မသိသေးတဲ့ နေရာကလေး တစ်ခုဆီကို နူးညံ့ခြင်းတစ်လှည့် ကြမ်းတမ်းခြင်းတစ်လှည့်နဲ့ ခေါ်ဆောင်သွားပါတော့သည်။

ထိပ်က မျက်ဝန်းလေးစုံမှတ်လို့ပဲ ဦးအာရုဏ် ခေါ်ဆောင်ရာနောက်ကို ကောက်ကောက်ပါအောင် လိုက်ပါသွားမိပါတော့သည်။



## အခန်း(၁၅)

"အို..."

တစ်ခါမှ မခံစားဖူးသေးတဲ့ ခံစားမှုအသစ်တွေပါ။

'ထိပ်'ရဲ့ခန္ဓာကိုယ်လေးက လေဟာနယ်ထဲမှာ လွင့်မျောလို့ အနမ်းရှည်ကြီးတွေကြောင့် ထိပ်မှာ တိမ်လွှာတွေစီးနေရသလိုမျိုး ခံစားရပါသည်။

တိမ်တွေကို စီးနေရတာမို့ မြင့်လိုက်နိမ့်လိုက်နဲ့ပါ။

ဦးအာရုဏ်ရဲ့ ဆွဲငင်အားပြင်းထန်တဲ့ အနမ်းတွေက ထိပ်ရဲ့ မျက်နှာလေးရယ်၊ နှုတ်ခမ်းဖူး နုနုထွတ်ထွတ်လေးရယ်မှာ အကြာကြီးကျက်စားပြီ တော့မှ လည်တိုင်ဝင်းမွတ်ကလေးဆီ လျှောတိုက်ဆင် လာတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ မင်္ဂလာဦး အခန်းလေးက အဓိပ္ပာယ်ပြည့်ဝသွားပါတော့သည်။

"အချစ်ရယ်... အရမ်းချစ်တာပဲဗျာ"

အာရုဏ်အသံတွေက ရင်ထဲမှာ ကျယ်လောင်နေတော့တာ။

ချစ်ဇနီးလေးကို ဘယ်လိုမှ ချစ်မဝနိုင်အောင်ပါပဲ၊ အခုမှ သူ့ဘဝက အဓိပ္ပာယ်ရှိသွားရပါပြီ။ ချစ်သူလေးနဲ့ သူ့ကို ချက်ချင်းကြီး လက်ထပ်ဖြစ်အောင် ဖန်တီးပေးတဲ့ ဘွားဘွားကို ကျေးဇူးတင်လို့မဆုံးတော့ပါ။

သူကရှိရှိသမျှ အားလုံး ချစ်သူလေးကို ပုံပေးလိုက်ပါပြီ။

အဲဒီအချိန်မှာပဲ ဘွားဘွား ဒေါ်ကြည်ဖြူက အိပ်ရာကနေ နိုးလာပါတော့သည်။

"ဆရာမရေ ဘယ်အချိန်ရှိပြီလဲ"

"ညနေခြောက်နာရီခွဲပြီ အဘွား"

"အို... တော်တော်အိပ်ပစ်လိုက်မိတာပဲ၊ အိပ်လို့လဲ ကောင်းလိုက်တာ ဆရာမရယ်၊ ခုမှပဲ အားရှိသွားတော့တယ်"

"အဘွား ရေသောက်မလား၊ ဖျော်ရည်တစ်ခုခုသောက်



မလား"

"ရေပဲပေးပါ ဆရာမ"

"ဟုတ်ကဲ့"

ဆရာမ တိုက်တဲ့ရေကို တစ်ခွက်လုံးကုန်အောင်သောက်ပြီး အဘွားက အိမ်ဖော်မလေးတစ်ယောက်ကို ခေါ်နိုင်းသည်။

"ဆရာမ"

"ရှင် အဘွား"

"ကောင်မလေးတစ်ယောက်လောက် ခေါ်ပေးပါနော်"

"ဟုတ်ကဲ့"

နှစ်က အိမ်ဖော်ခေါ်တဲ့ ခလုတ်ကလေးကို နှိပ်ပေးလိုက်ပြီး မကြာခင်မှာပဲ မိညိုရောက်လာပါသည်။

"မိညိုလားဟေ့"

"ဟုတ်ကဲ့ ဘွားဘွား

"ညည်း ကိုကိုကြီးနဲ့မမ ဘာလုပ်နေလဲ"

"ဟို... ဟို... ဘာလုပ်နေလဲကော့ ကျွန်မလဲ မသိပါဘူး ဘွားဘွား၊ နှစ်ယောက်စလုံး အခန်းထဲမှာပါ"

မိညိုရဲ့အဖြေကြောင့် အဘွားဒေါ်ကြည်ဖြူနဲ့ ဆရာမတ ပြုံးသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သွားခေါ်ပေးရမလား အဘွား"

"ရပြီ မခေါ်နဲ့ မခေါ်နဲ့၊ သူတို့ချင်း လွတ်လွတ်လပ်လပ် နေကြပါစေကွယ်"

"အဘွား ထမင်းစားတော့မလားဟင်"

"ဟင့်အင်း..., မစားချင်သေးဘူးကွယ်"

"ဒါဆို ဘာစားမလဲ အဘွား"

"ဘာမှမစားချင်ဘူး ဆရာမရေ၊ အဘွားတော့ အရမ်းစိတ်ချမ်းသာသွားပြီ"

"ဟုတ်တာပေါ့ အဘွားရယ်"

"ကဲ... ကဲ... အိပ်လို့အရမ်းကောင်းနေတုန်း တစ်ရေးလောက်အိပ်လိုက်ဦးမယ်ကွယ်"

ပြောပြောဆိုဆိုပဲ အဘွားက မျက်လုံးလေးပြန်မှိတ်ပြီး အိပ်ပျော်သွားပါတော့သည်။

* * *



## အခန်း(၁၆)

အရှက်ကြီးရှက်ပြီး ခေါင်းအုံးမှာ မျက်နှာလေးအပ်ထားတဲ့ ချစ်သူလေးကို သူကချစ်လွန်းလို့ ပခုံးသားနဲ့ လည်ကုပ်သားလေးတွေကို အနမ်းလေးတွေပေးနေမိတော့တာ။

ချစ်သူလေးက သူ့အနမ်းတွေကို မငြင်းဆန်တော့ပေမယ့် သူ့ကိုလည်း လုံးဝမကြည့်သေးပါ။

ချစ်သူဆီက အချစ်ပန်းလေးကို ခူးဆွတ်ရယူပြီးတာတောင် လောဘကြီးနေတဲ့ သူက မကျေမနပ်နိုင်သေးဘဲ ချစ်သူ့နှုတ်ဖျားက ပြောလာမယ့် ချစ်စကားကို နားနဲ့ဆတ်ဆတ်ကြားချင်နေမိပါသေးသည်။

"ထိပ်"



www.burmeseclassic.com

www.burmeseclassic.com



သူမလေးက မထူးပါ။

"အချစ်ရယ်"

ချစ်သူလေးက တုတ်တုတ်တောင်မလှုပ်။

"ကိုကိုခေါ်နေတာ မကြားဘူးလားဗျာ"

"ကလေးရေ"

သူ့ဘယ်လိုပဲခေါ်ခေါ် မတုံ့ပြန်တဲ့အတွက် အာရုဏ်က အသည်းယားလာမိတော့တာ။

"ကိုကိုခေါ်တာကို အရေးမလုပ်ဘူးပေါ့လေ၊ ရပါတယ်ဗျာ၊ ဒါဆိုရင်လဲ အရေးလုပ်အောင် နောက်တစ်ခေါက်ထပ်ချစ်ပစ်လိုက်မယ်"

"အို… မလုပ်ပါနဲ့"

ဒီတော့မှပဲ ချစ်သူလေးဆီက အသံထွက်လာတော့သည်။

"အဟွန်း… ဟွန်း…သိပ်ကြောက်သွားလား၊ ဒါအစပဲရှိသေးတယ်နော်"

"သွား… ဘာတွေပြောနေတာလဲ"





"ဗမာစကားပဲ ပြောနေတာလေ"

"ထိပ်… ထိပ် အဝတ်လဲမလို့၊ အပြင်ထွက်ပေးပါ၊ ဦးအာရုဏ်"

"ဟာ… ဘယ်လိုခေါ်လိုက်တာလဲဗျာ၊ အဲဒီလို စိမ်းထားတဲ့ အခေါ်အဝေါ်တွေနဲ့ ကိုကို့ကို မခေါ်ပါနဲ့ ကလေး ယ်ဗျာ… နော်"

"ဟင်… ဦးအာရုဏ်ကို ဦးအာရုဏ်လို့ မခေါ်ရရင် ယ်လို့ခေါ်ရမှာလဲ"

"ကိုကိုလို့ခေါ်ပေါ့ဗျာ"

"ဟာ… ခေါ်ချင်ပါဘူး၊ ရှက်စရာကြီး"

"ကိုယ့်ယောကျ်ားကို ကိုယ့်ကိုယ်ကိုခေါ်တာ ရှက်စရာ ား အချစ်ရယ်"

"ဟာ… ထိပ်ကိုလဲ အဲဒီလို မခေါ်ပါနဲ့နော်၊ ထိပ်ရှက်ယ်"

နေရာတကာ ရှက်နေတဲ့ မိန်းကလေးကို သူကချစ်လှ သည်းယားလွန်းတာမို့ ဆွဲဖွေ့ယူပြီး နမ်းပစ်လိုက်တော့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ရှက်ဦးဗျာ"

"အို..."

ထိပ်က ဘာမှမတတ်နိုင်ဘဲ ကိုကို့ရင်ခွင်ထဲကို နောက်
တစ်ကြိမ်ထပ်ရောက်သွားရတော့သည်။

"ကိုကိုရယ်"

ထိပ်ရဲ့အသံလေးတွေက တုန်တုန်တိုးတိုးလေးရယ်ပါ

ခုမှပဲ အချစ်ဆိုတာကို ထိပ် အသေအချာ သိလို
ရပါပြီ။ ထိပ်က မရှက်တော့ပါဘူး ကိုကိုရယ် ထိပ်ရင်ထဲ
ရှိနေတဲ့ လျှို့ဝှက်တဲ့အချစ်တွေ အားလုံးကို ကိုကို့ဆီပုံ
လိုက်ပါပြီကွယ်။

"ကလေးရယ်၊ အရမ်းချစ်တာပဲဗျာ၊ ကလေးက ကို
ဘဝရဲ့အချစ်ဦး အချစ်ဆုံးလေးပါဗျာ၊ ကလေးကလွဲပြီး ဘ
မိန်းကလေးကိုမှ ကိုကို့မချစ်ခဲ့ပါဘူးဗျာ"

"တကယ်ပဲလား ကိုကိုရယ်၊ ထိပ်ကိုညာနေတာ
မဟုတ်ပါဘူးနော်၊ အသက်သုံးဆယ်အထိ အချစ်မရှိခဲ့
ဆိုတာ ယုံရမှာခက်လို့ပါ"



ထိပ်က ကိုကို့ဆံပင်တွေကို ဆွဲဖွပြီး မထိတထိလေး
ပြောနေမိတော့တာ။

"ယုံပါဗျာ၊ ကိုကိုက အချစ်ဆိုတာကို ခုမှသိတဲ့
တကယ့် လူပျိုရိုင်းလေးပါဗျာ၊ အဟွန်း... ဟွန်း..."

"တကယ်ပဲလားရှင်၊ လူပျိုရိုင်းလေးကလဲ ချစ်တတ်
လိုက်တာ ကြောက်စရာကြီး"

"ဒါကတော့ဗျာ၊ အချစ်ဆိုတာ သင်ပြင်ပေးစရာမလို
ဘဲ တတ်ကျွမ်းတဲ့ပညာ မဟုတ်လား"

"တော်ပါ၊ ဒီလောက် စကားတတ်နေတာ ပိုတောင်မ
ယုံသေး"

"ကလေးရယ်၊ ကိုကို့ကို မုန်းသေးလားဗျာ"

"ထိပ်က ဘယ်သူ့ကိုမှ မမုန်းတတ်ပါဘူးနော်"

"ဟင်... ကိုကို့ကို မုန်းတယ်လို့ပြောတယ် မဟုတ်
လား"

"ဒါက တမင်ပြောတာ"

"ဒါဆို မမုန်းဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ချစ်တယ်ပေါ့"

"သိဘူး"

စူစူ မူမူ နှုတ်ခမ်းလေးကို သူက အရမ်းကြီးပဲ ချစ်ပစ်လိုက်တော့တာ။

"သွား... အရမ်းဆိုးတာပဲ"

"မနှင့်ပါနဲ့ ကလေးရယ်၊ ကလေးရဲ့အနားမှာ တစ်သက်လုံး နေပါရစေဗျာ"

"ကိုကို"

"ဗျာ"

"ထိပ် ကြိုပြောထားမယ်နော်၊ ထိပ်က ညာတာမကြိုက်ဘူး၊ ဘယ်လိုကိစ္စပဲဖြစ်ဖြစ် အမှန်အတိုင်းပြောရမယ်"

"ဟုတ်ကဲ့"

"ညာရင် လုံးဝခွင့်မလွှတ်ဘူးနော်"

လက်ညှိုးလေးထောင်ပြီး ပြောနေတဲ့ ချစ်သူလေးကို သူက ခပ်တင်းတင်း ပွေ့ဖက်ထားလိုက်ပါတော့သည်။

အချစ်ကြောင့် အရာရာက ပျော်စရာအတိရယ်ပါ။

* * *



## အခန်း(၁၇)

ကြင်စဦး ဇနီးမောင်နှံနှစ်ယောက် ညစာစားဖို့ အခန်းထဲက ထွက်လာတော့ ညကိုးနာရီတောင် ထိုးနေပါပြီ။

"ထမင်းမစားခင် ဘွားဘွားကို အရင်သွားကြည့်ရအောင် ကိုကို"

"ကောင်းပါပြီဗျာ၊ ထိပ်က ဘွားဘွားကို ချစ်တယ်နော်"

"ချစ်လဲချစ်၊ သနားလဲသနားမိတယ် ကိုကိုရယ်"

"ဒါဆို ဘွားဘွားစကားကို နားထောင်မှာပေါ့နော်"

"ဩော်... ကိုကိုရယ် နားထောင်လို့ပဲ ကိုကိုနဲ့တောင် လက်ချင်းကြီး လက်ထပ်ပြီးသွားပြီ မဟုတ်လားရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားပြောထားတာကို နားထောင်လိုက်နာရို
နောက်တစ်ခုကျန်သေးတယ်လေဗျာ"

"ဟင်... ဘာများလဲ ကိုကို"

"ဘွားဘွားက ပြောတယ်လေ၊ မြေးတို့ လက်ထပ်ပြီး
တာနဲ့ ကလေးမြန်မြန်ယူ တဲ့"

"သွား... ဘာတွေပြောမှန်းလဲ မသိဘူး ဆိုးလွန်းတယ်"

ထိပ်က ရှက်ရှက်နဲ့ ကိုကို့လက်မောင်းစွန်းကို ထုရိုက်
လိုက်မိတော့တာ။

"တကယ်ပြောတာပါ အချစ်ရယ်၊ ကိုကို့အတွက် သား
သားလေးပဲဖြစ်ဖြစ် မီးမီးလေးပဲဖြစ်ဖြစ် အမြန်ဆုံးမွေးပေး
ပါနော်"

"ဟာ... ရှက်ပါတယ်ဆိုကွာ"

ထိပ်ရှက်နေမှန်းသိလို့ ကိုကိုက မရမက အတင်းကြီး
ပဲ လိုက်ပြောနေတော့တာ။

"ဒါ ရှက်စရာမဟုတ်ပါဘူးဗျာ"

"အို... ထိပ်ရှက်တယ်၊ မပြောနဲ့တော့"





"မွေးပေးမယ်ဆို မပြောတော့ဘူး"

"အင်း"

ထိပ်ရဲ့ခါးသိမ့်သိမ့်လေးကို ကိုကို့က လှမ်းဖက်ထား
လိုက်တာမို့ ထိပ်က အလန့်တကြားလေး ရုန်းလိုက်မိပါသည်။

"ကောင်မလေးတွေရှိတယ်လေ ကိုကိုရယ်"

ထိပ်မျက်နှာလေးတည်သွားတော့မှ ကိုကိုက ကိုယ်ရှိန်
သတ်သွားတော့တာ။ ဘွားဘွားရဲ့အခန်းထဲကို ရောက်တော့
ညအိမ်မီးကလေးပဲ ထွန်းထားပေးတာတွေ့ရပါသည်။

"ဟင်... ဘွားဘွားတောင် အိပ်နေပြီ"

"ဆရာမက ဘယ်မှာအိပ်တာလဲ ကိုကို"

"ဟိုဘက် အခန်းမှာလေ"

ထိပ်တို့နှစ်ယောက်က ဘွားဘွားနိုးသွားမှာ စိုးရိမ်တာ
မို့ စကားတိုးတိုး ပြောနေကြတာပါ။

ပြီးတော့ ထိပ်က ဘွားဘွားရဲ့ခုတင်နားကို တိုးကပ်
ပြီး သွားကြည့်ပါသည်။ ညအိပ်မီးရောင် မှိန်ဖျော့ဖျော့အောက်
မှာ ဘွားဘွားက ငြိမ်သက်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်လာတာမို့ ထိပ်က ခေါင်းငုံ့ပြီး ဘွားဘွားရဲ့အသက်ရှူသံကို နားထောင်ကြည့်မိပါသည်။

"ဟင်"

အသက်ရှူသံကို လုံးဝမကြားရတဲ့အတွက် ထိပ်က အလန့်တကြားလေး ဖြစ်သွားရတော့တာ။ သေချာအောင် ဘွားဘွားရဲ့ နှာခေါင်းဝမှာ လက်ကလေးကို ထားကြည့်လိုက်ပြန်သည်။

ဝင်လေထွက်လေရဲ့ အထိအတွေ့ကိုလည်း မခံစားရပြန်ပါ။ ဒီတော့မှ 'ထိပ်'က ကိုကို့ကို အော်ခေါ်လိုက်မိပါတော့သည်။

"ကိုကို လာ... လာကြည့်ပါဦး၊ ဘွားဘွား အသက်မရှူတော့ဘူး"

"ဟင်"

အာရုဏ်က ခြေလှမ်းကျဲကြီးတွေနဲ့ ဘွားဘွားရဲ့ခုတင်နံဘေးကို ဝုန်းခနဲ ရောက်သွားရတော့တာ။

"ဘွားဘွား... ဘွားဘွား..."





"အခန်းမီး အခန်းမီးဖွင့်လိုက် ကိုကို"

ထိပ်ပြောမှ မီးဖွင့်ဖို့ကို သတိရမိပါသည်။ မီးဖွင့်လို့ လင်းသွားတော့မှ ခုတင်ပေါ်မှာ ပြုံးပြုံးလေး ငြိမ်သက်နေတဲ့ ဘွားဘွားကို တွေ့လိုက်ရပါတော့သည်။

တကယ်ပဲ ဘွားဘွားက အသက်မရှူတော့ပါ။

"ဘွားဘွား..."

သူ့ခေါ်မိတဲ့အချိန်မှာပဲ ဆရာမလည်း ရောက်လာသည်။

"ဆရာမ ကြည့်ပါဦးဗျာ"

"အို... အဘွား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလို့ အနှိတ်လဲ အိပ်ရာဝင်လိုက်တာပါ သားရယ်၊ တစ်နာရီတောင် မကြာသေးပါဘူး"

ပြောရင်းဆိုရင်းကပဲ ဆရာမက စမ်းသပ်ကြည့်ပေးသည်။ သူကလည်း မိသားစုဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်ပါသည်။

ထိပ်ကတော့ ငိုကြွေးနေပါပြီ။ ဆရာမ ခေါင်းခါပြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘွားဘွား မရှိတော့ဘူးတဲ့။

သူကတော့ ဘယ်လို့မှ မယုံနိုင်သေးပါ။

ဆရာဝန်ရောက်လာပြီး ဘွားဘွားရဲ့သေဆုံးသွားပြီဆို တာကို အတည်ပြုပေးမှာပဲ ယုံလိုက်ရပါတော့သည်။

"ဘွားဘွားရယ်"

ဆရာမက ရှင်းပြနေပြန်သည်။

"နေ့လယ်ဘက် သားတို့ လက်ထပ်ပြီးကတည်းက အဘွား အိပ်ပစ်လိုက်တာ ညနေခြောက်နာရီခွဲမှ နိုးတယ်ကွယ်၊ အိပ်လို့အရမ်းကောင်းတာပဲလို့ ပြောပြီး ရေတစ်ခွက်တောင် သောက်တယ်ကွယ့်၊ ပြီးတော့ မိညိုကိုခေါ်ပြီး သားတို့ဘယ်မှာ လဲလို့မေးတယ်၊ အခန်းထဲမှာရှိတယ် ခေါ်ပေးရမလားဆိုတော့ လွှတ်လွှတ်လပ်လပ် နေပါစေတဲ့၊ အိပ်လို့အရမ်းကောင်းတယ် တစ်ရေးလောက် ထပ်အိပ်ဦးမယ်ပြောပြီး ပြန်အိပ်တာပါ ကွယ်"

"ဖြစ်ရလေ ဘွားဘွားရယ်"





ဘွားဘွားမျက်နှာက ပြုံးကြည်နေတာမို့ပဲ သူ့မှာ နည်း နည်းဖြေသာပါတော့သည်။

"သားနဲ့သမီးကို အတင်းလက်ထပ်ခိုင်းပြီး ပစ္စည်းတွေ ပေးနေကတည်းက အန်တီစိတ်ထဲမှာ တစ်ခုခုပဲလို့ ထင်နေ တာ သားရေ၊ ဘာပဲဖြစ်ဖြစ် အဘွားမသေခင်မှာ စိတ်ချမ်း သာသွားပါတယ်ကွယ်"

ထိပ်ကငိုနေတာမို့ ဆရာမကြီးက ထိပ်ကို နှစ်သိမ့်ပေး နေပါသည်။

သူကတော့ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ဖို့အတွက် ကြိုးစားရပါတော့သည်။ အိမ်မှာ လူမသေဖူးလို့ အသုဘ အတွေ့အကြုံမရှိတဲ့အတွက် ထိပ်ရဲ့ဘိုးဘိုးနဲ့ ဘွားဘွားကို ဖုန်းဆက်ခေါ်ရပါသည်။

ပြီးတော့ မေမေနဲ့ဖေဖေဆီ ဖုန်းဆက်ရပါသည်။ နောက် ဘွားဘွားရဲ့ မိတ်ဆွေနဲ့ ဆွေမျိုးနီးစပ်တွေကို ဖုန်းဆက် အသိပေးရပါသည်။

သူတို့ရဲ့ အိမ်နဲ့ခြံအကျယ်ကြီးမို့ ဘွားရဲ့အလောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရေခဲတိုက်မပို့ဘဲ အိမ်မှာပဲထားဖို့ သူ့ဆုံးဖြတ်လိုက်သည်။

ထိပ်ကို သူ့လှည့်ကြည့် မအားတော့ပါ။ သူ့တစ်ယောက်တည်း ဒိုင်ခံပြီး အလုပ်တွေများနေလို့ဖြစ်သည်။

ထိပ်ရဲ့ဘိုးဘိုးနဲ့ ဘွားဘွားရှိနေတာမို့ တော်ပါသေးသည်။

နေ့လယ်က လက်ထပ်ပွဲမှာ ဘယ်အသိမိတ်ဆွေကိုမှ မခေါ်ခဲ့ပေမယ့်၊ အခုတော့ ညအချိန်မတော်မှာပဲ သူတို့အိမ်ကြီးက မီးထိန်ထိန်လင်းလို့ စည်ကားနေပါတော့သည်။

အိမ်နီးနားချင်း သတင်းမေးသူတွေ အဝေးကလာတဲ့ မိတ်ဆွေတွေကို သူ့တစ်ယောက်တည်း ဧည့်ခံနေရတာလည်း အမောပါ။

ညဉ့်ဆယ်နှစ်နာရီထိုးလို့ လူအနည်းငယ် ရှင်းသွားမှ ထိပ်ရဲ့အနားမှာနေဖို့ အခွင့်အရေးရပါတော့သည်။

ထိပ်က မအိပ်သေးဘဲ ဘွားဘွားရဲ့ခုတင်အနားမှာ ငြိမ်ငြိမ်လေး ထိုင်နေတော့တာ။

"ထိပ် အိပ်တော့လေကွယ်"





"ဟင့်အင်း... ကိုကိုရယ်၊ ထိပ် မအိပ်နိုင်ပါဘူး"

"ထိပ်ရယ် အရမ်းမခံစားပါနဲ့ဗျာ၊ ဘွားဘွား သိရင်လဲ စိတ်ကောင်းမှာ မဟုတ်ပါဘူး၊ လာ... ကိုကို ထိပ်ကို လိုက်သိပ်မယ်နော်"

သူ့ကမ်းပေးတဲ့ လက်ကို ချစ်သူလေးက လှမ်းဆုပ်ကိုင်တော့မယ် အချိန်မှာပဲ တိုက်ရှေ့မှာ ကားတစ်စီးရပ်လိုက်တဲ့အသံကို ကြားရတော့တာ။

မိညိုရဲ့ 'ဧည့်သည်ပါ ကိုကိုကြီး' ဆိုတဲ့ စကားအဆုံးမှာပဲ မထင်မှတ်ထားတဲ့ ဂြိုဟ်ဆိုးက သူ့ဆီကို ဝင်ရောက်လာပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

"အမယ်လေး... သားရယ်၊ ကြားရတာ ယုံတောင်မယုံ မိပါဘူးကွယ်၊ အဟင့်... ဟင့်... ဟင့်..."

ငိုယိုပြီး အိမ်ထဲဝင်လာတာက ဒေါ်ခင်ခင်တင့်နဲ့ သူ့သမီး 'စံပယ်တင့်' ပါ။

သူ့နဲ့ထိပ်က ငေးကြည့်နေတုန်းမှာပဲ သားအမိနှစ်ယောက်က သူ့အနားကို ရောက်လာပါတော့သည်။

"အမယ်လေး.... ကိုကြီးရယ်၊ စံပယ် စိတ်မကောင်းလိုက်တာရှင် အဟင့်... ဟင့်..."

သူ့လက်မောင်းကို ဖက်တွယ်ပြီး လာငိုနေတာမို့ သူ



ကထူပူပြီး ဘာလုပ်ရမှန်း မသိတော့ပါ။

"မနေ့ကတောင် စံပယ်နဲ့ ဖုန်းပြောသေးတယ်၊ ဘွားဘွားနဲ့ တစ်ရက်လာနေပေးမယ်လို့ စံပယ်ကတောင် ပြောလိုက်သေးတာပါ"

"ဘယ်လိုဖြစ်တာလဲ သားရယ်၊ အန်တီကို ပြောပြပါဦးကွယ်"

ဘွားဘွားအလောင်းကို တစ်ချက်သွားမကြည့်သေးဘဲ သားအမိနှစ်ယောက်က သူ့ကိုပဲ ဆွဲလွဲနေကြတော့တာ။

"အိပ်ပျော်နေရင်းကပဲ အသက်ပါသွားတာပါ အန်တီ"

"အို... ဟုတ်လား"

စံပယ်တင့်က သူ့လက်မောင်းကို ဆုပ်ကိုင်ထားတာ လုံးဝမလွှတ်တော့ပါ။

အာရုဏ်က ရှန်းဖယ်ပစ်ရမှာကိုလည်း အားနာရသလို ငြိမ်ခံနေရမှာကလည်း အခက် ဖြစ်နေရပါတော့သည်။

ဒေါ်ခင်ခင်တင့်ဆိုတာက မေမေ့ရဲ့ သူငယ်ချင်းပါ။ ဒေါ်ခင်ခင်တင့်ရဲ့ သမီးစံပယ်တင့်ဆိုတာကလည်း သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



အရမ်းခိုက် အရမ်းကြွေပြီး အရမ်းလိုချင်နေတဲ့ သူလေးဖြစ်သည်။

မေမေတို့ ဘွားဘွားတို့ကလည်း သူ့ကို စံပယ်တင့်နဲ့ လက်ထပ်ဖို့နားချခဲ့ဖူးပါသည်။ သူက ဘယ်လိုမှ ခံစားလို့မရတဲ့အတွက် ငြင်းထားခဲ့ရတာဖြစ်သည်။

သူ့နဲ့ထိပ် စေ့စပ်တော့လည်း ဒေါ်ခင်ခင်တင့်တို့သားအမိက လုံး၀မလာခဲ့ကြပါ။ မိတ်ပျက်ဆွေပျက်တောင် ဖြစ်သွားခဲ့ရတဲ့အထိပါပဲ။

ယခုမှ ရောက်လာပြီး ငိုယိုနေဘာမို့ သူ့မှာ စိတ်ပျက်ရပါတော့သည်။

"ထိုင်ပါ အန်တီ"

"အေးကွယ်၊ သားမေမေနဲ့ ဖေဖေလဲ မရှိဘူးနော်"

"ဟုတ်ကဲ့၊ မနက်ဖြန်ခါဆို ပြန်လာပါပြီ အန်တီ"

"အခု သားတစ်ယောက်တည်းပေါ့၊ အားမငယ်ပါနဲ့ သားရယ်၊ အန်တီနဲ့ စံပယ်နဲ့ လာစောင့်အိပ်ပေးပါ့မယ်"

"ဟာ... ရပါတယ် အန်တီ"





"အားနာရမဲ့သူ တွေ မဟုတ်ပါဘူး သားရယ်၊ မငြင်းပါနဲ့ ဒီလိုအချိန်မှာ မကူညီရင် ဘယ်အချိန်မှာ ကူညီရမှာလဲ"

"ဟုတ်ပါတယ် ကိုကြီးရယ်"

ထိပ်က မြင်နေရတဲ့မြင်ကွင်း၊ ကြားနေရတဲ့စကားသံတွေကို ဘယ်လိုမှ မခံစားနိုင်တော့ပါ။

ဒေါသကြောင့် ရင်ခုန်သံတွေ မြန်ဆန်လာပြီး အာခေါင်တွေခြောက်သွေ့လို့ ရေပါင်တ်လာရပါတော့သည်။

ခေတ်ဆန်ဆန် အ၀တ်အစားဖွေ၀တ်ဆင်ပြီး ညကြီးအချိန်မတော် အသူ့ဘာအိမ်ကို လာတာတောင် မိတ်ကပ်အဖွေးသားနဲ့ အလှပြင်ထားတဲ့ မိန်းမဟာ ဘယ်သူလဲ...

ကိုကိုနဲ့ ဘယ်လောက်တောင် ရင်းနှီးလို့ ကိုကို့လက်မောင်းကို မလွှတ်တမ်း ဆုပ်ကိုင်ထားရတာလဲ...

ကိုကိုကလည်း ရှန်းဖယ်မပစ်ဘဲ ခံနေတာပါ။

ထိပ်က ထိုင်နေရာကနေ အသာလေးပဲ ထွက်လာခဲ့လိုက်ပါတော့သည်။ ရင်ထဲမှာလည်း ပူလောင်နေပါတော့သည်။ စိတ်တိုစရာကောင်းလွန်းတဲ့ မြင်ကွင်းကို မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လွဲခဲ့တာတောင်မှာ အာရုံထဲမှာ စွဲထင်နေပါသေးသည်။

ကိုကိုရယ်...

ထိပ် ရင်မှုလိုက်တာရှင်...

အဲဒီမိန်းမလေပ်နေတဲ့ပုံက ပိုင်စိုးပိုင်နင်းရှိလိုက်တာ...

အဲဒီမိန်းမရောက်လာတာနဲ့ ကိုကိုက ထိပ်ကိုလှည့် … ကြည့်တော့ကရော ဘာသဘောလဲ...

ထိပ်ကငိုချင်စိတ်ကို ထိန်းပြီး ထိပ်နဲ့ကိုကို အခန်း … ရာ အိမ်ကြီးရဲ့အပေါ်ထပ်ကို တစ်ယောက်တည်း တက်လာ … ခဲ့မိပါသည်။ ဘိုးဘိုးနဲ့ ဘွားဘွားကလည်း ပြန်သွားကြပြီ … ထိပ်တစ်ယောက်တည်းပါ။ ခုထိညစာမစားရသေးလို့အစာအိ … ထဲမှာ ပူလောင်နေပေမယ့် စားချင်စိတ်လည်း ထိပ်မှာ မရှိ …

ကြုံတွေ့နေတဲ့ အဖြစ်အပျက် အပြောင်းအလဲတွေ … မြန်ဆန်လွန်းလှတာမို့ ထိပ်ရဲ့နှလုံးသားနုနုလေးက ခံနိုင်ရ … မရှိချင်တော့ပါ။

“မမ”

“မမ”



လှေကားပေါ်ကို ပြေးလိုက်လာတဲ့ ခြေသံကြောင့် ထိပ်က လှည့်ကြည့်လိုက်တော့ မိညို ဖြစ်နေပါသည်။

“ဘာလဲ မိညို”

“ကျွန်မ မမနဲ့ အဖော်လုပ်ပေးမလို့ပါ”

ထိပ်က မငြင်းဘဲ မိညိုကို ခေါ်လာမိပါသည်။

“မမ”

“ဟင်”

“တစ်ယောက်တည်း အပေါ်ထပ်မှာ မကြောက်ဘူးလား ဟင်”

“မကြောက်ပါဘူးကွယ်”

“ကိုကိုကြီးတော့ တစ်ညလုံး အိပ်ရမှာကို မဟုတ်တော့ပါဘူး မမရယ်”

“ဘာဖြစ်လို့လဲကွယ်”

ထိပ်ကမေးတော့ မိညိုက မျက်နှာလေးရှုံ့မဲ့ပြီး ဖြေပါသည်။

“ဟိုးသားအမိပေါ့ မမရယ်၊ မတွေ့ဘူးလား ကိုကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့တာနဲ့ လင်းတတွေ အသေကောင်ပုပ်ဆွဲသလို ဝိုင်းဆွဲ
နေကြတာ"

"အဲဒါဘယ်သူတွေလဲဟင် မိညို"

"မေမေကြီးရဲ့ သူငယ်ချင်းပေါ့ မမရယ်၊ တော်တော်
မလွယ်တဲ့ သားအမိပါ၊ ကိုကိုကြီးကိုလိုချင်တာ တစ်ပိုင်
သေနေတာပဲ၊ ကိုကိုကြီးကို စာတွေသင်ခိုင်း၊ အလုပ်သင်ခိုင်း
ပြီး ကိုကိုကြီးရဲ့ရုံးကိုလွှတ်၊ အို... စုံနေတာပဲ၊ ယောကျ်ားက
တော့ ဘာဖြစ်မှာလဲနော်၊ တွဲခွင့်ရတော့တွဲလိုက်မှာပေါ့
ပေါ့... အချိန်တန်တော့ အချောဆုံး အလှဆုံးကို ရွေးယူလိုက်
တာပဲလေ"

ဘုရား... ဘုရား...

ထိပ်က မူးမိုက်သွားတာမို့ လှေကားလက်တန်းကို
ဆုပ်ကိုင်ထားလိုက်ရပါတော့သည်။

အို... ကိုကိုနဲ့ ဒီမိန်းမက ဒီလောက်တောင်ရင်းနှီး
တာလား အမှန်အတိုင်း ဝန်ခံရရင် ထိပ်က ကိုကို့အကြောင်း
ဘာမှသိတာမှ မဟုတ်ဘဲနော်။





ဘိုးဘိုးနဲ့ ဘွားဘွားက သဘောတူကြည်ဖြူပြီး ထိပ်
နဲ့ စေ့စပ်ပေးခဲ့တယ်၊ ကိုကို့အသွားကြောင့် ရက်တစ်ရာ
လောက်စောပြီး လက်ထပ်ခဲ့ရတယ်။

အစုမှ ကိုကို့အကြောင်း တစ်ခွန်းတစ်စကို သိရတာပါ။
သိတာထက် ထိပ်မျက်စိနဲ့ တပ်အပ်မြင်ရတာပါလေ။

ကိုကိုကပြောတော့ ထိပ်က ကိုကိုရဲ့အချစ်ဦးပါတဲ့
... အချစ်ဆုံးပါတဲ့... ထိပ်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ခဲ့ပါဘူး
တဲ့ အခုတော့ ထိပ်ရှေ့မှာပဲ တခြားမိန်းမတစ်ယောက်က
ခွဲလားဖက်လား လုပ်နေတာပါ။ မရင်းနှီးခဲ့ဘဲနဲ့တော့ ဘယ်
မိန်းကလေးက ဒီလိုလုပ်မှာတဲ့လဲ...

ထိပ်တော့ အညာခံလိုက်ရပါပြီ။ လက်ထပ်ပြီးတဲ့အပြင်
ထိပ်ရဲ့အပျိုစင်ဘဝလေးကိုပါ ပုံပေးလိုက်ရပြီးပြီမို့ ထိပ်ဘာ
များတတ်နိုင်တော့မှာလဲကွယ်။

ကိုကိုက ညာတတ်တဲ့ သူ့ပေါ့။

အခန်းတံခါးဖွင့်ပြီး အခန်းထဲဝင်လိုက်တာနဲ့ တွန့်ကြေ
နေတဲ့ အိပ်ရာကိုကြည့်ပြီး ထိပ်က ဝမ်းနည်းကြေကွဲသလို



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကိုလည်း စိတ်ဆိုးသွားမိပါတော့သည်။

"မမ"

"ဟင်"

"ညနေတည်းက မမ ဘာမှမစားရသေးဘူးနော်၊ ကျွန်မ ဘာစားစရာ လုပ်ပေးရမလဲဟင်"

"နေပါစေတော့ကွယ်၊ မစားချင်တော့ပါဘူး"

"အသီးဖျော်ရည်လေး တစ်ခွက်လောက်သောက်မလား မမ"

"ဟင့်အင်း... ကွယ်"

"နွားနို့ပူပူလေးရော သောက်မလား...ဟင်"

မိညိုက တတွတ်တွတ်မေးနေတာမို့ ထိပ်က အား မိတော့တာ။ ရင်ထဲမှာလည်း ပူလောင်နေတာမို့ ပန်းသီးဖျော်ရည်တစ်ခွက်လောက် သောက်ဖို့ စဉ်းစားလိုက်မိသည်။

"မမကို ပန်းသီးဖျော်ရည် တစ်ခွက်လောက်လုပ် ကွယ်၊ ပြီးရင် မိညိုသွားလို့ရပါပြီ"

"မမ တစ်ယောက်တည်း အိပ်ရဲလို့လား၊ ကိုကို





လာဖို့က သေချာဘူး မမရဲ့"

ထိပ်က နှုတ်ခမ်းလေးကိုက်ပြီး စဉ်းစားလိုက်သည်။

ထိပ်တစ်ယောက်တည်း အိပ်နေရင် သူ့လာပြီးချော့နေမှာပါ။ ချော့လို့ပျော့သွားရရင် ထိပ်နစ်နာပါသည်။ ဒါကြောင့် မိညိုကို အခန်းထဲမှာခေါ်သိပ်ဖို့ စဉ်းစားလိုက်မိတော့သည်။

မိညိုရှိနေရင် ထိပ်ကို ပွတ်သီးပွတ်သပ် လာလုပ်လို့ရဘူးပေါ့။

"အင်း... မိညို မမနဲ့လာအိပ်ပေးနော်"

"ဟုတ်ကဲ့၊ အခု မမအတွက် ဖျော်ရည်သွားလုပ်လိုက်ဦးမယ်နော်"

"အေးကွယ်"

မိညိုထွက်သွားတာနဲ့ ထိပ်က ကြမ်းပြင်ပေါ်မှာ ထိုင်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိပါတော့သည်။

ထိပ်ရင်ထဲမှာ ဆောက်တည်ရာမဲ့ နေရပါတော့သည်။

မိညိုပြောတဲ့ စကားတွေက တကယ်ပဲလားကွယ်...



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့လက်မောင်းမှာ မျက်နှာအပ်ပြီးငိုနေတဲ့ မိန်းမရဲ့ ပုံရိပ်က ထိပ်ရဲ့အာရုံမှာ နက်နက်ရှိုင်းရှိုင်း စွဲထင်နေတော့တာ။

ထိပ်ရဲ့နှလုံးသားလေးကတော့ ဒဏ်ရာဒဏ်ချက်တွေ ပြည့်နှက်သွားခဲ့ရပါပြီ။

ကိုကိုရယ်...

ထိပ် ကိုကိုကို့ အားကိုးယုံကြည်ပြီး ချစ်ချင်ပါတယ် ရှင်...

ကိုကို့ရဲ့အချစ်တွေကိုလည်း ထိပ်တစ်ယောက်တည်းပဲ အပြည့်အဝ လိုချင်ပါတယ်ရှင်...

ထိပ် ကိုကို့ကို မမုန်းချင်ပါဘူးကွယ်...

မိညို ပြန်ရောက်လာတော့ ထိပ်က ခပ်မြန်မြန်လေး ပဲ မျက်ရည်သုတ်လိုက်ရပါတော့သည်။

* * *



## အခန်း(၁၉)

မမက ခုတင်ပေါ်မှာအိပ်ပြီး မိညိုကတော့ ခုတင် အောက်ဘက်မှာ ခေါင်းအုံးတစ်လုံး စောင်တစ်ထည်နဲ့ အိပ် ပါသည်။

မမငိုနေတာ မျက်နှာပျက်နေတာကို တွေ့ရတော့ မိညို ဘာ တကယ်ပဲ စိတ်မကောင်းပါ။ ဒါကြောင့်ပဲ အောက်ထပ် မှာ တွေ့ခဲ့တာတွေကိုတောင် မပြောပြဘဲထားတာပါ။

အောက်ထပ်မှာ ကိုကိုကြီးနဲ့ ဟိုသားအမိက ခုထိလုံး ထွေးနေကြတုန်းပါပဲ။ မိညိုက ဒေါ်ခင်ခင်တင်းတို့ သားအမိ ကို လုံးဝကြည့်မရဘဲ မုန်းတီးနေတာပါ။

အို... သူတို့သားအမိကို မုန်းတာ မိညိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း မဟုတ်ပါဘူးနော်... ဒီအိမ်ကြီးမှာရှိတဲ့ အလုပ်သမား အားလုံးက မုန်းနေကြတာပါ။ မိညိုမုန်းတာကမှ သက်သာပါ သေးသည်။ မိဋ္ဌေးတို့ဆိုရင် ဝါးစားချင်အောင်မုန်းတာ။

မမုန်းဘဲနေပါမလားနော်... အဲဒီသားအမိက အဘွားဆီ လာတိုင်း မိညိုတို့ အလုပ်သမားတွေအပေါ်မှာ မဆီမဆိုင် ဝင်ချယ်လှယ်တတ်တာကိုး။

"ဟာ... ဒီလောက်မစားနဲ့လေ၊ အိမ်ရှင်မွဲမှာပေါ့"

"ဟဲ့... နေ့ခင်းဘက်မှာ နင့်တို့က အိပ်စရာလား၊ အလုပ် မရှိရင် ပြတင်းပေါက်မှန်တွေ ဖုန်သုတ်နေပေါ့"

'ဘုရား ဘုရား အိမ်ဖော်တွေကို စိတ်ကြိုက်လွှတ်ထား လို့ရမလား' ဆိုတဲ့ စကားတွေက ကြားနေကျစကားတွေပါ၊ ဒီအိမ်ကြီးကိုလာတိုင်း ဒေါ်ခင်ခင်တင့်တို့ သားအမိနှစ်ယောက် က ညှော်နံ့းကနေ မီးဖိုချောင်အထိကို စိမ်ခန့်ခွဲ ဟိန်းဟောက် ပြီးမှ ပြန်တာဖြစ်သည်။

"အို... ကောကောရယ်၊ အိမ်ဖော်တွေကို ဒီလောက်မကျွေး နဲ့လေကွယ်၊ အခုတော့ စိတ်ကြိုက်လွှတ်ပေးထားတာမကောင်း





ပါဘူး" လို့ ဒေါ်ခင်ခင်တင့်က မေမေကြီးကို ပြောနေကျပါ။

အဘွားရဲ့တစ်ဦးတည်းသော သမီး၊ ကိုကိုကြီးရဲ့အမေ မိညိုတို့က မေမေကြီးလို့ ခေါ်ကြတဲ့ 'ဒေါ်ကေသာ' က သဘောမနောကောင်းလွန်းတဲ့ သူပါ။

"ခြော်... ခင်ရယ်၊ ဒါလဲ အလှူပဲပေါ့ကွယ်၊ ကိုယ့်ရဲ့ အလုပ်တွေကို လုပ်ကိုင်ပေးနေတဲ့သူတွေကို ပိုပြီးကျွေးသင့် တာပေါ့ကွယ် မဟုတ်ဘူးလား" လို့ မေမေကြီးက ခဏခဏ ပြန်ပြောနေရတာပါ။

"ဒါဆိုလဲ အလုပ်တွေကို ဖိဖိစီးစီးလုပ်ခိုင်းလေ၊ နေ့ ခင်းနေ့လယ်တွေမှာ မအိပ်ခိုင်းနဲ့ ဘယ့်နှယ်ကွယ်၊ သူဌေး ကတောင် မအိပ်ရဘူး၊ သူတို့က အိပ်နေကြတာများ ဟွန်း မပြောချင်ဘူး" လို့ ဒေါ်ခင်ခင်တင့် မဲ့ရွဲ့ပြီးပြောတတ်သေး သည်။

"ခြော်... သူဌေးကတော့ ကိုယ့်လောဘနဲ့ ကိုယ့်အ လုပ်တွေ ဒီလောက်များနေတာ ဘယ်အိပ်နိုင်ပါ့မလဲ ခင်ရယ် အဟင်း... ဟင်း... အလုပ်သမားတွေကတော့ သူ့အလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင် အိပ်ပါစေပေါ့ကွယ်" လို့ မေမေကြီးက ရယ်ရယ်မောမောပဲ ပြောတတ်တာပါ။ ဒါကြောင့်ပဲ မစားရမသောက်၊ သူ့ဗိုက်ဆံလည်း တစ်ပြားတစ်ချပ်မှ ကုန်ရတာမဟုတ်ဘဲ အကုသိုလ်ပွားတတ်တဲ့ အဲဒီသားအမိကို မိညိုတို့ မုန်းမိတာပါ။

ကိုကိုကြီး ဆုံးပါးလိုက်တော့မှပဲ ဒီသားအမိတွေ မလာကြတော့တာပါ။ စံပယ်တင့်ဆိုတဲ့ မိန်းမကလည်း ကိုကိုကြီးနဲ့ ညားများသာညားရင် ဘယ်လောက်ပါဝါတွေ ပြမည်မသိပါ။

ကိုကိုကြီးနဲ့ လက်မထပ်ဖြစ်တာပဲ တော်ပါသေးသည်။

တကယ်တော့ မိညိုက ဒေါ်ခင်ခင်တင့်တို့ သားအမိကို မုန်းမုန်းနဲ့ မမမေးတာကို ပိုပိုသာသာလေး တွန်းပို့ပြီး ပြောပြလိုက်တာပါ။

ကိုကိုကြီးက စံပယ်တင့်ဆိုတဲ့ မိန်းမနောက်ပိုးကို ကြောက်လွန်းလို့ပတ်ရှောင်တာ မိညိုတို့ သိတာပေါ့။

အဲဒီမိန်းမ တလာမေးရင်လည်း ကိုကိုကြီးက နှစ်ယောက်တည်း ဖြစ်မနေအောင် မိညိုတို့ မိဒွေးတို့ကိုအနား





မှာ အမြဲတမ်းတစ်ခုခု ခေါ်ခိုင်းထားတတ်တာပါ။

မမနဲ့အဲဒီသားအမိ ရင်းနှီးသွားရင် မိညိုတို့ကို တွန်းဦးမှာပါ၊ ဒါကြောင့်ပဲ မမမုန်းနေအောင် မိညိုက ပိုသာပြီး ပြောတာပေါ့။

မမဆီကရှိုက်သံကို နားစွင့်ရင်းနဲ့ပဲ မိညိုက အိပ်ပျော်သွားရတော့တာ။

ထိုအချိန်တွင် အာရုဏ်ကလည်း ဘေးကျပ်နံကျပ်နဲ့ ဒုက္ခရောက်နေရပါတော့သည်။

ဒေါ်ခင်ခင်တင့်နဲ့ စံပယ်တင့်က အတင်းကြီးပဲ အသုဘစောင့်ပေးနေကြလို့ပါ။ သူတို့သားအမိရှိတော့မှပဲ သူ့အတွက် ပင်ပန်းရပါတော့သည်။ ဒီအတိုင်းဆို သွားအိပ်လို့ရနိုင်ပေမယ့် ဒေါ်ခင်ခင်တင့်တို့ ရှိနေတော့ သူလည်းရောပြီး ထိုင်နေရပါတော့သည်။

ထိပ်ကတော့ သူ့ကို စိတ်ဆိုးသွားလောက်ပါပြီ။

တကယ်ဆို ထိပ်အပေါ်ထပ်တက် မသွားခင်ကတည်းက ထိပ်ကိုခေါ်ပြီး ဒေါ်ခင်ခင်တင့်တို့နဲ့ မိတ်ဆက်ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ပဲ ဘွားဘွားက ချက်ချင်းကြီး လက်ထပ်ပေးသွားတဲ့ အကြောင်းကိုပါ ပြောပြမလို့ပါပဲ။

ဒါပေမယ့် ပြောပြဖို့ကလည်း တစ်မျိုးကြီးမို့ မပြော ဖြစ်တော့တာပါ။

စံပယ်တင့်က သူ့အပေါ်မှာ ရိုးရိုးသားသားပဲ ခင်မင် ဆက်ဆံခဲ့တဲ့ မိန်းကလေးဆိုရင်တော့ ထိပ်နဲ့မိတ်ဆက်ပေး ပြီး ဘွားဘွားစီစဉ်ပေးခဲ့လို့ ဒီနေ့ပဲ လက်ထပ်တဲ့အကြောင်း ပြောပြရတာ ကောင်းပါသည်။

အခုတော့ စံပယ်တင့်က သူ့ကို လက်ထပ်ချင်လို့ နည်းမျိုးစုံနဲ့ ကြိုးစားခဲ့ဖူးသူလေး ဖြစ်နေတာဆိုတော့ ပြော ပြလိုက်ရင် အထင်လွဲသွားနိုင်သည်။ သူ့အနေနဲ့လည်း ရှိ စိုင်းရာ ရောက်သွားမည်လို့တွေးပြီး မပြောခဲ့တာပါ။

အခုတော့ ပိုဆိုးနေပါပြီ။ စကားပိုင်းထဲကနေ သူ ရုန်းထွက်လို့ကို မရတော့တဲ့အပြင် ပြောနေတဲ့စကားတွေ လည်း အန္တရာယ်ရှိလာပါပြီ။

"မောင်... သားအဘွားဆုံးသွားတော့၊ အသုဘကို





ကြောင့် သားလက်ထပ်ဖို့ နောက်ဆုတ်ရမယ်ထင်တယ်ကွယ့်"

"အဲ... ဟို..."

သူက အပြောရခက်နေတုန်းမှာ စံပယ်တင့်က ဝင်ပြော ပါသည်။

"အို... မာမီကလဲ အဘွားဆုံးသွားလို့ စိတ်ထိခိုက်နေတဲ့ အချိန်မှာ ကိုကြီးက မင်္ဂလာဆောင်ပါ့မလားနော်၊ ပြီးတော့ ကိုကြီး အခုစေ့စပ်ထားတာကလဲ အဘွားရဲ့ဆန္ဒနဲ့ဆိုတော့ အဘွားမရှိတော့တာ လက်မထပ်ရင်လဲဖြစ်တာပဲ မဟုတ် လား"

မဖြစ်တော့ပါ။ ပြောပြမှကို ဖြစ်ပါတော့မည်။

သူကပြောပြဖို့ ဟန်ပြင်နေတုန်း စကားလုံးရှာဖွေနေ တုန်းမှာ တယ်လီဖုန်း ခေါ်သံထွက်လာပါတော့သည်။

"တူ... တူ... တူ"

"ခဏလေးနော် အန်တီ"

အေးကွယ်၊ သွား... သွား... သတင်းမေးကြတာဖြစ် မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဖုန်းလာကိုင်တော့ မေမေ့ ဖုန်းဖြစ်နေပါသည်။

မေမေမေးတာတွေ အားလုံးဖြေပြီး သူက ဒေါ်ခင်ခင် တင့်တို့သားအမိ ထိုင်နေတဲ့နေရာကိုပဲ ပြန်လာရပါသည်။ စိတ်ကတော့ တကယ်ညစ်နေပါပြီ။

"ဘယ်သူ့ဖုန်းလဲကွယ်"

"မေမေပါ အန်တီ"

"အို... အန်တီကို ပြောရောပေါ့ကွယ်၊ ကောကျ နှစ်သိမ့်စကားတောင် မပြောလိုက်ရဘူးကွယ်"

ဒေါ်ခင်ခင်တင့်က တဖျစ်တောက်တောက် လုပ်နေတာ မို့ သူက စိတ်ညစ်ပြီးရင်း ညစ်ရပြန်သည်။

သည်းလည်းမခံချင်တော့ပါ။ သူ့စိတ်တွေက ထိပ်ဆ ကိုပဲ ရောက်နေမိပါပြီ၊ စံပယ်တင့်လုပ်တဲ့ ပုံစံကြောင့် ချ သူလေးက သူ့ကို စိတ်ဆိုးနေလောက်ပါပြီ၊

"အန်တီတို့ အိပ်ချင်အိပ်နော်၊ အခန်းထဲမှာ အိပ်ရ တွေ ပြင်ခိုင်းထားပြီးပါပြီ၊ ကျွန်တော် အရမ်းပင်ပန်းလ ခဏလောက် နားလိုက်ပါဦးမယ်"



အားမနာနိုင်တော့တာမို့ အာရုဏ်က ဒီလိုပဲပြောလိုက် ပါတော့သည်။

"ဟုတ်တာပေါ့ကွယ်၊ နား သားရေ၊ အနားယူလိုက် နောက်ထပ်ရက်တွေ အများကြီး ပင်ပန်းရဦးမှာကွယ့်"

ဒါတောင်မှ ဒေါ်ခင်ခင်တင့်က ရအောင်လျှာရှည်နေပါ သေးသည်။

သူကပါ နောက်ထပ်ဆက်ပြောရင် ပြီးနိုင်တော့မည် မထင်၊ ဒါကြောင့်ပဲ သူက ထွက်လာခဲ့ပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

အခန်းတံခါးကိုစေ့ရုံစေ့ထားတာမို့ အာရုဏ်က ဝမ်းသ
သွားရပါသည်။ ဒါဆိုရင် ချစ်သူလေးက သူ့ကိုစိတ်ဆို
မနေဘူးပေါ့၊ သူ့ဝင်လာလို့ရအောင် တံခါးလေးစေ့ထားပေ
တာပေါ့။

ဝမ်းသာပြီး အခန်းထဲဝင်သွားတော့ ထိပ်က ခုတ
ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာကို တွေ့လိုက်
တော့တာ။

ချစ်သူအနားမှာ ဝင်အိပ်ဖို့ အစီအစဉ်ကို သူက ဖျ
ပစ်လိုက်ရပါတော့သည်။ အခန်းထဲမှာ မိညိုရှိနေတာကို





တစ်နေ့လုံး မောပန်းထားပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတဲ့ မိညိုကိုလည်းနှိုးပြီး မောင်းမထုတ်ချင်ပါ။ ထိပ်က တစ်ယောက်တည်း မအိပ်ရဲလို့သာ မိညိုကိုအဖော်ခေါ်သိပ်တာ ဖြစ်ပါလိမ့်မည်။

နောက်ဆုံးတော့ သူက အခန်းထဲကနေ အသာလေးပြန်ထွက်လာခဲ့ပြီး သူ့အခန်းထဲမှာပဲ သွားအိပ်လိုက်ပါတော့သည်။ အောက်ထပ်ကို ပြန်ဆင်းရင်လည်း ဟိုသားအမိရဲ့ရန်ကရှိသေးသည်။

မောပန်းလွန်းနေပေမယ့် အာရုဏ်က အိပ်လို့မရပါ။

အဘွားပြောခဲ့တဲ့ စကားတွေကိုပဲ ပြန်ကြားယောင်မိနေပါတော့သည်။

ဘွားဘွားက သူ့သေနေ့ကို သူ့သိလို့သာ သူ့နဲ့ထိပ်ကို ချက်ချင်းကြီး လက်ထပ်ခိုင်းခဲ့တာ ဖြစ်ပါလိမ့်မည်။

သေနေတာတောင် ဘွားဘွားရဲ့ မျက်နှာလေးက ပြုံးနေပါသည်။ ဒါဟာ မသေခင်မှာ စိတ်ကျေနပ်အေးချမ်းသွားတဲ့ လက္ခဏာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတွက် ချစ်သူလေးရဲ့ နားလည်ကြင်နာမှုကိုလည်း ကျေးဇူးအထပ်ထပ် တင်နေရပါတော့သည်။

သူမလေးသာ ဘွားဘွား စီစဉ်တာကို ခါးခါးသီးသီး ငြင်းပစ်ခဲ့ရင် ဘွားဘွားလည်း အခုလိုမျိုး ပြုံးပြုံးလေး သေ နိုင်မည်မထင်ပါ။

အချစ်ရယ်...

မင်းလေးရဲ့ နွေးထွေးကြင်နာမှုတွေကို ကိုကို အမြဲတမ်း ပဲ ဦးညွှတ်နေမှာပါဗျာ...

တစ်အိမ်တည်းမှာရှိနေတဲ့ ချစ်ဇနီးလေးကို လွမ်းလို့ အိပ်မရပါဘူးလို့သာပြောခဲ့ရင် သူ့ကို လူတွေက ဝိုင်းရယ် ကြတော့မှာပါ။

ထိုအချိန် ဒေါ်ခင်ခင်တင့်နဲ့ စံပယ်တင့်ကလည်း တ တိုးတိုးနဲ့ အချင်းများနေကြပါတော့သည်။

"မာမီလုပ်တာနဲ့ စံပယ်တို့ကတော့ အသုဘဈေး လုံးလုံး ဖြစ်ရပြီနော်"

စံပယ်တင့်က အလောင်းပြင်ထားတဲ့ အိပ်ရာကြီး





မနှစ်မြို့စွာကြည့်ရင်း ပြောလိုက်တာပါ။

ဒေါ်ခင်ခင်တင့်ကလည်း အလိုမကျဖြစ်နေတဲ့ သမီးကို ချော့မော့ရတော့သည်။

"ဩော်... သမီးရယ်၊ စကားပုံတောင် ရှိတယ်လေ တွယ်၊ အနာခံမှ အသာစံရတယ်တဲ့ အဟင်း... ဟင်း..."

"သူက စေ့စပ်ပြီးသားလေ မာမီရဲ့၊ ဘယ်လိုလုပ်ပြီး အသာစံရဦးမှာလဲ"

"ဩော်... စေ့စပ်တာဆိုတာ လက်ထပ်တားတာမှ မဟုတ်တာ အချိန်မရွေး ဖျက်သိမ်းပစ်လို့ရတယ် သမီးရေ၊ နားလည်ရဲ့လား"

"နားတော့လည်ပါတယ် မာမီရယ်၊ ဒါပေမဲ့ မယုံဘူး"

ဒီလိုဆိုတော့လည်း ဒေါ်ခင်ခင်တင့်က သမီးကို သနား မိပါသည်။

သူလေးခမျာ မောင်အာရဏ်ကို တကယ်ချစ်ရှာတာပါ။ ဒါပေမယ့် မောင်အာရဏ်ကတော့ သမီးကို သဘောမကျ ဒါကြောင့်ပဲ လက်ထပ်ဖို့ မဖြစ်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်တင့်ကလည်း သမီးနဲ့ မောင်အာရုဏ်ကို အရမ်းပဲ ဖြစ်စေချင်ပါသည်။ မောင်အာရုဏ်ရမယ့် အမွေတွေက မနည်းဘူး မဟုတ်လား။

အခုဆို ဒေါ်ကြည်ဖြူ ဆုံးသွားပါပြီ။ မောင်အာရုဏ် လက်ထဲကို အမွေတွေလည်းရောက်ပါပြီ၊ ဒီအချိန်မှာ သမီးနဲ့ လက်ထက်ဖြစ်သွားရင်ပြီးပြီပေါ့။

အမိဖမ်းလိုက်တာပါ၊ ဘာညာဘယ်လိုပဲ ပြောပြောပါ၊ လူတွေက ဘယ်လောက်ပြောနိုင်မှာတဲ့လဲ။

"ယုံစမ်းပါ သမီးရယ်၊ မာမီကြံရင် ဘာမှမခံနိုင်ပါဘူး"

စံပယ်တင့်က ပခုံးလေးကို ဟန်ပါပါတွန့်လိုက်မိပါသည်။

မာမီကတော့ သေချာနေတာပါပဲ။ လောလောဆယ်တော့ အတော်ပဲနေရတာ မကောင်းပါ။ ဒီအိမ်က အလုပ်သမားတွေကလည်း သူတို့ဘာသာပဲ နေနေသည်။ သူမတို့သားအမိအနားကို ဘယ်သူ့မှမလာကြပါ။

"သမီး"





"ရှင်… မာမီ"

"မောင့်အာရုဏ်အခန်းဟို တက်လိုက်သွားပါလား"

"ဟင်"

"ဒါအခွင့်အရေးပဲ သမီး၊ သူ့အခန်းထဲဝင်လိုက် သမီး ...း‌နပ်ရင် ကိစ္စပြီးတယ်"

အစကတည်းက မိုက်ရူးရဲ စံပယ်တင့်ပါ။

အချစ်အတွက် ဘာပဲလုပ်ရလုပ်ရ ဘယ်လိုပဲစွန့်စား ...စွန့်စားရလို့ တွေးထားသူမို့ မာမီ သွေးထိုးပေးလိုက်တာ ...ပဲ သူမက သွေးကြွလာရပါတော့သည်။

"လူတွေရှိနေတယ်လဲ မာမီ၊ စံပယ် အပေါ်ထပ်ကို ...က်သွားရင် သတိထားမိတဲ့သူက သတိထားမိမှာပေါ့"

မာမီကပြုံးပြီး ခေါင်းညိတ်ပြသည်။

'သတိထားမိတဲ့' သူက၍ သတိထားမိတာကိုပဲ မာမီ ...လိုချင်တာ။

"ဘယ်လို… ဘယ်လို"

"ဒါဟာ သက်သေပေါ့ကွယ် သမီးရယ်၊ သိမိတဲ့



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါနဲ့"

'အာရုဏ်'နဲ့ 'မေထိပ်ခေါင်' လက်ထပ်ပြီးနေပြီဆို တာကို လုံးဝမသိဘဲ ဒေါ်ခင်ခင်တင့်တို့သားအမိက အကြံကြီး ကြီးစည်နေကြတော့တာ။

ဒေါ်ခင်ခင်တင့်က အချက်ပြလိုက်တာနဲ့ စံပယ်တင့် က ကျွန်းလှေကားကြီးအတိုင်း အပေါ်ထပ်ကို တက်သွားပါ တော့သည်။

ဒီအိမ်ကြီးကို အလျင်ကတည်းက ဘယ်နေရာမှာဘယ် သူ့ အခန်းရှိတယ်ဆိုတာကို စံပယ်ကောင်းကောင်းသိပါသည်။

ဒါ့အပြင် ဒေါ်ကြည်ဖြူပိုင်ဆိုင်တဲ့ အိမ်ကြီးပါ။ ဒီ အိမ်ကြီးကို ကိုအာရုဏ် အမွေရမယ်ဆိုတာကို စံပယ်သိထား ပါသည်။

အပြင်ဆိုမှာ အတွင်းပစ္စည်း စိန်ထည်တွေ အများကြီး ရှိနေတာကိုလည်း စံပယ်သိပါသည်။

အဲဒီလက်ဝတ်လက်စားတွေကိုလည်း ကိုအာရုဏ်ပဲ မှာပါ။ ဒါကြောင့် စံပယ်တင့်က ကိုအာရုဏ်ကို လက်ထပ်



ချင်မိတာပါ၊ အခုလည်း လောဘကြောင့် အရှက်ကင်းမဲ့ပြီး အိမ်ကြီးရဲ့အပေါ်ထပ်ကို ရောက်လာခဲ့ရပါပြီ။

ပြီးတော့ အာရုဏ်ရဲ့အခန်းဆီကို စံပယ်တင့်က ချဉ်း ကပ်လာပါတော့သည်။

ထိုအချိန်တွင်အာရုဏ်က အိပ်မပျော်တဲ့အတွက် ဘုရား ခန်းထဲမှာ ဘုရားရှိခိုးပြီး မေတ္တာသုတ်ရွတ်နေတာပါ။

သူ့အိပ်ခန်းနဲ့ဘုရားခန်းက ကပ်နေတော့တာမို့ အိပ် ခန်းတံခါးဖွင့်တဲ့အသံကို သူက ပီပီသသကြားလိုက်မိပါသည်။ ဘယ်သူ့များလဲဆိုတဲ့ အတွေးနဲ့ကြည့်လိုက်တော့ စံပယ်တင့် ဖြစ်နေတာကို အလန့်တကြားနဲ့ တွေ့လိုက်ရပါသည်။

သူ့ဘုရားခန်းထဲက ကြည့်နေတာကိုမသိဘဲ စံပယ်တင့် က မီးပိတ်ထားတဲ့ သူ့အခန်းထဲကို ချွတ်နင်းဝင်သွားတော့ တာ။

ရုတ်တရက် သူက ဘာလုပ်ရမှန်းမသိဘဲ ဖြစ်သွားရ ပါတော့သည်။ အတော် အန္တရာယ်ကြီးတဲ့ကိစ္စပါပဲ၊ သူသာ အိပ်ပျော်နေခဲ့ရင် ပြဿနာတွေ ကြောက်စမန်းလိုပဲ တက်

www.burmeseclassic.com

www.burmeseclassic.com



ပါတော့မည်။

အိပ်မပျော်ဘူးပဲ ရှိစေဦး အခန်းထဲမှာရှိနေခဲ့ရင်လည်း အန္တရာယ်များပါသည်။ အခု ဘုရားခန်းထဲရောက်နေလို့ပဲ တော်ပါသေးသည်။

ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမလဲ မသိချင်ယောင်ဆောင်နေလို့တော့မရပါ၊ အခုအချိန်မှာ သူက အိမ်ထောင်ရှင်တစ်ယောက်ဖြစ်သည်။ သူ့အိမ်ထောင်ရေးကို ထိခိုက်မှာမျိုးတော့ အဖြစ်မခံနိုင်။

ဒီတော့ သူ့အနေနဲ့ အားနာလို့မရပါ။ ပါးနပ်ရပါမည်၊ ပြတ်သားရပါမည်။

တခြားလူတွေ သိကုန်အောင်လုပ်ရင်လည်း မကောင်းပါ၊ စံပယ်တင့်အတွက်လည်း ထည့်စဉ်းစားပေးရပါမည်။

ခဏစဉ်းစားပြီးတာနဲ့ သူက ရင်ဆိုင်ဖို့ဆုံးဖြတ်ပြီး သူ့အခန်းဆီ အသာလိုက်သွားလို့ အခန်းမီးကိုဖွင့်လိုက်ပါသည်။ သူ့ကတော့ တံခါးဝမှာသာ ရပ်နေလိုက်ပြီး အခန်းထဲကို လုံးဝမဝင်ဘဲ နေလိုက်ပါသည်။





မီးလင်းသွားတာနဲ့ သူ့ခုတင်အနားသို့ ရောက်နေပြီဖြစ်တဲ့ စံပယ်တင့်က မျက်လုံးပြူးပြီး အလန့်တကြား ဖြစ်သွားပါတော့သည်။

"ဘာလာလုပ်တာလဲ စံပယ်"

သူ့အသံကို အခန်းဝကကြားတော့ သူမက အခန်းဝကို လှည့်ကြည့်သည်။

"ဟို... ဟို... စံပယ်... စံဂယ်လေ"

"မင်းဒီလို မလုပ်သင့်ဘူး စံပယ်၊ ကိုယ်က အိမ်[illegible]ရှင်တစ်ယောက် ဖြစ်နေပြီလေ၊ ဘွားဘွားမဆုံးခင်[illegible]ပိုင်းကပဲ ကိုယ်ချစ်သူနဲ့ လက်ထပ်ပြီးသွား[illegible]"

"ဘာ..."

"ဟုတ်တယ်လေ စံပယ်၊ မင်းသွားတော့နော်"

"အို... အဟင့်... ဟင့်"

စံပယ်တင့်ကငိုပြီး သူ့အခန်းထဲကနေ ပြေးထွက်သွားပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

"ဘုရားရေ..."

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် မူးမေ့လဲကျမသွားအောင် ထိပ်က မနည်းကြီးထိန်းချုပ်ထားရတော့တာ။

ကိုကိုနဲ့ မပတ်သက်ခဲ့ဖူးတယ်ဆိုတဲ့ မိန်းမကငိုပြီး ထွက်ပြေးသွားတယ်၊ ကိုကိုကလည်း သူ့အခန်းဝကနေ ရပ်ကြည့်နေတယ်။

အမယ်လေး... သူတို့... သူတို့ဘာတွေများ ဖြစ်ကြသလဲ... ကိုကိုထိပ်ကို သစ္စာဖောက်လိုက်တာပဲလား... ဒါမှမဟုတ် ဟိုမိန်းမကို သစ္စာဖောက်ပြီး ထိပ်ကို လက်ထပ်တာလား...





တကယ့်လို့သာ 'ထိပ်' အိပ်ပျော်နေရာက မနိုးခဲ့ဘူးဆိုရင် ဒီအဖြစ်အပျက်ကို ဘယ်သိမှာတဲ့လဲ။

အခုတော့ စကားပြောသံလိုလို ကြားမိပြီး ထိပ်ကနိုးလာခဲ့ရတာပါ။ နိုးတာနဲ့ အခန်းအပြင်ထွက်ဖို့ တံခါးဟလိုက်ချိန်မှာပဲ ဒီအရုပ်ဆိုးတဲ့မြင်ကွင်းကို မြင်လိုက်ရတာဖြစ်သည်။

စိတ်ထိခိုက်လွန်း ထိပ်က မတ်တတ်တောင် မရပ်နိုင်တော့ပါ။

ခုတင်ရှိရာကိုရောက်အောင် မနည်းအားတင်းပြီးပြန်လာခဲ့ရပါသည်။ အိပ်ရာပေါ်ရောက်တော့ အရုပ်ကြိုးပြတ်ပစ်လှဲချလိုက်ပြီး ထိပ်က ရှိုက်ငိုမိတော့တာ။

— ကိုကိုရယ်...

ရက်စက်လိုက်တာရှင်... ထိပ်မျက်စိနဲ့ တွေ့ရလို့သာယုံလိုက်ရတာပါကွယ်... သူများတွေပြောပြလို့ သိရတာဆိုရင် ထိပ်က ဘယ်လိုမှယုံနိုင်မှာ မဟုတ်ပါဘူးကွယ်...

အားရအောင်ငိုပြီးမှ ဘာလုပ်ရမလဲလို့ ထိပ်က စဉ်းစားမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ ကိုကိုနဲ့ စာရင်းရှင်းလို့တော့ မဖြစ်သေးပါ။ ဘွားဘွားရဲ့ အသုဘကိစ္စက ရှိနေပါသေးသည်။ ကိုကို့ကို စာရင်းရှင်းရင် နောက်ဆက်တွဲ ပြဿနာတွေနဲ့ အသုဘမှာ မျက်နှာပျက်စရာတွေ ဖြစ်ကုန်ရမှာပါ။

ဒီတော့ အသုဘရက်လည်မှပဲ ရှင်းရပါတော့မည်။ ဒီကြားထဲမှာတော့ ကြိုးစားပြီး ဟန်မပျက်နေမှပဲ ဖြစ်မှာပါလေ။ လူကြီးတွေကို ပြောပြလို့လည်း မဖြစ်သေးပါ။

ထိပ်တစ်ယောက်တည်းပဲ ကြိတ်မှိတ်ခံစားနေရမှာပေါ့လေ...

ကိုကို့ကို စိတ်နာမိပါသည်။

ထိပ်ကိုမချစ်ဘဲနဲ့ အချစ်ပန်းကလေးကို ခူးဆွတ်သွားခဲ့လို့ပါ။

တွေးရင်းတွေးရင်း ဖြေမဆည်နိုင်ဘဲ ထိပ်က အငိုမဆုံးဘဲ ဖြစ်နေရပါတော့သည်။

ထိုအချိန်တွင် ဧည့်သည်အတွက် အိပ်ရာတွေပြင်ဆင်ပေးထားတဲ့ အခန်းထဲမှာ ဒေါ်ခင်ခင်တင့်တို့ သားအမိကလည်း





အပူမီးကြုံနေရတော့သည်။

"အဟင့်... အဟင့်... အဟင့် စံပယ်ရှက်တယ် မာမီ၊ အရမ်းရှက်တယ်"

"သမီးရယ်၊ ဘယ်သူမှ မသိပါဘူးလေ၊ အသာလေးပဲ နေလိုက်ပါ၊ မောင်အာရဏ်ကလဲ ဘယ်သူ့ကိုမှ လိုက်မပြောပါဘူးကွယ်"

"မာမီ အစကပြောတဲ့ သက်သေဆိုတာတွေကိုရော ဘယ်နားသွားထားမလဲ မာမီ"

"ဩော်... ဘယ်သူကထင်မှာလဲကွယ်၊ ကိစ္စတစ်ခုခု ရှိလို့ အပေါ်ထပ်တက်သွားတယ်လို့ပဲ ထင်ကြမှာပါ"

သမီးကိုသာ အားပေးနေရပေမယ့် ဒေါ်ခင်ခင်တင့် ရင်ထဲမှာလည်း မကောင်းတော့ပါ။

"ပြန်စို့မာမီရယ်၊ စံပယ်တို့ ပြန်ကြရအောင်ပါ"

"အို... ချက်ချင်းကြီး ထပြန်လို့ ဘယ်ကောင်းပါမလဲ သမီးရယ်၊ အဲဒါမှ အားလူတွေရိပ်မိပြီး ရှက်စရာဖြစ်ကုန်မှာလေ၊ မာမီတို့ လာကတည်းက အသုဘပြီးအောင် နေပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ပြောထားတာ မဟုတ်လားကွယ်”

“အနည်းဆုံးတော့ သင်္ဂြိုဟ်ပြီးတဲ့အထိ နေပါကွယ်၊ မနက်ဖြန်ခါဆိုရင်ပဲ အန်တီကေတို့လဲ ရောက်တော့မှာပါ”

စံပယ်ရင်ထဲမှာ မခံချိမခံသာနဲ့ ဖြစ်နေရတော့တာ။ ဒါ မာမီကြောင့်ဖြစ်ရတာပါ။ မာမီက မြှောက်ပေးခဲ့တာကိုး။ အခုတော့ စံပယ်မျက်နှာကို ဘယ်အနားမှာ သွားထားရတော့မှာလဲ၊ ဘယ်လိုပုံစံနဲ့ နေရတော့မှာလဲ၊ မာမီကတော့ အားပေးနေပြန်သည်။

“သမီးရေ၊ ပုံစံမပျက်စေနဲ့နော်၊ ကိုယ်ဘက်က မှုပျက်ရင် ကိုယ်ရှုံးတာပဲနော်၊ မရှုံးစေနဲ့ ဟန်ဆောင်စမ်းပါကွယ်”

“တော်ပြီ၊ စံပယ် စိတ်အရှမ်းညစ်သွားပြီ”

“ကဲ... အိပ်လိုက်ပါကွယ်၊ မနက်ကျရင် ကောင်းသွားမှာပါ၊ အိပ်... အိပ်တော့”

ဒေါ်ခင်ခင်တင့်က သမီးပဲ အတင်းပဲအိပ်ခိုင်းလိုက်ရတော့သည်။

ဪ... မလွယ်ပါလားနော်...

* * *



## အခန်း (၂၂)

နောက်နေ့မနက်မှာ အသုဘက လှုပ်ိစည်ကားနေပါသည်။ ဧည့်သည်တွေကို ကျွေးမွေးရတာ၊ သတင်းမေးသူတွေကို ဖြေရတာနဲ့ အားလုံးမအားနိုင်။

‘အာရက်’ လည်း ချစ်ဇနီးလေးနဲ့ စကားပြောခွင့်တောင် သာဘဲ ဖြစ်နေရပါသည်။ ဧည့်သည်ရှင်းတဲ့ အချိန်မှာလည်း ိပ်က သူ့အနားမှာ မရှိပါ။

အစကတော့ ရိုးရိုးလို့ပဲ ထင်မိပါသည်။ နောက်မှ ်သူလေး ရှောင်နေတာပဲလို့ သူသိလာရတော့တာ၊ အလုပ် းတာမို့ ချစ်သူလေးကို မချော့နိုင်သေးဘဲ ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်တင့်တို့ သားအမိကတော့ ပုံစံမပျက်ဘဲ

ဆက်နေပေးနေပါသည်။

ဒါကောင်းတာလား၊ ဆိုးတာလား၊ သူ့လည်း မစဉ်း

စားတတ်တော့ပါ။

ဟန်ဆောင်ကောင်းတဲ့ စံပယ်တင့်ကိုတော့ သူ

ကြောက်လန့်မိတာ အမှန်ပါပဲ။

စံပယ်တင့်ကို ထိပ်နဲ့ မိတ်ဆက်ပေးပြီးပါပြီ။ ထိပ်က

ပုံမှန်ပါပဲ၊ စံပယ်တင့်ကတော့–

'ဟယ်... လှလိုက်တာ' လို့ အစချီပြီး ရွှန်းရွှန်းဝေ

တော့သည်။

ထိပ်ရယ်...

ကိုကို့ကို စိတ်ကောက်နေတာလားကွာ...

သူ့မှာ လူကသာ အလုပ်တွေလုပ်နေရပေမယ့် စိ

ကတော့ ထိပ်ဆီပဲ ရောက်နေရပါသည်။

နေ့လယ်စာ ထမင်းစားတော့ သူ့နဲ့ထိပ် အတူတူ

ဖြစ်သည်။ ဒါပေမယ့် ထိပ် ထမင်းစားတာက တို့ခနန်းဆိ





ခနန်းပါပဲ။

"ကလေး များများစားလေ၊ ပင်ပန်းတဲ့အချိန်မှာ အစား

များများစားရတယ်"

ကိုကို့က ထိပ်ရဲ့ထမင်းပန်းကန်ထဲကို ဟင်းတွေခပ်

ထည့်ပေးပြီး ဂရုစိုက်ပြနေတာပါ။

ညကအဖြစ်အပျက်ကိုသာ သိမထားခဲ့ဘူးဆိုရင် ကိုကို့

ရဲ့ဂရုစိုက်မှုတွေမှာ ထိပ် သာယာမိမှာပါကွယ်။ အခုတော့

နာကျင်မှုတွေကိုပဲ ခံစားရပါသည်။ သာယာဖို့ကတော့ အဝေး

ကြီးရယ်ပါ။

"ရပြီ ထိပ် ဝပြီ"

ဒီလောက်ပဲပြောပြီး ထိပ်က ထမင်းဝိုင်းကနေ ထွက်

လာခဲ့မိသည်။ ထိပ်ရင်ထဲမှာ နာကျင်လွန်းနေလို့ပါ။ ကိုကို့နဲ့

ကြာကြာ မျက်နှာချင်းမဆိုင်မိတာနဲ့ မျိုသိပ်ထားတာတွေ

ထွက်ကျန်တော့မှာ စိုးရိမ်ရတယ်လေ။

ညသည်တွေ အရမ်းများတဲ့အချိန်မှာ ထိပ်က အခန်း

ဝင်နေလိုက်ပါသည်။ ခေါင်းနောက်တာရော စံပယ်တင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့မိန်းမ ကိုကိုနဲ့အတူတူရောပြီး ညှော်ခံနေတာကို ကြည့်မရတာရောကြောင့်ပါ။

ထိပ်ရဲ့ပုံစံလေးက ဘယ်လောက်အထိ မှုပျက်နေသည် မသိပါ။ ထိပ်ရဲ့ဘွားဘွားကတောင် လာမေးရပါတော့သည်။

"မြေးလေး"

"ရှင် ဘွားဘွား"

"နေကောင်းရဲ့လားကွယ်၊ မြေးလေးမျက်နှာ အရမ်းညှိုးနေတယ်"

"နေကောင်းပါတယ် ဘွားဘွားရယ်၊ ညက အိပ်ရေးပျက်လိုက်လို့ပါ"

"မြေး"

"ရှင်"

"မြေးလေးကို ဘွားဘွား သနားလိုက်တာကွယ်၊ ဘွားတို့လူကြီးတွေရဲ့ ဆန္ဒနဲ့စေတနာကြောင့်ပဲ မြေးလေးမှာ ပပန်းဆင်းရဲနေရပါပြီ"

ထိပ်က ဘွားဘွား ရင်ခွင်ထဲတိုးဝင်ပြီး ငိုမိပါသည်





ကိုကိုနဲ့ ဟိုစံပယ်တင့်ဆိုတဲ့ မိန်းမရဲ့အကြောင်းကိုတော့ မပြောပြရဲလို့ မျိုသိပ်ထားရတော့တာ။

ထိပ်ပြောလိုက်ရင် ဘွားဘွားတို့က ငြိမ်ခံနေမှာတဲ့လား။

"မငိုပါနဲ့ သမီးလေးရယ်၊ မောင်အာရဏ်ကို လက်ထပ်ရတဲ့အတွက်ကြောင့် သမီးလေး အရမ်းခံစားနေရတာလားကွယ်၊ ဒါဆိုရင်လဲ ဘွားဘွားတို့ တစ်မျိုးတစ်ဖုံ စီစဉ်ပေးမယ်နော်"

"ဟင်... ဘယ်... ဘယ်လို စီစဉ်မှာလဲ ဘွားဘွား"

ထိပ်က အလန့်တကြားလေး မေးလိုက်မိတာပါ၊ ဘွားဘွား က လေသံလေးလျော့ပြီး ထိပ်အနားကို ကပ်လို့ပြောပါသည်။

"မြေးလေးတို့ လက်ထပ်ထားတာ စာရွက်ပေါ်မှာပဲရှိသေးတာ မဟုတ်လားကွယ်၊ ပြီးတော့ လူသိရှင်ကြားလဲ ဘာမှမလုပ်ရသေးဘူး မဟုတ်လား၊ ဒါပြန်ပြင်လို့ ရပါတယ် စိတ်မဆင်းရဲမခံပါနဲ့"

"အို..."



www.burmeseclassic.com

www.burmeseclassic.com



ထိပ်က ဘာမှမပြောနိုင်တော့ပါ။

ထိပ်တို့နှစ်ယောက် လက်ထပ်ထားတာ စာရွက်ပေ မှာပဲ မဟုတ်တော့ပါဘူးလို့ ဘယ်လိုပြောပြရတော့မှာလဲ

ထိပ်တို့နှစ်ယောက် အနက်ရှိုင်းဆုံး ရင်းနှီးပတ်သ သွားတာကို ထိပ်တို့ချင်းပဲသိတာ မဟုတ်လား...

ဒါပေမယ့် ထိပ်က ဘွားကို ဘာမှမပြောဘဲ ငြိမ် လိုက်ပါတော့သည်။ ထိပ်နဲ့ ကိုကို့ကြားကို ဟိုအမျိုးသ သာဝင်လာခဲ့ရင် အရာရာက မဖြစ်မနေ ပြန်ပြင်ရတော့ မဟုတ်လား။

"ဘွားဘွား"

"ရှင်"

"ထိပ်ဒီမှာ မနေချင်တော့ဘူး ဘွားဘွားရယ်"

"သြော်... အသုဘရက်ပြီးအောင်တော့ နေရမှာ သမီးရယ်၊ လူမှုရေးက ရှိသေးတယ်လေ"

"ထိပ်... ထိပ် လူတွေအများကြီးနဲ့ မနေတတ် ဘွားရယ်"





"ဒါဆိုလဲ ကိုယ်ဘာသာကိုယ် အသာလေးပဲ ရှောင်နေလိုက်ပေါ့ကွယ်"

ဘွားဘွားက အနမ်းလေးနဲ့ ထိပ်ကို နှစ်သိမ့်ပေးပါသည်။

ဘွားဘွားရဲ့ရင်ခွင်က အေးမြသလောက် ကိုကို့ရင်ခွင်ကတော့ ပူတစ်လှည့်အေးတစ်လှည့်ပါလားနော်...

ညာတတ်တဲ့ ကိုကို့ကို ထိပ် တကယ်ပဲ ကြောက်လန့်သွားရပါပြီကွယ်...

ဒါပေမယ့် ကိုကို့ကို ချစ်မိထားတဲ့ အချစ်တွေကိုတော့ ထိပ် ဘယ်လိုမှ ပြန်နုတ်သိမ်းလို့ မရတော့တာ သေချာပါသည်။

ပြတ်သားကြမယ်ဆိုရင် ထိပ်ရဲ့နှလုံးသားလေးကတော့ စိစိညက်ညက်ကြေအောင် ကွဲရတော့မှာ သေချာပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

ညနေခင်းတွင် မေမေနဲ့ဖေဖေ ပြန်ရောက်လာကြ
သည်။

ထိပ်ရဲ့မျက်နှာလေးကတော့ ပိုပြီးညှိုးနွမ်းနေလေသည်
မေမေတို့နဲ့ ရင်းရင်းနှီးနှီးနေပေမယ့် သူ့ကိုတော့
သူမလေးက ရှောင်နေပါသည်။ အရေးထဲမှာ ခေါ်ခင်ခင်တ
တို့ သားအမိနှစ်ယောက်က တစ်မျောင့်ပါ။

"ကေရယ်"

'ကေရယ်'ဆိုပြီး ခေါ်ခင်ခင်တင့်ကလည်း မေမေ့အနာ
က လုံးဝမရှာဘဲ အရမ်းရင်းနှီးပြနေတော့တာ။

စံပယ်တင့်ကလည်း မေမေ့ကို 'မေမေကေ' လို့ခေါ်





ယောက်ယက်ခတ်အောင် ပြုစုနေပါတော့သည်။

ထိပ်နဲ့ ထိပ်ရဲ့အဘိုးအဘွားတွေ မျက်နှာမကောင်းကြ
တာကို အာရုဏ်က သတိထားမိပါသည်။

"ကိုကြီးရေ... ညှော်သည်လာနေတယ်"

"ကိုကြီးရေ... ဖုန်း"

"ကိုကြီးရေ... ပန်းခြင်းတွေရောက်နေပြီ" ဆိုပြီး
စံပယ်တင့်က သူ့အနားမှာလည်း လူးလာခေါက်ပြန်နေပါ
တော့သည်။

ကိုယ့်အဘွားရဲ့ အသုဘမှာဆိုတော့လည်း ပြောရခက်
ပါသည်။ ကူညီပေးတာကိုပဲ ကျေးဇူးတင်နေရတာ မဟုတ်
လား။

ကိုယ်က တစ်ခုခုပြောလိုက်မိရင်လည်း မိတ်ပျက်ဆွေ
ပျက်တွေ ဖြစ်ကုန်ရပါဦးမည်။ ပြီးတော့ ပညာတတ် အထက်
တန်းလွှာတွေလေ၊ ယဉ်ကျေးမှုက ရှိပါသေးသည်။

ချစ်သူလေးကို ရှင်းပြချော့မော့ဖို့ ကျပြန်တော့လည်း
ညှော်သည်တွေ ဆွေမျိုးတွေကြားထဲမှာမို့ အခွင့်အရေးမရပြန်



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ပြီးတော့ ထိပ်က ရှောင်နေတာမို့ ပိုဆိုးပါသည်။

သူ့မှာတော့ ရင်တွေမောလို့ပါ။

ထိပ်မှာလည်း မျက်ရည်နဲ့မျက်ခွက် ဖြစ်နေရတော့တာ၊ အသုဘအိမ်မို့လိုပဲ တော်ပါသေးသည်။

ကိုကို့ရဲ့အမေနားမှာ ဟိုအမျိုးသမီးက တရင်းတနှီး ပြုစုနေတော့ ထိပ်က အနေရခက်လို့ အားငယ်နေမိတော့တာ၊ ပြီးတော့ ထိပ်နဲ့ကိုကို လက်ထပ်ထားတာက အဘွားကြောင့် လေ၊ အခု အဘွားမှ မရှိတော့တာ။

ဘွားဘွားက ထိပ်ကို တိုးတိုးလေး ကပ်မေးပါသည်။

"မြေးလေး၊ ဟိုကောင်မလေးက ဘယ်သူလဲဟင်၊ မောင်အာရုဏ် အနားကပ်ပြီး မျက်စိကိုနောက်နေတာပဲ"

"ဆွေမျိုးတွေ ဘာတွေဖြစ်နေမှာပေါ့ ဘွားရယ်၊ ထိပ် လဲ မသိပါဘူး"

ရှာကယ်တမ်းကျတော့လည်း ထိပ်က ပြောလို့မထွက် ပါ။ ဘွား[illegible]အနေနဲ့ ကိုကို့ကို မုန်းတီးသွားမှာမျိုးကိုလည်း မဖြစ်စေချင်၊ ဒါဟာ ကိုကိုအပေါ်ထားမိတဲ့ ထိပ်ရဲ့အချစ်





တွေပဲ ဖြစ်မှာပါ။

"မျက်စိတော့ နောက်လှတယ်ကွယ်"

ဘွားဘွားက သိပ်မကြည်လင်ပါ။

မိညိုကလည်း ထိပ်တစ်ယောက်တည်းရှိနေတိုင်း အနား မှာလာထိုင်ပြီး စံပယ်တင့်ဆိုတဲ့ အမျိုးသမီးရဲ့အကြောင်းတွေ လာပြောနေတတ်ပါသေးသည်။

"တကယ်ဆိုးတာ မမရေ၊ အသုဘကိစ္စပြီးသွားရင် အိမ်ကို အလည်လာတာ ဘာညာလက်မခံနဲ့နော်၊ အဲဒီမိန်းမ အရမ်းရဲတင်းတာ"

မိညိုပြောတာကို ထိပ်ယုံပါသည်။ ကိုကို့အခန်းထဲက နေ ထွက်လာတာကို ထိပ်မျက်စိနဲ့ တပ်အပ်သေချာတွေ့ထား ရတာ မဟုတ်လား။

"အရင်ကဆို အိမ်ကိုလာရင် ကိုကိုကြီးရဲ့ အခန်းထဲ လဲဝင်တာပဲ မမရဲ့"

ထိပ်က နားမထောင်ချင်တော့တာမို့ မိညိုကို ဟန့်လိုက် မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွယ်၊ မပြောနဲ့တော့ မမနားမထောင်ချင်ဘူး"

ဒီတော့မှပဲ မိညိုက ရပ်နားသွားတော့တာ။ ထိပ်က တကယ်ပဲ မကြားချင်တော့ပါ။ ကြည့်နေရင်း ကြည့်နေရင်း ကိုကို့ကို အညစ်အကြေးတွေ စွန်းထင်းနေတဲ့လူ... သစ္စာမဲ့တဲ့လူ ... ဖောက်ပြန်တတ်တဲ့လူ...လို့ပဲ မြင်လာမိတော့တာ။

နောက်ဆုံး မျက်နှာချင်းတောင် မဆိုင်ချင်တော့လို့ ခြံထဲဆင်းထိုင်နေမိတဲ့အထိပါပဲ။

ဘွားဘွားတို့ကလည်း ထိပ်အနားမှာ အချိန်ပြည့်နေမပေးနိုင်၊ ဒီတော့ လူတွေတစ်ပုံကြီးကြားထဲမှာပဲ ထိပ်က အထီးကျန်နေရပါတော့သည်။

ထိပ်ရဲ့ကံက အရမ်းဆိုးတာပါလေ၊ တကယ်လို့သာ လက်မထပ်ရသေးဘူး ဆိုရင်လည်း ကိုကို့ကို ဘယ်လောက်ပဲ ချစ်ချစ် ကျောခိုင်းပစ်လိုက်မှာပါ။

လက်ထပ်ပြီးတယ်ပဲဆိုဦးတော့ အချစ်တွေ အားလုံး မပေးရသေးဘူး ဆိုရင်လည်း ထိပ် နောက်ဆုတ်လိုက်မိမှာ





ပါပဲ... အခုတော့ ထိပ်ရဲ့အဖြစ်က ရှေ့တိုးလို့လည်း အခက်၊ နောက်ဆုတ်လို့လည်း အခက် မဟုတ်လား...

ကိုကို့ရဲ့မိဘတွေကတော့ ထိပ်ကို အရေးတယူရှိကြပါသည်။

အထူးသဖြင့် ကိုကို့အဖေက ပိုပြီးတော့ ဂရုစိုက်သည်။

"သမီးလေး နေကောင်းရဲ့လား"

"အရမ်းပင်ပန်းနေပြီလား သမီး"

'ထမင်းစားပြီးပြီလား' ဆိုတဲ့ စကားတွေနဲ့ ထိပ်ကို နွေးထွေးကြင်နာပါသည်။ ဒီလိုနဲ့ပဲ သင်္ဂြိုဟ်တဲ့နေ့ကို ရောက်လာပါတော့သည်။

မီးသင်္ဂြိုဟ်ဖို့ သုသာန်ကိုသွားတော့ ကိုကိုမောင်းတဲ့ ကားပေါ်မှာ စံပယ်ထင့်က လိုက်ပါပြီး ထိပ်ကတော့ ဘိုးဘိုး ဘွားဘွားတို့ကားနဲ့ပဲ လိုက်ရပါသည်။

ဒီတော့မှပဲ လုံးဝသည်းမခံတော့ဘဲ ထိပ်က ဆုံးဖြတ်လိုက်ပါတော့သည်။

အဘွားရဲ့ အသုဘရက်လည်ပြီးတာနဲ့ ထိပ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အိမ်ပြန်ပါတော့မည်။

နစ်နာချင်လည်း နစ်နာပါစေတော့။

ထိပ်ရဲ့ကံပဲလို့ သဘောထားလိုက်ပါတော့မည်။

ကိုကိုရယ်

ထိပ် ဘယ်လိုမှ မဖ်စားနိုင်တော့ပါဘူးရှင်

ဒါကြောင့် ကိုကိုနဲ့ဝေးရာမှာပဲ နေပါတော့မယ်ကွယ်

* * *

## အခန်း(၂၄)

အသုဘပို့ပြီးပြန်လာလို့ ညှိသည်တွေရှင်းသွားတာနဲ့ ဖေဖေက သူ့ကို စကားခေါ်ပြောပါတော့သည်။

"သား"

"ဗျာ ဖေဖေ"

"ပြောစရာရှိလို့ စာကြည့်ခန်းထဲ လိုက်ခဲ့ကွာ"

"ဟုတ်ကဲ့ ဖေဖေ"

ဖေဖေ့မျက်နှာက တစ်မျိုးပဲလို့ အကဲခတ်မိပါသည်။ သူက ထိပ်ဆီကို သွားချင်ပေမယ့် ဖေဖေခေါ်တာမို့ ဖေဖေ့ဆီပဲ အရင်လာလိုက်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်သား"

"ဟုတ်ကဲ့"

"မင်းနဲ့ မေထိပ်ခေါင်လေးက လက်ထပ်ပြီးသွားပြီ နော်"

"ဟုတ်ကဲ့ ဖေဖေ"

"မင်းနဲ့ စံပယ်တင့် နေပုံထိုင်ပုံကို ဖေဖေ သိပ်မကြိုက်ဘူး သား"

"ကျွန်တော်... ကျွန်တော် ဘာမှမလုပ်ပါဘူး ဖေဖေ၊ ကျွန်တော့် ဘာသာနေနေတာပါ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သားအမြင်မှာတော့ မင်းရှိတဲ့နေရာတိုင်းမှာ စံပယ်တင့်ရှိနေတာ၊ အသုဘပို့တော့လဲ မင်းကားနဲ့ စံပယ်တင့်လိုက်လာတာ၊ မေထိပ်ခေါင်က သူ့အဘိုးအဘွားတွေနဲ့ပဲသွားရတာ အရမ်းရုပ်ဆိုးလွန်းတယ်"

"ကျွန်တော်လဲ ရှောင်လွှဲနေတာပါပဲ ဖေဖေ၊ ဒါပေမဲ့ ပြောရမှာလဲ ခက်နေတယ်"

ဖေဖေက ခေါင်းတဆတ်ဆတ် ညိတ်နေပါသည်။





"မေထိပ်ခေါင်တို့ မိသားစု မျက်နှာပျက်နေကြတာ ဖေဖေ သတိထားမိတယ်၊ အမြန်ဆုံး ဒီကိစ္စကို ဖြေရှင်းလိုက် သား၊ တော်ကြာ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာလိမ့်မယ်"

"ဟုတ်... ဟုတ်ကဲ့ ဖေဖေ"

"ဒေါ်ခင်ခင်တင့်တို့ သားအမိကလဲ အတော်စိတ်ပျက် ကောင်းတာပဲကွာ"

"ကျွန်တော်လဲ ရှောင်တာပါပဲ"

"ဟုတ်ပါတယ်၊ ကပ်တဲ့သူ က အတင်းလိုက်ကပ်နေ တာ ဘယ်လိုလုပ်နိုင်မှာလဲ၊ ကဲ... သွား... သွား မေထိပ်ခေါင် ...ားမှာသွားနေလိုက်"

"ဟုတ်ကဲ့ ဖေဖေ"

အာရုဏ်က စိတ်မောလူမော ဖြစ်နေရပါပြီ။ ဖေဖေ ...ာထွက်လာတော့ ထိပ်ကို ချက်ချင်းရှာမတွေ့ပါ။ ဒါနဲ့ပဲ ...ားဘွားကို သွားမေးရပါတော့သည်။

"ဘွားဘွား ထိပ်ရောဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေကွယ်"

ဘွားဘွား ပြန်ဖြေတဲ့အသံက မာဆတ်ဆတ်ပါ။ သူ ကိုကြည့်အကြည့်တွေကလည်း ခပ်စိမ်းစိမ်းဖြစ်နေတာမို့ သူ ဘာလုပ်ရမှန်း မသိတော့ပါ။

အဲဒီအချိန်မှာ ဘွားဘွားဆီကို မေမေရောက်လာ ပဲ သူ့မှာ ထွက်ပေါက်ရသွားရပါတော့သည်။

"အန်တီရယ်၊ အရမ်းကျေးဇူးတင်ပါတယ်ရှင်၊ အန် နဲ့သမီးလေးတို့ ကြင်နာနားလည်မှုရှိလို့ပဲ ကေ့မေမေ အ ဖြောင့်ရတာပါ၊ ပြီးတော့ ဒီမှာ အစစအရာရာ ကူညီ ထားတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်ရှင်"

"ရပါတယ်ကွယ်၊ အန်တီတို့က ကူညီတစ်ပါ မြေးလေး မေထိပ်ခေါင်ကဆိုရင် အဘွားကို အရမ်းသ တာ၊ ဒါကြောင့်ပဲ အဘွားရဲ့ဆန္ဒကို လိုက်လျောပေး တာပါ"

"ဟုတ်ပါတယ် အန်တီရယ်"

"သြော်...အန်တီ့မြေးလေး နေသိပ်မကောင်းလို့ အ





တို့အိမ်ပြန်ခေါ်သွားမယ်နော်၊ မြေးလေးက လူရှုပ်ရှုပ် မျက်စိ ရှုပ်ရှုပ်နဲ့ မနေတတ်ရှာဘူးကွယ်"

ဟာ...

အာရုဏ်ရင်ထဲမှာ သွက်သွက်ခါရမ်းသွားရပါတော့ သည်။

ဘွားဘွား မျက်နှာသိပ်မကောင်းတာရယ်၊ ထိပ်ကိုခေါ် သွားဖို့ ပြောနေတာရယ်က အခြေအနေ သိပ်မကောင်းဘူး ဆိုတာ သိသာနေပါပြီ။

"ဟုတ်ပါတယ် အန်တီရယ်၊ သမီးလေးကို ကြည့်ရတာ ပင်ပန်းနေတာပါပဲ၊ ခေါ်သွားပြီး ပေးနားလိုက်ပါရှင်"

"အေးကွယ်၊ အန်တီတို့မှာလဲ ဒီမြေးလေးပဲ ရှိတာဆို တော့ ပတ်ဝန်းကျင်စိမ်းမှာထားခဲ့ရဖို့ ဝန်းလေးမိတယ်ကွယ်၊ အစကတော့ ဒေါ်ကြည်ဖြူ စိတ်ချမ်းသာဖို့ထားခဲ့ရတာပါ၊ အခု ဒေါ်ကြည်ဖြူကလဲ မရှိတော့ဘူးဆိုတာ"

"ကေ နားလည်ပါတယ် အန်တီရယ်"

မေမေက နားလည်ပေးနေပေမယ့် သူ့ရင်ထဲမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ပူလောင်နေရှာပါပြီ။

ဝင်တားချင်ပေမယ့် မရဲပါ၊ အဲဒီအချိန်မှာပဲ ထိပ်က အပေါ်ထပ်က ဆင်းလာပါသည်။

"ထိပ်"

သူက ဝမ်းသာအားရ ခေါ်လိုက်မိတာပါ။

ထိပ်က သူ့ကို မျက်နှာတည်လေးနဲ့ပဲ တစ်ချက်လှမ်းကြည့်ပါသည်။

ထိပ်ရယ်...

ကလေးရယ်...

မသွားပါနဲ့ဗျာ၊ ကိုကို့ကို မထားခဲ့ပါနဲ့ဗျာ... သူက မျက်လုံးတွေနဲ့ တောင်းပန်နေမိတော့တာ၊ ချစ်သူလေးက သူ့မျက်လုံးတွေကိုမကြည့်ဘဲ လွဲဖယ်ထားပြီး မေမေ့ကို နှုတ်ဆက်နေပါသည်။

"ထိပ် သွားပါဦးမယ် အန်တီ"

"အေးကွယ်၊ ရက်လည်ပြီးရင် အန်တီတို့ ပြန်လာခေါ်မယ်နော်"





"ဒီအိမ်ကြီးဟာ သမီးလေးရဲ့အိမ်ပါကွယ်"

ထိပ်က သူ့ကို လုံးဝနှုတ်မဆက်ပါ။

မိညိုကိုတော့ နှုတ်ဆက်သွားပါသည်။

"မိညိုရေ မမ သွားမယ်နော်"

"ဟုတ်ကဲ့ မမ"

"မိညိုက မျက်ရည်တွေဝဲလို့။

"ထိပ်"

သူက ကားနားထိ ရောက်အောင်လိုက်ပို့ပေးမိပါသည်။

မသွားပါနဲ့လို့ အတင်းကြီးတားမြစ်ချင်ပေမယ့် ချစ်သူလေး စိတ်ဆင်းရဲမှာစိုးရိမ်လို့ မတားရက်ပါ။ ချစ်လွန်းလို့ပဲ ချစ်သူရဲ့ဆန္ဒအတိုင်း လွှတ်ပေးလိုက်မိပါတော့သည်။

"သွားမယ် မောင်အာရုဏ်ရေ"

"ဟုတ်ကဲ့ ဘိုးဘိုး"

ထိပ်က သူ့ကို မျက်နှာလွဲထားချိန်မှာပဲ ကားလေးက မောင်းထွက်သွားပါတော့သည်။

သူ့ရင်ထဲမှာလစ်ဟာပြီး ကျန်ခဲ့ရပါတော့သည်။ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



လေးက ရက်ရက်စက်စက် ထားရစ်ခဲ့ပါပြီ။ ရှင်းပြခွင့် ချော့မော့ခွင့်လေးတောင် သူ့ကိုမပေးခဲ့တော့ပါ။

ထိပ်ရယ်။

ယောကျ်ားတန်မဲ့ သူကငိုချင်သွားရပါတော့သည်။ ဒီ အိမ်မှာဆိုချော့မော့ဖို့ အခွင့်အရေးကို ရနိုင်ပါသေးသည်။

အခုတော့ ချော့မော့ဖို့ ရှင်းပြဖို့တောင် ခက်ခဲသွားရလေပြီ။

* * *



## အခန်း(၂၅)

အိမ်ပြန်ရောက်တာနဲ့ ဘွားဘွားက ပေါက်ကွဲပါတော့သည်။

“ဘွားတော့လုံးဝ သည်းမခံနိုင်တော့ဘူးကွယ်၊ ဘယ်နှယ့် ကိုယ်နဲ့လက်ထပ်ထားတဲ့ မိန်းကလေးကိုတော့ ဘာသိဘာသာထားပြီး တခြားမိန်းမနဲ့ လုံးထွေးနေတာ ဘာသဘောလဲ”

“မဟုတ်သေးဘူး သီ၊ မောင်အာရုဏ်အနေနဲ့ ဖောက်ပြန်နေတာတော့လဲ မဟုတ်ပါဘူးကွာ၊ မြေးလေး စိတ်ဆင်းရဲအောင် မပြောပါနဲ့”

“အို… သုသာန်ကို သွားတာတောင် ဟိုမိန်းမကို သူ့



www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့ခေါ်တင်သွားတာကို မတွေ့ဘူးလား"

"ဒါက ဒီလိုရှိတယ် သိ၊ မောင်အာရုဏ်က ကားမောင်းနေတာ ဟိုကလေးမက သူ့ကားပေါ် အတင်းတက်ထိုင်နေရင် သူ့ဘယ်လိုမောင်းချမလဲ... ကဲ"

"အို... အစကတည်းက ထိပ်ကိုအနားမှာ ခေါ်ထားပေါ့"

"မဟုတ်သေးပါဘူးဗျာ၊ လူကြီးဆိုတာကြီးတဲ့ ပြဿနာကို ငယ်သွားအောင် ငယ်တဲ့ပြဿနာကို လုံးဝပပျောက်သွားအောင် ဝင်တွေးပေးရမှာပါဗျာ၊ ကို မောင်အာရုဏ်ဘက်က လိုက်ပြောနေတာ မဟုတ်ပါဘူး၊ ဒါ သူ့အဘွားရဲ့အသုဘလေကွာ၊ လာသမျှ ဧည့်သည်တွေအပေါ်မှာ ဧည့်ခံရမှာ ဧည့်ဝတ်ကျေပေးရမှာ သူ့တာဝန်မဟုတ်လား"

"လွန်ကိုလွန်ပါတယ်ရှင်"

ဘွားဘွားနဲ့ ဘိုးဘိုး ပြောနေတာကို ထိပ်က ဘာမှ ဝင်မပြောဘဲ နားထောင်နေမိတော့တာ။

စိတ်ဆိုးလွန်းလို့ ကိုကို့အိမ်ကနေ ပြန်လာခဲ့မိပေမယ့်





ကိုယ့်အိမ်ကိုယ်ပြန်ရောက်တော့လည်း ထိပ်က စိတ်မချမ်းသာနိုင်ဘဲ နေမထိထိုင်မသာ ဖြစ်နေရပြန်သည်။

အလျင်က ပျော်ရွှင်နွေးထွေးခဲ့တဲ့ ကိုယ့်အိမ်ကိုပဲ အေး စက်စက်ကြီး ခံစားနေရပြီး ချစ်သူရဲ့အိမ်ကို တမ်းတနေမိတော့တာ၊

တကယ်ပါပဲ...

ထိပ်ကိုယ်ထိပ်တောင် နားမလည်နိုင်တော့ပါဘူးရှင်...

"သိရယ် ကလေးတွေကိစ္စမှာ ကြားဝင်မပါပါနဲ့ဗျာ"

"မဝင်လို့ရမလားကို၊ သိတို့ မြေးလေးက ဒီလောက် အေးဆေးနူးညံ့တာ သူများတွေ လိမ်ညာတာကို ခံရမှာပေါ့၊ ပြီးတော့ မြေးလေး ကိုယ်တိုင်ချစ်လို့ကြိုက်လို့ လက်ထပ်ခဲ့ရတဲ့ကိစ္စလဲ မဟုတ်ဘူး၊ လူကြီးတွေကဝိုင်းပြီး ဖိအားပေးလို့သာ ဖြစ်သွားရတဲ့ကိစ္စလေ"

"ဒါပေမဲ့ လက်ထပ်ပြီးနေပြီလေဗျာ"

"စာရွက်ပေါ်မှာ လက်ထပ်ထားတာပဲရှင်၊ အချိန်မရွေး ပြင်ဆင်လို့ရယ်၊ အရေးကြီးတာက မြေးလေး စိတ်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပါပဲ”

ကြားနေရတဲ့ စကားတွေကြောင့် ထိပ်က ခေါင်းမူး လာပြီး ကိုယ့်အခန်းထဲကိုယ်ဝင်လို့ ရှိုက်ငိုမိပါတော့သည်။

ဘွားဘွားရယ်...

ထိပ်ကိုကို့ကို ချစ်နေပါပြီလို့လည်း ပြောမထွက်ပါ။

ထိပ်နဲ့ကိုကို တကယ် အကြင်လင်မယား ဖြစ်ခဲ့ပြီးပါ ပြီလို့လည်း မပြောရဲပါ။ ထိပ်အဖြစ်က အစမှ တကယ်ပဲ မရှုနိုင်မကယ်နိုင်ပါ။

တစ်ယောက်တည်းနေမိတော့ ထိပ်က ကိုကို့ရင်ခွင် ကျယ်ကြီးကို တောင့်တနေမိပြန်သည်။

ကိုကိုပေးတဲ့အနမ်းတွေကို လိုချင်နေမိပြန်သည်။

တစ်သက်လုံးကနေခဲ့တဲ့ ကိုယ့်အိမ်ကိုယ့်ရာမှာလည်း မပျော်နိုင်တော့ပါ။ ထိပ်က ရက်ပိုင်းလေးပဲ နေထိုင်ခဲ့တဲ့ ချစ်သူရှိနေတဲ့နေရာ ချစ်သူ ရဲ့အိမ်ကိုပဲ လွမ်းဆွတ်တမ်းတ နေမိပါတော့သည်။

ဘွားဘွားကတော့ ထိပ်ကို အရမ်းပဲ ဂရုစိုက်ပါသည်၊





“မြေးလေး”

“ရှင် ဘွားဘွား”

“စိတ်တင်းကျပ်နေတာတွေ သက်သာသွားအောင် ခရီး ထွက်မလားကွယ်”

“ဟင့်အင်း...”

“ဒါဆို ဈေးဝယ်ထွက်မလား မြေး”

“ဟင့်အင်း...”

“တစ်နေ့ကုန် လျှောက်လည်ပါလား မြေးရယ်၊ စိတ် ကူးတည့်ရာ နေရာတွေကို ကားတစ်စီးနဲ့လျှောက်သွား၊ စား ချင်တာစား ဝယ်ချင်တာဝယ်ပြီး မိုးချုပ်မှ အိမ်ပြန်လာမယ် လေ၊ မကောင်းဘူးလား”

“ဟင့်အင်း...”

ဘာပဲမေးမေး ခေါင်းခါယမ်းနေတဲ့ မြေးလေးကြောင့် ဒေါ်မေသီမှာ စိတ်ဆင်းရဲနေရပါပြီ။

ဟိုအိမ်ကနေ ပြန်ခေါ်လာတာ နှစ်ရက်ရှိနေပါပြီ။

အဲဒီနှစ်ရက်အတွင်း မြေးလေး ရယ်တာပြုံးတာကိုပင်



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရပါ၊ ထမင်းစားပြန်တော့လည်း တစ်လုတ်တစ်ဆုပ်၊ TV ကြည့်ရင်လည်း မျက်လုံးတွေကသာ ကြည့်နေပေမယ့် စိတ်တွေက ပျံ့လွင့်နေတာ သိသာပါသည်။

ဒီရက်တွေမှာ မောင်အာရုဏ် တစ်ခေါက်ရောက်ပေမယ့် ဒေါ်မေသိက မြေးလေးမရှိဘူး၊ အပြင်သွားတယ်လို့ ညာပြောပြီး ပေးမတွေ့ခဲ့ပါ။

မောင်အာရုဏ် ဖုန်းဆက်ရင်လည်း မြေးကို ခေါ်မပေးခဲ့ပါ။ ဒါမှ နောက်ကို ဒီလိုမလုပ်ရဲမှာဖြစ်သည်။

မြေးလေးက တစ်ကောင်ကြွက်လေးရယ်ပါ၊ အဘိုးအဘွားက ပြင်းပြင်းထန်ထန် ကာကွယ်စောင့်ရှောက်ပေးမှပဲဖြစ်မှာ၊ တော်ကြာ ကိုယ့်ရဲ့မမြင်ကွယ်ရာမှာ မြေးလေးကို အနိုင်ကျင့်နေမှာ စိုးရိမ်မိလို့ပါ။

အစကတော့ ဒေါ်သကြောင့် စေ့စပ်ထားတာပါ ဖျက်သိမ်းပစ်ဖို့ စဉ်းစားခဲ့ပါသေးသည်။ ခင်ပွန်းသည်က တားမြစ်ဖျောင်းဖျလို့ပဲ စိတ်လျှော့လိုက်ရတာ ဖြစ်သည်။

"သိရယ်၊ အရမ်းအရမ်းတွေ လျှောက်မလုပ်ပါနဲ့ဗျာ





ကိုယ့်မြေးကိုလဲ ပြန်ကြည့်ပါဦး၊ စားမဝင်အိပ်မပျော်နဲ့ မျက်နှာလေးတောင် ချောင်နေပြီ"

"ကို ဘယ်လိုမြင်လဲဟင်"

"ကိုယ်ကတော့မြေးလေးနဲ့ မောင်အာရုဏ်ကိုပဲ လက်ထပ်စေချင်တယ်ဗျာ၊ မြေးလေးကို ကြည့်ရတာလဲ မောင်အာရုဏ်အပေါ်မှာ သံယောဇဉ်ရှိနေတဲ့ ပုံစံမျိုးပါ"

"ဟိုမိန်းကလေးနဲ့ လုံးထွေးနေတာကရောရှင်"

"ဒါကတော့ မေးမြန်းဆွေးနွေးသင့်ရင် ဆွေးနွေးရမယ်၊ သဘောမကျတာကို ပြတ်ပြတ်သားသား ပြောသင့်ရင်ပြောရမယ်၊ တားသင့်တာကို တားရမယ်၊ ကိုယ့်ဘက်က နည်းလမ်းတကျ ပြောတာကိုမှ မနာခံရင်တော့ ပြတ်သားရမှာပေါ့ဗျာ၊ ကိုယ့်တစ်ဖက်တည်းကကြည့်ပြီး ဆုံးဖြတ်လိုက်ရင် မှားသွားမှာပေါ့"

ခင်ပွန်းသည် ပြောတဲ့စကားတွေက လက်ခံနိုင်လောက်တဲ့ စကားတွေပါ။

စေ့စပ်တာ ဖျက်သိမ်းရင်လည်း ကိုယ်ကမိန်းကလေးရှင်



www.burmeseclassic.com

www.burmeseclassic.com



မို့ နစ်နာစရာရှိရင် ကိုယ်ပဲနာရမှာဖြစ်သည်။

ဒါကြောင့်ပဲ ဒေါ်မေသီက ခွဲပစ်ဖို့ကို စိတ်လျှော့လိုက်ရပါသည်။ မြေးကလည်း မရှင်မလန်း ဖြစ်နေတာကိုး။

ဒါပေမယ့် အလွယ်တကူတော့လည်း အလျှော့မပေးနိုင်ပါ။ နောင်ကြဉ်သွားအောင်တော့ ကိုယ့်ဘက်က တင်းထားပေးရပါမည်။

ရက်လည် ဆွမ်းကျွေးတဲ့နေ့တောင် မြေးကိုခေါ်မသွားဘူးလို့ ဒေါ်မေသီက ဆုံးဖြတ်ထားသည်။ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုး လက်ထပ်ပြီးတော့ရော ဘာဖြစ်သေးလဲ... ကိုယ်မြေးကို ကိုယ့်အိမ်မှာပဲခေါ်ထားမှာပေါ့။

နောက်သုံးလအကြာ မင်္ဂလာဆောင်တဲ့ ရက်ရောက်မှပဲ မင်္ဂလာဆောင်ပြီး အတူပေးနေပါမည်။ ဒေါ်မေသီကတကယ်ပဲ ပြတ်သားနေမိတော့တာ။

* * *



# အခန်း(၂၆)

'အာရုဏ်'ကလည်း ဝေဒနာတွေ တနင့်တပိုးနဲ့ပါ။ ချစ်သူလေးကို လွမ်းဆွတ်တမ်းတတဲ့စိတ်နဲ့ ထမင်းစားလို့လည်း မရ။ ညဆိုရင်လည်း အိပ်လို့မပျော်နိုင်။

ထိပ်ပြန်သွားတာနဲ့ ဒေါ်ခင်ခင်တင့်တို့ သားအမိကလည်း သူတို့အိမ် သူတို့ပြန်သွားကြပါပြီ။

ဒါပေမယ့် ချစ်သူလေးကတော့ သူ့ကို လုံးဝမေ့ထားနေပါပြီ။ သူသွားတော့လည်း သူမလေးက မရှိပါ၊ ဖုန်းဆက်တိုင်းလည်း စကားမပြောပါ။

ဟာ... ရင်မောရပါလား အချစ်ရယ်...

မနက်ဖြန်ခါဆိုရင်ပဲ ဘွားဘွားအတွက် ရက်လည်ဆွမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျွေးပါတော့မည်။

"သားရေ"

"ဗျာ"

"မင်းမျက်နှာကိုလဲ မှန်လေးဘာလေးကြည့်ပြီး ရှင်းလင်းစမ်းပါဦး သားရယ်၊ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးထိုးထိုးထောင်ထောင်နဲ့ မေထိပ်ခေါင်လေးတွေ့ရင် လန့်ပြေးလိမ့်မယ်"

မေမေက ချစ်သူလေးရဲ့နာမည်ကို ထည့်ပြောတာမို့ သတိရစိတ်တွေကပိုပြီး ထကြွလာရတော့သည်။

"မေမေ"

"ပြော"

"ထိပ်က ကျွန်တော့်ကို စိတ်ဆိုးပြီးပြန်သွားတာ မေမေ၊ စံပယ်တင့်လုပ်လို့ အထင်လွဲသွားတာ"

"ဒါများသားရယ်၊ ရှင်းပြလိုက်ပေါ့"

"ကျွန်တော့်ဖုန်းဆက်ရင် ဖုန်းမကိုင်ဘူး မေမေ၊ သွားတော့လဲ အိမ်မှာမရှိဘူးတဲ့၊ ထိပ် ကျွန်တော်ကို မေ့ပစ်လိုက်





ပြီဖြစ်မယ်"

ပြောရင်းနဲ့ပဲ သူက မျက်ရည်တွေဝဲလာရတော့တာ၊ ဒါပေမယ့် သူ့မျက်ရည်တွေကို မေမေ မြင်သွားမှာလည်း ရှက်မိပါသည်။ ဒါကြောင့် ခေါင်းကိုပဲ ငုံ့ထားရတော့တာ။

"သားရယ် စေ့စပ်ပြီးပြီ၊ မင်္ဂလာဆောင်ဖို့လဲ ဟိုတယ်မှာ ဘွတ်ကင်လုပ်ထားပြီးပြီ၊ ဟော... အခုတစ်ခါ လက်ထပ်ပြီးနေပြန်ပြီ၊ ကဲ... သားကို သူ့လေးက ဘယ်လိုလုပ်ပြီး မေ့ပစ်လို့ရမှာလဲကွယ်၊ ဒါကလေးကစားသလို လုပ်ထားတဲ့ ကိစ္စတွေမှ မဟုတ်တာ"

"ကျွန်တော့်ကို ရှောင်နေတာကရောဗျာ"

"စိတ်ဆိုးနေတုန်းမို့ပဲ ဖြစ်မှာပေါ့ကွယ်၊ ဘာမှစိတ်မပူပါနဲ့"

"ကျွန်တော်... ကျွန်တော် ထိပ်ကို အရမ်းချစ်တာပါ မေမေ"

"သူ့လေးကလဲ သားကို ချစ်ပါတယ်ကွယ်၊ ချစ်လို့ပဲ စံပယ်နဲ့သားကို သဝန်တိုပြီး စိတ်ဆိုးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စံပယ်ကလဲ အရိမ်းလွန်တယ် မေမေ"

"မေမေ သိပါတယ်ကွယ်"

"မဟုတ်ဘူး မေမေ မသိတာရှိသေးတယ်"

အာရုဏ်က မေမေတို့မရှိတဲ့ ဘွားဘွား ဆုံးဆုံးချ ညက စံပယ်တင့်ရဲ့လုပ်ရပ်ကို မေမေသိအောင် ပြောထာ မှဖြစ်မယ်လို့ ဆုံးဖြတ်မိပါသည်။

"ဘာများလဲ သားရယ်"

"ဘွားဘွားဆုံးတဲ့ညက ဆယ့်နှစ်နာရီလောက်မှာ စံပယ် တင့်တို့ သားအမိရောက်လာတာ မေမေ၊ ပြီးတော့ ဒီမှာအိ စောင့်ပေးမယ်တဲ့လေ၊ ကျွန်တော်က အောက်ထပ်မှာ အခန်း ပြင်နိုင်းပြီးတော့ ပေးအိပ်ပါတယ်၊ ကျွန်တော်လဲ အပေါ်ထ က ကျွန်တော့်အခန်းကို တက်သွားရော၊ စံပယ်တင့်က လို လာပြီး အခန်းထဲဝင်တယ် မေမေ"

"ဘုရားရေ..."

ခုမှပဲ မေမေက တော်တော် ထိတ်လန့်သွားပုံရသည်

"ထိပ်က မင်္ဂလာအခန်းထဲမှာ မီညိုကို အဖော်ခေါ်



အိပ်ပျော်နေပြီ၊ ကျွန်တော်က အိပ်လို့မရလို့ ဘုရားရှိခိုးနေ နေတဲ့ အချိန်မှာပဲ စံပယ်တင့်က ကျွန်တော်အခန်းထဲဝင်သွား တာ"

"သားက ဘုရာခန်းထဲမှာလား"

"ဟုတ်တယ် မေမေ၊ ကံကောင်းလို့ပေါ့၊ ကျွန်တော့် အခန်းကမှောင်နေတော့ အထဲမှာ ကျွန်တော်မရှိတာကို သူ့ မသိဘူးဖြစ်မယ်"

"ရဲတင်းလိုက်တာကွယ်"

"ရဲတာမှ ကျွန်တော့်အခန်းမီးကို ဖွင့်လိုက်တော့ သူက ခုတင်အနားတောင် ရောက်နေပြီ၊ ကျွန်တော့်က ထိပ်နဲ့လက် ထပ်ပြီးတဲ့အကြောင်း၊ ဒါမျိုး မလုပ်သင့်တဲ့အကြောင်း ပြော တော့မှငိုပြီး အခန်းထဲက ပြေးထွက်သွားတာ"

"ဘုရား... ဘုရား... နေဦး၊ မေမေထင်တာတော့ စံပယ် သားအခန်းထဲဝင်တာကို ထိပ်များ သိသွားသလား ကွယ်"

"ဟာ... ဖြစ်နိုင်တယ် မေမေ၊ ထိပ်တွေ့ပြီ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ စံပယ်တင့်ကို မရှင်းမရှင်းဖြစ်နေတယ် ထင်သွားတာပဲ ဖြစ်ရမယ်"

"စံပယ် တော်တော်ဆိုးပါလားနော်"

"ကျွန်တော့်နောက်ကို အတင်းလိုက်ကပ် မေမေ့ကိုလဲ အတင်းလိုက်ပြုစုပြီး၊ တစ်အိမ်လုံး သူ့ခြေသူ့လက်ဖြစ်အောင် လိုက်လုပ်နေမှတော့ ထိပ်က စိတ်မဆိုးဘဲနေပါတော့မလား မေမေရယ်"

"ဒါလဲ တမင်လုပ်တာပဲဖြစ်မှာ၊ ဒီကောင်မလေးက စိတ်ဓာတ် သိပ်မကောင်းဘူး သားရဲ့"

"လောလောဆယ် ကျွန်တော်ကတော့ ဒုက္ခရောက်ရပြီဗျာ"

"စိတ်မပူပါနဲ့ သားရယ်၊ မေမေ ရှင်းပြပေးပါ့မယ် ကွယ်"

"ထိပ်က ကျွန်တော့်ကို မုန်းသွားတော့မှာလား မသိပါဘူးဗျာ"

"ကဲပါ၊ မနက်ဖြန် ဆွမ်းကျွေးကို မလာဘဲမနေပါဘူး





ကွယ်၊ ဒီတော့မှ ရှင်းပြလိုက်တာပေါ့"

"ကျွန်တော်သိတယ် မေမေ၊ ဘွားဘွားပါ စိတ်ဆိုးနေတာဗျ"

"အေး... အဲဒါလဲ မေမေ တာဝန်ထား"

မေမေ့က တာဝန်ယူပေးနေပေမယ့် သူ့ကတော့ စိတ်မအေးနိုင်ပါ။

"မနက်ဖြန်ခါ အန်တီ ဒေါ်ခင်ခင့်တင့်တို့သားအမိလဲ လာကြမှာပဲ မေမေ၊ တော်ကြာ ထိပ်ကို ရှင်းမပြရသေးခင်မှာ ထပ်ပြီး အထင်လွဲစရာတွေဖြစ်နေမှာ စိုးရသေးတယ်"

သူက တကယ်ပဲ စိတ်ပူပန်နေတာဖြစ်သည်။

ချစ်သူလေးဆီက အချစ်တွေကိုရရှိပြီးမှ အဲဒီအချစ်တွေကို အမုန်းအဖြစ် ပြောင်းလဲသွားမှာကို သူ့အကြောက်ဆုံးပါ။ ထိပ်က ဘွားဘွားကိုချစ်လို့ သနားလို့ သူ့ကိုလက်ထပ်ခဲ့တာလေ။

အခုဘွားဘွား မရှိတော့ဘူးဆိုတော့ ထိပ်ဆီမှာ ငဲ့ညှာစရာမှ မရှိတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ဒါဆို သားက ဘာလုပ်ချင်လို့လဲကွယ်၊ မေမေ့ကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

"မနက်ဖြန်ခါအထိ မစောင့်ဘဲ အခုချက်ချင်း ထိပ်ဆီသွားချင်ပါတယ်ဗျာ၊ ဘွားဘွားကို မေမေ့လိုက် ရှင်းပြပေးပါနော်၊ ကျွန်တော်သိတယ် မေမေ၊ ဘွားဘွားပါ စိတ်ဆိုးနေတာ"

"ကဲကွယ်၊ သားစိတ်ချမ်းသာအောင် ဒီညပဲ သွားကြတာပေါ့ ဟုတ်လား"

ခုမှပဲ အာရုဏ်က သက်ပြင်းချနိုင်ပါတော့သည်။

* * *

## အခန်း (၂၇)

ကိုကိုရယ်…

လွမ်းလိုက်တာရှင်…

ထိပ်က ဝရန်တာမှာ တစ်ယောက်တည်းထိုင်လို့ ဘွားဘွားမသိအောင် တိတ်တိတ်လေး ငိုကြွေးနေမိတော့တာ။

ထိပ် အခုလိုထွက်လာတာ မှားများမှားသွားပြီလားကွယ်…

ကိုယ့်လင်သားကို တခြားမိန်းမနဲ့ လွှတ်လွှတ်လပ်လပ် နေခွင့်ခိုင်းသလိုမျိုး ဖြစ်သွားပြီလား…

ကိုကို ထိပ်ကို လိုက်ကြည့်တဲ့အကြည့်တွေက တောင်းခန့်တိုးလျှိုတဲ့ အကြည့်တွေဖြစ်သည်။ ပြီးတော့ ကိုကို့ပုံစံက တစ်ခုခု ရှင်းပြချင်နေတဲ့ ပုံစံမျိုးပါ။

www.burmeseclassic.com



ထိပ်က ဘာကြောင့်များ နားမထောင်ခဲ့မိပါလိမ့်၊ ဘာကြောင့်များ ကိုကို့ကို ရှင်းပြခွင့်မပေးခဲ့ပါလိမ့်ကွယ်...

တွေးရင်းတွေးရင်း ထိပ်က နောင်တတွေရနေမိတော့တာ။

ကိုကို့ကို လွမ်းတဲ့စိတ်တွေကလည်း ထိပ်ကို ရူးသွပ်သွားအောင် နှိပ်စက်ပါတော့သည်။

ကိုကို့ဆီ ထွက်ပြေးပြီးတော့တောင် သွားချင်တဲ့အယိပါပဲ၊ လွမ်းရလွန်းလို့ သေရပါတော့မယ် ကိုကိုရေ...

ကိုကို့ အနမ်းတွေကိုလည်း လွမ်းမိသည်။

ကိုကို့ အချစ်တွေကိုလည်း လွမ်းမိသည်။

အို...

ကိုကို့နဲ့ ပတ်သက်တဲ့ အရာရာကို လွမ်းနေမိတာပါကွယ်...

ကိုကိုက ထိပ်ဆီကိုတောင် လိုက်မလာခဲ့ဘူးနော်-

ဒါဆို ထိပ်ကို ကိုကို မေ့ထားနိုင်တဲ့သဘောပေါ့

ကိုကိုက မေ့နိုင်ပေမယ့် ထိပ်ကတော့ တစ်စက္ကန့်လေးတော





မမေ့နိုင်ပါဘူး ကိုကိုရယ်...

ထိပ်က မျက်ရင်တွေကို မသုတ်နိုင်တော့ဘဲ ရှိုက်ငိုမိပါတော့သည်။

ဟော့ဒီအိမ်ကြီးမှာ ထိပ်မပျော်နိုင်တော့ပါလား ကိုကိုရယ်...ထိပ်ရဲ့စိတ်တွေက ချစ်သူရဲ့အိမ်ကိုပဲ ရောက်နေရတော့တာ။

"အဟင့်... အဟင့် ကိုကိုရယ်... လွမ်းလွန်းလို့ သေရပါတော့မယ်ရှင်"

"ဟင်..."

ဒေါ်မေသီရဲ့ ခြေလှမ်းတွေက တုံ့ခနဲ ရပ်တန့်သွားရပါတော့သည်။

မြေးလေးက ဒီမှာ တစ်ယောက်တည်း လာငိုနေတာကိုး...

ဒေါ်မေသီက အသံမပေးဘဲ အသာလေးပဲ ရပ်နေလိုက်ပါသည်။ ဒီတော့မှ ငိုလိုက်ပြောလိုက်လုပ်နေတဲ့ မြေးရဲ့စကားတွေကို ကြားလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရယ်... ထိပ် ကိုကို့ကို အရမ်းချစ်မိပါပြီရှင်... ကိုကို့နဲ့သာဝေးရရင် ထိပ်သေရပါလိမ့်မယ်ကွယ်... အဟင့်... ဟင့်..."

ဟောတော့...

"ဘွားဘွားကပြောတယ်၊ ထိပ်နဲ့ကိုကို လက်ထပ်ထား တာ စာရွက်ပေါ်မှာပဲတဲ့၊ တကယ့် လင်မယားမဟုတ်လို့ အချိန်မရွေး ပြင်ဆင်လို့ရတယ်တဲ့ ထိပ်နဲ့ကိုကို တကယ့်လင် မယားဖြစ်ခဲ့ပါပြီလို့ ထိပ် ဘယ်လိုပြောပြရမှာလဲ ကိုကိုရယ်"

ဘုရားရေ...

ဒေါ်မေသီက ရင်ဘတ်ကိုဖိရင်း ခြေသံလုံလုံနဲ့ နောက် ကြောင်းပြန်လှည့်ခဲ့ရပါတော့သည်။

'ဒီလိုကိုး' လို့ တစ်ယောက်တည်းပြောရင်း ဒေါ်မေသီ က ပြုံးလိုက်မိသည်။ ဩော်... မြေးလေး မေထိပ်ခေါင်က မောင်အာရုဏ်ကို တကယ်ချစ်နေပြီပဲ။

အင်းလေ... မနက်ဖြန်ခါ ဒေါ်ကြည်ဖြူအတွက် ရက် လည်ဆွမ်းသွပ်တဲ့အလှူကို မြေးလေးကိုပါ ခေါ်သွားလိုက်





ပါတော့မယ်။

တစ်ဦးတည်းသော မြေးလေး စိတ်မချမ်းသာတော့ ဒေါ်မေသီတို့လည်း ဘယ်လိုမှ စိတ်မချမ်းသာပါ။

"ဘွားဘွား အောက်ထပ်မှာ ညွှန့်သည်ရောက်နေပါ တယ်"

"အေး... အေး... လာပြီ၊ လာပြီ"

အိမ်ဖော်မလေး လာပြောတဲ့အတွက် အတွေးပျက်သွား ပြီး ဒေါ်မေသီက အိမ်ပေါ်ထပ်ကနေ ဆင်းလာခဲ့ပါတော့သည်။

ညှို့ခန်းထဲရောက်တော့ ရောက်နေတဲ့ညှို့သည်က မောင်အာရုဏ်နဲ့ သူ့အမေ ဒေါ်ကေကေသာ ဖြစ်နေတာကို တွေ့လိုက်ရပါတော့သည်။

"ဟယ်... ညှို့သည်ဆိုလို့ ဘယ်သူတွေလဲမှတ်တယ်၊ ကေကေတို့ပါလား"

"အန်တီရေ၊ သား မောင်အာရုဏ်ကတော့ စိတ္တဖြောင့် နေပါပြီရှင်၊ သားကပြောတယ်၊ ဘွားဘွားနဲ့ထိပ်က သူ့ကို အထင်လွဲသွားပါပြီ၊ စိတ်ဆိုးနေကြပါပြီ၊ သူ့နဲ့ထိပ်ကို လက်

www.burmeseclassic.com



ထပ်ပေးမှာ မဟုတ်တော့ပါဘူးတဲ့လေ”

ဒေါ်မေသီက ပြုံးပြီးတော့ပဲ နားထောင်နေလိုက်တော့ ကေကေကတောင်းပန်ပြီး ရှင်းပြပါသည်။

“အန်တီတို့ စိတ်ဆိုးသွားတယ်ဆိုရင် ကေတောင်းပန်ပါတယ် အန်တီရယ်၊ တကယ်တော့ ဟိုကလေးမနဲ့ သားနဲ့က ဘာမှမပတ်သက်ပါဘူးရှင်၊ သားကသာ အဲဒီကောင်မလေးကို သဘောကျခဲ့ရင် လွန်ခဲ့တဲ့ငါးနှစ်လောက်ကတည်းက လက်ထပ်ပြီးပြီပေါ့ အန်တီရယ်၊ သားက လုံးဝစိတ်မဝင်စားခဲ့လို့သာ အခုအချိန်မှာ သမီးလေးထိပ်နဲ့ အကြောင်းပါခွင့်ရတာပါ”

ဒေါ်မေသီက ဘာမှဝင်မပြောဘဲ နားထောင်သူ သက်သက်လုပ်နေလိုက်ပါသည်။

“ယောကျ်ားနဲ့ မိန်းမဆိုတာကလဲ အတော်ခက်တာပါ အန်တီရယ်၊ မိန်းကလေးက အတင်းကြီးလိုက်ရောနေတာကို မကြိုက်ဘူးမလုပ်နဲ့လို့ ယောကျ်ားတစ်ယောက်က ပြောလိုက်ရင် အဲဒီမိန်းကလေး အရှက်ရသွားမယ်ဆိုတာ ထည့်စဉ်းစား





ပေးနေရင်းနဲ့ပဲ သားအမြင်မတင့်တယ်တာတွေ ဖြစ်ကုန်ရတာပါ၊ ယောကျ်ားတွေက အားနာတတ်တယ် မဟုတ်လား”

“ဟုတ်ပါတယ်ကွယ်”

“သမီးလေးလဲ စိတ်ဆိုးနေမှာပဲနော်၊ သားက တဖွဖွပြောပြီး စိတ်မကောင်းဖြစ်နေတာပါ”

“ထိပ် အရမ်းစိတ်ဆိုးနေတာ ကေကေရယ်၊ နောက်ထပ်ထပ်ဖြစ်ရင် မကောင်းဘူးပေါ့ကွယ်”

“မဖြစ်စေရပါဘူး အန်တီရယ်၊ အခုဟာက အသုဘမှာဆိုတော့ အခွင့်အရေးရသွားတာပါ၊ ကေ့အနေနဲ့ကလဲ ပြောချပစ်ဖို့ခက်နေရတာကိုး၊ ကောင်မလေးရဲ့အမေနဲ့ ကေနဲ့က ငယ်သူငယ်ချင်းတွေ ဖြစ်နေတာကိုး”

ဒေါ်မေသီက မြေးကလေးရဲ့ စိတ်ထဲက ခံစားမှုကိုလည်း သိနေပါပြီ။ အခုလို မောင်အာရုဏ်တို့က ရှင်းပြတာကိုလည်း ကျေနပ်လက်ခံမိပါပြီ။ စိတ်လည်းမဆိုးတော့ပါ၊ ဒါပေမယ့် ချက်ချင်းကြီးလိုက်လျှော့လို့ အလျှော့ပေးလိုက်တာတော့လည်း မဖြစ်ချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီကွယ်၊ မြေးလေးကို အန်တီပဲ ရှင်းပြ လိုက်ပါ့မယ်"

ဟာ...

ဘွားဘွားက သူ့နဲ့ထိပ်ကို ပေးမတွေ့သေးဘူးပေါ့။

ချစ်ရသူလေးကို တွေ့ချင်စိတ်တွေ ပြင်းထန်ပြီး မျှော် လင့်တကြီးနဲ့ လာခဲ့တာပါ။ အခု ဘွားဘွားက ပေးမတွေ့ ဘူးဆိုတော့ အာရုဏ်က အရုပ်ကြိုးပြတ် ဖြစ်ချင်သွားရပါ တော့သည်။

ဒါပေမယ့် သူကအပြစ်ရှိသူမို့ ဘာမှလည်းဝင်ပြီး ဓ တောင်းဆိုရဲပါ။

"မနက်ဖြန်ခါ တရားနာကြွခဲ့ပါနော် အန်တီ"

"အို... လာခဲ့မှာပေါ့ ကေကေရယ်၊ ပြောနေစရာတောင် မလိုပါဘူးကွယ်၊ အဟင်း... ဟင်း..."

"ဒါနဲ့ သမီးရော အန်တီ"

"ခေါင်းကိုက်လို့ဆိုပြီး စောစောစီးစီး အိပ်ရာဝင်သွား တယ် ကေကေရေ၊ အန့်တီတို့မှာက ဒီမြေးလေးတစ်ယော





တည်းရှိတာဆိုတော့ အစစအရာရာ စိတ်မချနိုင်အောင်ပါပဲ ကွယ်"

"ကေ့သားအတွက်တော့ အာမခံပါတယ် အန်တီရယ်၊ သားက တကယ် စိတ်သဘောထားပြည့်ဝတဲ့ ကလေးပါ၊ ပြီးတော့ သမီးလေးကိုလဲ အရမ်းပဲ မြတ်နိုးတန်ဖိုးထားရှာတာ ပါပဲရှင်"

"အဟင်း... ဟင်း... ကေကေကတော့ စကားပြောအ ရမ်းကောင်းတာပဲကွယ်"

မေမေ့က သူ့နဲ့ထိပ် တွေ့ခွင့်ရအောင် လမ်းခင်းပေး နေပေမယ့် ဘွားဘွားကလည်း ၊ မေမေခင်းပေးတဲ့လမ်းထဲ ဝင်လျှောက်မလာပါ။

"သားက သမီးလေးကို အရမ်းတွေ့ချင်နေတာ အန်တီ ရေ"

"အေးကွယ်၊ မြေးလေးက အိပ်နေပြီဆိုတော့ မနှိုးပေး ချင်ပါဘူး၊ နှိုးလိုက်ရင် နေမကောင်းဖြစ်တတ်လို့ကွယ်၊ အဟင်း... ဟင်း... မနက်ဖြန်ခါ ဆွမ်းကျွေးကိုရအောင် ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပေးပါ့မယ်"

ဘာမှမတတ်နိုင်တော့ပါ။

ဘွားဘွားပြောတာ စကားကုန်နေပါပြီ၊ သူ့နဲ့မေမေ ပြန်ဖို့ပဲ ရှိပါတော့သည်။

"ကေတို့ပြန်ဦးမယ်နော် အန်တီ"

"ကောင်းပါပြီကွယ်"

"ဘွားဘွား ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေးကွယ် အေး... အေး..."

ဧည့်ခန်းထဲက စကားသံတွေအားလုံးကို ထိပ်ကခိုးပြီး နားထောင်နေတာပါ။

ဘွားဘွားက ထိပ်နဲ့ကိုကို့ကို ပေးမတွေ့တဲ့အတွက် ထိပ်မှာ ဝမ်းနည်းပူဆွေးရပါတော့သည်။

ပြီးတော့ ထိပ်ဝရန်တာဆီ ပြန်ပြေးလို့ ကိုကို့အရိပ်ကို ငေးကြည့်ဖို့ပဲ ဟန်ပြင်ရပါတော့သည်။

ဘွားဘွားရယ်

ထိပ်နဲ့ ကိုကို့ကို တကယ်ပဲ ခွဲပစ်တော့မှာလားရှင်





ဝမ်းနည်းပူဆွေးလွန်းလို့ ထိပ်ရဲ့ခန္ဓာကိုယ်လေးက တဆတ်ဆတ် တုန်ယင်နေပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၈)

"ကျွန်တော် ကျွန်တော် ထိပ်နဲ့အရမ်းတွေ့ချင်တယ် မေမေ"

ကားပေါ်ရောက်တာနဲ့ သူက ပြောလိုက်တာပါ။

သူက အလွယ်တကူ လက်မလျှော့ချင်တာမို့ အစ[illegible] ထုတ်လိုက်သည်။

အချိန်ကညရှစ်နာရီမို့ မှောင်နေပါပြီ။ ထိပ်တို့ခြံဝင် ထဲမှာ အလင်းက ကွက်တိကွက်ကျားပါ။ သူက ချက်ချင်း[illegible] အကြံရလိုက်တာမို့ မေမေ့ကို ကားမောင်းခိုင်းလိုက်တော့ တာ။





"မေမေ ကားမောင်းတော့နော်"

"အေး... အေး..."

မေမေက ဘာမှမမေးဘဲ အလွယ်တကူ လက်ခံပါ သည်။

ကားမောင်းထွက်လာတော့မှ သူက မေမေ့ကို ပြော လိုက်သည်။

"အမှောင်များတဲ့ နေရာရောက်ရင် ကားကိုဖြည်းဖြည်း မောင်းပေးနော် မေမေ၊ ကျွန်တော် ဆင်းနေခဲ့မယ်"

"ဟင်"

မေမေက ထိတ်လန့်သွားတဲ့ပုံပါ။

"ဘာ... ဘာလုပ်မလို့လဲ သားရယ်"

"ကျွန်တော်ထိပ်နဲ့ ရအောင်တွေ့မယ် မေမေ၊ လျှော့ လျှော့ မေမေ"

ကားအရှိန်ကို လျှော့လိုက်တာနဲ့ အာရုဏ်က ကားပေါ် က အသာဆင်းနေခဲ့လိုက်ပါတော့သည်။

ဒါကို အိမ်ပေါ်ထပ် ဝရန်တာကနေ ရပ်ကြည့်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ထိပ်က အသေအချာ မြင်တွေ့လိုက်ရပါသည်။

"အို..."

ဝမ်းသာလွန်းလို့ ထိပ်က ထခုန်မိတော့မလိုတောင် ဖြစ်သွားရတော့တာ။

အို... ကိုကိုက ကားပေါ်ဆင်းနေခဲ့တာပဲ၊ ဒါ... ဒါ ထိပ်နဲ့ အရမ်းတွေ့ချင်နေလို့လုပ်တာပေါ့။

ကိုကိုရေ... ထိပ်လည်း ကိုကို့ကို အရမ်းတွေ့ချင်ပါ တယ်ရှင်...

ထိပ်က ဘာလုပ်ရမှန်းမသိဘဲ ယောက်ယက်ခတ်နေမိ တော့တာ။

ထိပ်ရပ်နေတာကို ကိုကိုမြင်အောင်လို့ ဝရန်တာမီးဖွင့် ရကောင်းမလား... မီးဖွင့်လိုက်လို့ ခြံထဲမှာ လင်းထိန်သွားပြန် လျှင်လည်းပဲ ဘွားဘွားတို့ ကိုကို့ကို တွေ့သွားနိုင်ပါသည်။

ထိပ်ခြံထဲကို ဆင်းသွားလိုက်ရမလား... ဒါမှမဟုတ် ကိုကို့ကို ထိပ်ဆီခေါ်လိုက်ရတော့မလား...

ထိပ်က ဝရန်တာကနေ ခြံထဲကို စူးစူးစိုက်စိုက်ကြည့်





ပြီး ကိုကိုရှိတဲ့နေရာကို ရှာဖွေမိပါတော့သည်။

ပန်းပင်တွေရယ်...

အမှောင်ရိပ်ရယ်ကြောင့် ဘာကိုမှ သေသေချာချာ မမြင်ရပါ။

'ကိုကိုရေ' လို့ပဲ အော်ခေါ်မိပါတော့တယ်ကွယ်။

ထိပ်က ကိုကို့ကို ရှာနေတုန်းမှာပဲ အိမ်ဖော်ကောင်မ လေးက အပြေးအလွှား ရောက်လာပါတော့သည်။

"မမထိပ် မမထိပ်"

"အမယ်လေး... လန့်လိုက်တာဟယ်"

"ဟို... ဟို... မီးဖိုခန်းထဲမှာ ဦး... ဦးအာရဏ်ရောက် နေတယ်၊ မမထိပ်ဆီလာချင်လို့တဲ့ အဲဒါ ခေါ်လာပေးရမလား၊ ဘွားဘွားနဲ့ သွားတိုင်ပြောလိုက်ရမလား"

"အမယ်လေး... ဘွားဘွားရော ဘွားဘွား ဘယ်မှာလဲ"

"TV ကြည့်နေကယ် မမထိပ်"

"ဘိုးဘိုးရော ပြန်လာပြီလား"

"မလာသေးဘူး မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဦးအာရုဏ်ကို ငါ့ဆီမြန်မြန်ခေါ်ခဲ့၊ ဘွားဘွား လုံးဝမသိစေနဲ့နော်"

"ဟုတ်... ဟုတ်ကဲ့"

ကောင်မလေး ထွက်သွားတော့ ထိပ်ရဲ့ရင်ခုန်သံတွေက မြန်ဆန် ကျယ်လောင်နေပါတော့သည်။

ဘွားဘွားသိသွားရင် စိတ်ဆိုးတော့မှာပဲလို့ တွေးမိပေမယ့် ထိပ်က ဘာကိုမှမကြောက်တော့ပါ။ အချစ်စိတ်က ထိပ်ကို သတ္တိရှိစေခဲ့ပါပြီ။

ကိုကို့ကိုလည်း ထိပ်စိတ်မဆိုးတော့ပါ။ အချစ်စိတ်က ခွင့်လွှတ်ခြင်းတွေကို မွေးဖွားပေးစေခဲ့ပါပြီ။

ထိပ်က ရင်ခုန်ကလေး တခုန်ခုန်နဲ့ အခန်းဝကနေ စောင့်နေမိတော့တာ၊ မကြာခင်မှာပဲ ကိုကိုရောက်လာပါတော့သည်။

ထိပ်က ကိုကို့ကိုအခန်းထဲ အမြန်ဆွဲသွင်းပြီး အခန်းတံခါးကို အမြန်ပြန်ပိတ်လိုက်ရပါတော့သည်။

"အချစ်ရယ်... ကလေးရယ်... လွမ်းလိုက်တာဗျာ"





"အို..."

ထိပ်ကိုတွေ့တာနဲ့ ကိုကိုက ရင်ခွင်ထဲဆွဲသွင်း ဖွေ့ဖက်ပြီး မွှတ်သိပ်တဲ့အနမ်းတွေနဲ့ အဆက်မပြတ် နမ်းနေပါတော့သည်။

အသက်မဝတော့အောင် ဖြစ်နေရပေမယ့် ထိပ်က ရုန်းဖယ်ပစ်ဖို့တော့ စိတ်ကူးမရှိပါ။

"ကိုကို့ကို စိတ်အရမ်းဆိုးနေလားဗျာ၊ ပြောပါဦး အချစ်ရယ်"

"စိတ်ဆိုးတာတော့ မဟုတ်ပါဘူး ကိုကိုရယ်၊ စိတ်မကောင်းဖြစ်ရတာပါ"

"အထင်မလွဲပါနဲ့ အချစ်ရယ်၊ အဲဒီကောင်မလေးနဲ့ ကိုကိုက ဘာမှမဆိုင်ပါဘူးဗျာ"

"ဒါဆို ကိုကို့အခန်းထဲအထိ သူက ဘာလာလုပ်ရတာလဲ"

"ကိုကိုက စိတ်ခါတ်နိုင်မာတဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ ကလေးရယ်၊ ပြီးတော့ ကိုယ့်မယားအပေါ်မှာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့ သစ္စာမဖောက်ဖျက်ပါဘူးဗျာ"

"ဟင်... ဘယ်မှာလဲ ကိုကို့မယားဆိုတာ"

"ဟော့ဒီမှာလေဗျာ"

"မဟုတ်ပါဘူးနော်"

"ဟုတ်ပါတယ်ဗျာ"

"မဟုတ်ပါဘူးလို့ဆိုနေ"

"မေ့သွားပြီပေါ့လေ"

"ဟင်... ဘာကိုလဲ"

"ချစ်ခဲ့တာကိုပေါ့"

"ဟာ... ဘာတွေပြောနေတာလဲ၊ ဘယ်တုန်းက ချ

ခဲ့လို့လဲ"

"ဒါဆို မေ့သွားတာပဲနော်၊ ကဲ... သတိပြန်ရအော

လုပ်ပေးရမယ်ဗျာ"

ပြောပြောဆိုဆိုပဲ ကိုကိုက ထိပ်ရဲ့လုပကြော့ရှင်း

ခန္ဓာကိုယ်လေးကို ဆတ်ခနဲ ပွေ့မြှောက်ချီလိုက်တော့တာ

"အို..."





ထိပ်က အလန့်တကြားလေး ရုန်းပေမယ့် ကိုကိုက လွှတ်မပေးဘဲ ခြေလှမ်းကျဲကြီးတွေနဲ့ ထိပ်ကို သယ်ဆောင်သွားပါတော့သည်။

ရင်ခုန်သံတွေ ကျယ်လောင်မြန်ဆန်ပြီး ထိပ်က ကိုကို့ ရင်ခွင်ကျယ်ကြီးမှာ ပါးလေးအပ်လို့ မျက်လုံးလေး မှေးမှိတ်ထားလိုက်မိတော့တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

"ဟဲ့... ဘာဖြစ်နေတာတုံး"

လှေကားရင်းမှာ မျက်လုံးစုံမှိတ် လက်အုပ်ချီပြီး ပါးစပ်ကလည်း ပွစိပွစိနဲ့ တဆတ်ဆတ်တုန်နေတဲ့ အိမ်ဖော်မလေးကိုတွေ့ရတာမို့ ဒေါ်မေသီက မေးလိုက်တာပါ။

"အား... အမယ်လေး"

ကောင်မလေးကကြောက်လန့်ပြီး တဆတ်ဆတ်တုန်နေတာမို့ ဒေါ်မေသီက မေးရတော့သည်။

"ဘာဖြစ်လို့ ဒီလောက်တောင် ကြောက်လန့်နေရတာ





လဲ၊ ဘာကိုကြောက်နေတာလဲ"

"ဘာ... ဘာမှမဟုတ်ပါဘူး ဘွားဘွား"

"မညာနဲ့နော် ဝေဝေ"

"ဟုတ်... ဟုတ်ကဲ့"

"ကဲ... ပြောစမ်း၊ ဘာကိုကြောက်နေတာလဲ"

"ဟို... ဟို..."

ဒေါ်မေသီက အသည်းယားလာမိပါတော့သည်။

"ကဲ... မပြောရင်တော့ ငါရိုက်တော့မယ်နော်"

"ပြော... ပြောပါ့မယ်၊ ဟို... ဟိုလေ ဦး... ဦးအာရုဏ်ပေါ့"

"ဟင်... မောင်အာရုဏ် ဘာဖြစ်လို့လဲ"

"မမ... မမထိပ်ရဲ့အခန်း... အခန်းထဲကို ရောက်... ရောက်နေပါတယ် ဘွားဘွား"

"ဟဲ့..."

ဒေါ်မေသီက ဘာပြောရမှန်းမသိဘဲ ဖြစ်သွားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ… ကျွန်မ သွားပို့ပေးပေမယ့် မမထိပ်က ခေါ်လာပေးပါဆို့လိုပါ ဘွားဘွားရယ်"

"ရပြီ… ရပြီ၊ သွား… ညည်းသွားအိပ်တော့"

"ဟုတ်ကဲ့ ဘွားဘွား"

ကောင်မလေးက လှစ်ခနဲနေအောင် ပြေးထွက်သွားပါတော့သည်။

တကယ်တော့ ဒေါ်မေသီက မြေးလေးဆီသွားမလို့ပါ။ ဒါကြောင့်ပဲ အိမ်ပေါ်ထပ်ကိုတက်ဖို့ ဟန်ပြင်မိတာဖြစ်သည်။

အခုတော့ လှေကားပေါ်မတက်တော့ဘဲ ဘွားဘွားဒေါ်မေသီက ကိုယ့်အခန်းဆီပဲ ကိုယ်ပြန်လာခဲ့လိုက်ပါတော့သည်။

ကြည့်စမ်းပါဦး လျင်လိုက်တဲ့ ကလေးတွေ…

ခပ်တည်တည်နဲ့ နှုတ်ဆက်ထွက်သွားပြီး ခြံထဲရောက်မှ ကားပေါ်ကဆင်းနေခဲ့တာဖြစ်မှာ…

ဒေါ်မေသီက အနှောင့်အယှက်မပေးတော့ဘဲ မသိချင်ယောင်ဆောင်နေဖို့ပဲ ဆုံးဖြတ်လိုက်ပါတော့သည်။





သွားစောင့်ဖမ်းရအောင် မြေးလေးထိပ်နဲ့ မောင်အာရက်က သမီးရည်းစားတွေမှ မဟုတ်တော့ဟာ။ အကြင်လင်မယားတွေလေ…

လွတ်လွတ်လပ်လပ် ချစ်ကြပါစေတော့ကွယ်…

ထိုအချိန်တွင် ချစ်သူနှစ်ဦးကတော့ တိတ်တိတ်လေး ခိုးတွေ့ပြီး ချစ်မဝနိုင်အောင် ဖြစ်နေကြတော့တာ။

"အချစ်ရယ် နောက်ထပ်ငါးရက်လောက်သာ ထပ်ပြီး ခွဲနေရရင် ကိုကို့သေရတော့မှာပါဗျာ"

"ထိပ်လဲ ကိုကို့လိုပါပဲကွယ်၊ ဒီအိမ်ကို ပြန်ရောက်လာတဲ့နေ့ကစပြီး မပျော်နိုင်တာပါ။ ချစ်သူရှိတဲ့အိမ် ချစ်သူရဲ့အိမ်ကိုပဲ တမ်းတလွမ်းမောနေမိတာပါရှင်"

"တကယ်ပဲလား အချစ်ရယ်"

"တကယ်ပေါ့၊ လူသားတိုင်းအတွက် နွေးထွေးလုံခြုံတဲ့နေရာဟာ အိမ်ပါ၊ အိမ်တွေထဲမှာ လိုချင်တောင့်တစရာအကောင်းဆုံးကတော့ ချစ်သူရှိနေတဲ့အိမ်၊ ချစ်သူရဲ့အိမ်ပဲပေါ့ ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတတ်လိုက်တာဗျာ"

စကားတတ်လွန်းတဲ့ ချစ်သူလေးကို သူက အနမ်းဆုတွေ ပေးနေမိတော့တာ။

ချစ်ရသူလေးကပဲ သူ့ကို ပြန်နမ်းပါသည်။ သူ ကနမ်းလိုက်… ချစ်သူ လေးက နမ်းလိုက်နဲ့ အနမ်းတွေက အဆုံးမရှိတဲ့ စက်ဝိုင်းတစ်ခုလို ဖြစ်သွားရပါတော့သည်။

"အချစ်ရယ် မနက်ဖြန်ခါ မိုးလင်းရင် ချစ်နဲ့ကိုကို အတူတူ အိမ်ပြန်ကြမယ်နော်"

"ဟင်… ကိုကိုက ဒီညမပြန်တော့ဘူးလား"

ထိပ်က မျက်လုံးပြူးလေးနဲ့ မေးမိတာပါ။

"မပြန်တော့ဘူးဗျာ၊ ကိုယ့်ဇနီးချောလေးရဲ့ အနားမှာပဲ ကိုယ်အိပ်တော့မယ်"

"သွား… ဘာမှန်းလဲမသိဘူး"

ထိပ်ရဲ့မျက်စောင်းလေးကို လမ်းတစ်ဝက်မှာပဲ ကိုကိုက အနမ်းနဲ့ ခံလိုက်တာမို့ ရပ်တန့်သွားရတော့တာ။





အဲဒီနောက်မှာတော့ ရင်ခုန်ဖွယ်၊ ယစ်မူးဖွယ် အချစ်တွေထဲမှာ ထိပ်က မျောပါသွားရပါတော့သည်။

ချစ်သူနှစ်ဦးရဲ့ အနာဂတ်က ရွှေရောင်တောက်ပနေပါတော့သည်။

ချစ်သူ တိုင်းပျော်ရွှင်ပါစေ။

ပြီးပါပြီ။

မေပုလဲဦး

www.burmeseclassic.com